# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဝါခေါင်လပြည့် ၊ ကြာသပတေးနေ့ ၊ (31-8-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၂၃)


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၄/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

# ပြည်သူတစ်ဦးချင်း၏ လူမှုစီးပွားဘဝတိုးတက်အောင် ရည်မှန်းချက်ထားဆောင်ရွက်ခြင်းဖြင့် နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၃၀**

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၄/၂၀၂၃)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**နိုင်ငံသားများ၏ အခြေခံလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် **စာမျက်နှာ ၁၆ ကော်လံ ၁** ☞




ရတနာပုံ
၂၀၂၃ ခုနှစ် ဩဂုတ် ၁၁ ရက်
အယ်ဒီတာ့အာဘော်

# ဝါခေါင်လမြှတ် မေတ္တာဆက်

ဝါခေါင်လသည် ဝါတွင်းကာလ၏ အလယ်ကာလ လတစ်လဖြစ်ပြီး ရဟန်းတော်တို့ ဝါဆို၊ ဝါကပ်ဆဲကာလတစ်ခုပင်ဖြစ်သည်။ ဝါခေါင်လတွင် ဗုဒ္ဓဘာသာဝင်များသည် ဝါတွင်းကာလအလျောက် ဥပုသ်နေ့ရောက်တိုင်း ဘုရားကျောင်းကန်များ၌ သီတင်းသီလခံယူဆောက်တည်ကြခြင်း၊ ဆွမ်း၊ ကွမ်း အစရှိသည့်လှူဖွယ်များစွာ လှူဒါန်းကြခြင်း၊ တရားဘာဝနာများ ပွားများနာယူကြခြင်း စသည့် ကုသိုလ်ကောင်းမှုများစွာ ပြုလေ့ရှိသည်။

ဝါခေါင်လ၏ မွန်မြတ်လှသော နေ့ထူးနေ့မြတ်မှာ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ဖြစ်သည်။ မေတ္တာအခါတော်နေ့မှာ သုံးလောကထွဋ်ထား ဘုရားရှင်သက်တော်ထင်ရှားရှိတော်မူစဉ်က စတင်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ မြတ်စွာဘုရားဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးတော်မူစဉ် ရဟန်းအပါးငါးရာတို့သည် ဘုရားရှင်ထံမှ ပဋ္ဌာန်းတရားနာယူပြီး ဆက်လက်တရားအားထုတ်နိုင်ရန် တောတွင်းမှ သစ်ပင်တစ်ပင်စီ၏ခြေရင်းတွင် ကမ္မဋ္ဌာန်းတရားများ ဆက်လက်အားထုတ်ကြသည်။ ရဟန်းတော်တို့၏ သီလအစွမ်းကြောင့် တောအတွင်းရှိ ရုက္ခစိုးများသည် သစ်ပင်ပေါ်တွင်မနေနိုင်ကြဘဲ မြေသို့ဆင်းသက်၍ ခက်ခဲဆင်းရဲစွာနေကြရသည်။ ရက်အတန်ကြာလာသောအခါ ရုက္ခစိုးတို့ ဆက်လက်သည်းမခံနိုင်ကြတော့သဖြင့် ကြောက်မက်ဖွယ်အဆင်း၊ အသံ၊ ဆိုးရွားသောအနံ့တို့ဖြင့် အမျိုးမျိုးခြောက်လှန့်ကြရာ ရဟန်းအပါးငါးရာသည် ကောင်းစွာတရားအားထုတ်နိုင်ခြင်းမရှိတော့သဖြင့် မြတ်စွာဘုရားရှင်ထံ ပြန်လည်၍အကြောင်းစုံလျှောက်ထားကြသည်။

မြတ်စွာဘုရားရှင်က ထိုရဟန်းများအတွက် သင့်လျော်မည့်အရပ်ကို ကြည့်တော်မူရာ အခြားနေရာမြင်တော်မမူသဖြင့် ဝါခေါင်လပြည့်နေ့တွင် ယခင်တရားအားထုတ်ခဲ့သည့်အရပ်ကိုသာ ပြန်လည်သွားရောက်၍ မေတ္တာသုတ်ကို ရွတ်ပွားစေပါသည်။ မေတ္တာသုတ်တရားတော်၏ တန်ခိုးအာနုဘော်တို့ကြောင့် ရုက္ခစိုးနတ်တို့သည် ရဟန်းအပါးငါးရာတို့ကို ချစ်ခင်မြတ်နိုးတန်ဖိုးထားပြီး ဝါတွင်းကာလတစ်လျှောက် ဝေယျာဝစ္စများပြုလုပ်ကုသိုလ်ယူကြသည်။ အန္တရာယ်အပေါင်းမှ စောင့်ရှောက်ပေးကြသည်။ ထိုအခါ ရဟန်းတော်များသည် အေးငြိမ်းချမ်းသာစွာ တရားအားထုတ်တော်မူနိုင်သဖြင့် ရဟန်းကိစ္စပြီးပြည့်စုံကာ ရဟန္တာအရှင်မြတ်များဖြစ်တော်မူခဲ့ပါသည်။ ဤဖြစ်စဉ်ကိုအကြောင်းပြု၍ ဝါခေါင်လပြည့်ကို မေတ္တာအခါတော်နေ့ဟူ၍ သတ်မှတ်ခေါ်ဆိုကြခြင်းပင်ဖြစ်သည်။

ထို့ကြောင့် ၃၁ဘုံသား လူ၊ နတ်၊ ဗြဟ္မာသတ္တဝါများသည် တစ်ဦးနှင့်တစ်ဦး မေတ္တာဆက်တော့ အသက်ရှည်ဆိုစကားအတိုင်း တစ်ဦးနှင့်တစ်ဦး မေတ္တာပွားများကြပါက အပြစ်မမြင်ကြတော့ဘဲ ချစ်ခင်နှစ်သက်ကျေနပ်ကြမည်ဖြစ်ပါသည်။ မေတ္တာဓာတ်သည် အေးမြခြင်းကိုဖြစ်စေသဖြင့် မေတ္တာလွှမ်းနေသမျှ ကာလပတ်လုံးပူပင်မှုဘေးအပေါင်းမှ ကင်းဝေးမည်သာဖြစ်ပါသည်။ ကမ္ဘာလောကကြီးတစ်ခုလုံး အေးငြိမ်းချမ်းသာခြင်းဖြစ်စေရန်အတွက် မေတ္တာဓာတ်များဖုံးလွှမ်းနိုင်သမျှ ဖုံးလွှမ်းအောင် အပူအလောင်ဒေါသတရားများကို မေတ္တာရေစင်ဖြင့် ဖျန်းပက်ငြိမ်းသတ်ကြရမည်ဖြစ်ပါသည်။

မေတ္တာဖျန်းနိုင်လေလေ လောကကြီးတစ်ခွင်အေးမြလန်းဆန်းနိုင်လေလေဖြစ်ပါသည်။ ကမ္ဘာလောကတစ်ခွင်လုံး အေးချမ်းသာယာရှိစေပြီး တစ်ဦးနှင့်တစ်ဦး အကျိုးလိုလားချစ်ခင်မှုများ ပြည့်ဝေလျှံစေရန်အတွက် ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့မြတ်ကစ၍ တစ်ဦးအပေါ်တစ်ဦး မေတ္တာပွားခြင်း၊ မေတ္တာဘာဝနာတရားများကျင့်သုံးခြင်းတို့ကို သက်ဆုံးတိုင် ခိုင်ခိုင်မြဲမြဲဆောင်ရွက်ကြလျက် ကောင်းကျိုးလိုရာဆန္ဒများပြည့်ဝကြပါစေကြောင်း မေတ္တာရှေ့ရှု၍ ရေးသားတင်ပြလိုက်ရပါသည်။

# အမရပူရမြို့နယ် အိုးထုတ္တန်းအနီး ဒုဋ္ဌဝတီမြစ်အတွင်း နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ခြောက်သိန်း မျိုးစိုက်ထည့်




**မန္တလေး ဩဂုတ် ၁၀**

ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းနိုင်စေရန်အတွက် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အိုးထုတ္တန်းအနီး ဒုဋ္ဌဝတီမြစ်အတွင်း နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ခြောက်သိန်းကို ယနေ့နံနက်ပိုင်းက မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သရက်ကုန်းငါးလုပ်ငန်းစခန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းကို သရက်ကုန်း ငါးလုပ်ငန်းစခန်းနှင့် နတ်ရေကန် ငါးလုပ်ငန်းစခန်းတို့ ပူးပေါင်းပြီး နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ခြောက်သိန်းကို ဒုဋ္ဌဝတီမြစ်အတွင်း ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြောင်း၊ စိုက်ထည့်ပေးခဲ့သည့် ငါးမျိုးများသည် ငါးမြစ်ချင်းနှင့် ငါးခုံးမကြီးငါးသားပေါက်တို့ဖြစ်ကြောင်း၊ ထိုသို့ စိုက်ထည့်နိုင်ခြင်းကြောင့် ငါးမျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့ပြန့်ပွားစေမည်ဖြစ်ကြောင်း သိရသည်။

“တိုင်းဒေသကြီးအတွင်း ငါးလုပ်ငန်းစခန်း နှစ်ခုကနေ နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ခြောက်သိန်းကို ဒုဋ္ဌဝတီမြစ်အတွင်း မျိုးစိုက်ထည့်ပေးခဲ့ပါတယ်။ ငါးအမျိုးအစားနှစ်မျိုးကို စိုက်ထည့်ပေးတာပါ။ သရက်ကုန်းငါးလုပ်ငန်းစခန်းက ငါးသားပေါက်သုံးသိန်း၊ နတ်ရေကန်ငါးလုပ်ငန်းစခန်းက ငါးသားပေါက် သုံးသိန်းကို ငါးမျိုးတွေ စိုက်ထည့်ပေးခဲ့ပါတယ်။ နှစ်စဉ် ငါးလုပ်ငန်းစခန်းအလိုက် ခွဲတမ်းကျ ငါးမျိုးတွေစိုက်ထည့်ပေးတာပါ။ ငါးမျိုးတွေစိုက်ထည့်ပေးတာကြောင့် ငါးသယံဇာတတွေစဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းနိုင်စေပြီး ပေါများလာမှာပါ။ ဒေသခံပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းနဲ့ ဝင်ငွေရရှိစေမှာပါ”ဟု ဦးထွန်းနောင်ဝင်းက ပြောပြသည်။

တိုင်းဒေသကြီးအတွင်း ငါးလုပ်ငန်းစခန်းနှစ်ခုက နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ခြောက်သိန်းကို ဒုဋ္ဌဝတီမြစ်အတွင်းသို့ ငါးအမျိုးအစားနှစ်မျိုး စိုက်ထည့်ပေးခဲ့ကြောင်း၊ စိုက်ထည့်ပေးရာတွင် သရက်ကုန်း ငါးလုပ်ငန်းစခန်းက ငါးမြစ်ချင်း ငါးသားပေါက် ကောင်ရေ သုံးသိန်း၊ နတ်ရေကန်ငါးလုပ်ငန်းစခန်းက ငါးမြစ်ချင်းငါးသားပေါက် ကောင်ရေ နှစ်သိန်းနှင့် ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ တစ်သိန်း၊ စုစုပေါင်း ငါးသားပေါက် ခြောက်သိန်း မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ (၁၈၅)

# ရောဝတီမြစ်အတွင်း တတိယမြစ်ကျဉ်းတွင် ရေဝဲများဖြစ်ပေါ်နေသဖြင့် သင်္ဘောများသတိပြုသွားလာရန်လို

**မန္တလေး ဩဂုတ် ၁၀**

ဧရာဝတီမြစ်အတွင်း တတိယမြစ်ကျဉ်းတွင် ရေဝဲများဖြစ်ပေါ်နေသဖြင့် သင်္ဘောများသတိပြုသွားလာရန်လိုကြောင်း ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ယခုအခါ ဧရာဝတီမြစ်အတွင်း ရေများချိန်ကာလဖြစ်သည့်အတွက် မန္တလေးဆိပ်ကမ်းများမှ ခရီးသည်တင်သင်္ဘောများအပါအဝင် ကုန်တင်သင်္ဘောများအနေဖြင့် မန္တလေးမှ ဗန်းမော်ဘက်သို့ သွားလာရာတွင် တတိယမြစ်ကျဉ်းဖြစ်သည့် သပိတ်ကျင်းမြို့နယ်၌ ရေဝဲများဖြစ်ပေါ်နေသဖြင့် သင်္ဘောများအထူး သတိပြုသွားလာရန်လိုအပ်ကြောင်း သိရသည်။

“ဧရာဝတီမြစ်ရေများချိန်ကာလဖြစ်တာကြောင့် တတိယမြစ်ကျဉ်းမှာ ရေဝဲတွေဖြစ်ပေါ်နေတယ်။ ဒီရေဝဲနေရာမှာ သင်္ဘောတွေဝင်မိရင် တော်တော်လေးအန္တရာယ်များပါတယ်။ ရေဝဲက အရွယ်အစားကြီးရင် သင်္ဘောတွေပါနစ်မြုပ်သွားနိုင်လို့ သင်္ဘောတွေအားလုံး ဂရုစိုက်သွားလာကြဖို့လိုပါတယ်”ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မန္တလေးဆိပ်ကမ်းများမှ ဗန်းမော်ဘက်သို့ သွားလာကြသည့် သင်္ဘောများအနေဖြင့် အန္တရာယ်တစ်စုံတစ်ရာမရှိစေရေး လမ်းညွှန်ပြသပေးထားသည့် ရေလမ်းညွှန်အမှတ်အသားများကို ဂရုပြုသွားလာကြရန် လိုအပ်ကြောင်း သိရသည်။

“ရေများတဲ့ကာလမှာ ရေလမ်းကြောင်းတွေအတွင်း ရေစီးသန်တာနဲ့ ဝဲလှည့်တာတွေဖြစ်ပေါ်နိုင်ပါတယ်။ ဒါကြောင့် ရေအနက်မလုံလောက်တဲ့ဖြတ်လမ်းတွေကို အသုံးပြုခုတ်မောင်းတာတွေ မပြုလုပ်ကြဖို့လိုပါတယ်။ ပြီးတော့ မိမိတို့ရေယာဉ်ရဲ့စက်အားနဲ့ ရေစီးနှုန်းကို ချင့်ချိန်ပြီး သတ်မှတ်ရေလမ်းအတိုင်း သတိပြုခုတ်မောင်းကြဖို့လိုပါတယ်”ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေးဈေးကွက်တွင် ကုလားပဲ(929)အရောင်းအဝယ်ကောင်းပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၃၀၀၀ ထိ ပေါက်ဈေးရှိလာ

**မန္တလေး ဩဂုတ် ၁၀**

မန္တလေးဈေးကွက်တွင် ကုလားပဲ (929)အရောင်းအဝယ်ကောင်းပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၃၀၀၀ ထိ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူမှုအများဆုံးနှင့် အရောင်းအဝယ်အကောင်းဆုံး ကုလားပဲအမျိုးအစားများထဲတွင် ကုလားပဲ (929)မှာ အရောင်းအဝယ်ကောင်းမွန်သည့်အမျိုးအစားတစ်ခုဖြစ်ကြောင်း၊ ယခုလက်ရှိ မန္တလေးဈေးကွက်အတွင်း၌ ကုလားပဲ (929) ကို ကုန်သည်များဝယ်ယူမှုများပြားလာပြီး ဈေးကောင်းရရှိနေကြောင်း သိရသည်။

“မန္တလေးဈေးကွက်ထဲ အခုတစ်လော ကုလားပဲ(929)တွေကို ကုန်သည်တွေအကြိုက်တွေ့နေကြပြီး အဝယ်လိုက်နေတယ်။ အရင်က ကုလားပဲ (929) အရောင်းအဝယ်အေးနေပြီး အခု ဈေးကွက်ထဲမှာ အရောင်းအဝယ်တော်တော်လေး ကောင်းမွန်လာပါတယ်”ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဩဂုတ်လဒုတိယပတ်က ကုလားပဲ (929)ဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ဩဂုတ် ၂၉ ရက်က ကုလားပဲ(929) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၃၀၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

“ကုလားပဲ (929)တွေ အဝယ်လိုက်နေတာကြောင့် မန္တလေးဈေးကွက်ထဲကုန်ကြမ်းရှားပါးလာတယ်။ ကုန်စည်လက်ကျန် ပြတ်တောက်သွားတာမျိုးတော့မရှိပါဘူး။နောက်ပိုင်းကုလားပဲ(929)တွေ ဒီထက်ပိုပြီး ဈေးကောင်းရလာနိုင်ပါတယ်”ဟု ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# နတ်မောက်မြို့နယ် ပ/ကျားထူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နတ်မောက် ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ရေငံကျေးရွာအုပ်စု ပ/ကျားထူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယနေ့ နံနက် ၈ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်နှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းများက ပ/ကျားထူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် လအလိုက်ငွေစာရင်းဖြည့်သွင်းထားရှိမှု ရှိ၊ မရှိ၊ စာရင်းဇယားထိန်းသိမ်းမှု ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နတ်မောက်မြို့နယ် ပ/ကျားထူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပ/ကျားထူးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၂၀ ကို ငွေကျပ် ၄၁ ဒသမ ၉၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ်သုည ဒသမ ၉ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၉၂ ဦးကို ငွေကျပ် ၂၆ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၁၅ ဦးကို ငွေကျပ် ၆၉ ဒသမ ၂၅သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်က ပြောပြ၍ သိရသည်။

**သုသု**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဒေါ်သီသီအောင်က မိဘများဖြစ်သော ဒေါက်တာမောင်မောင်အောင်–ဒေါ်လီလီအောင်တို့အားရည်စူး၍ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာဦးတင်ဝင်း၊ ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ဧက ၆၇၀၀ စိုက်ပျိုးပြီးစီး




**ကျုံပျော် ဩဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ဧက ၆၇၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျောဧက ၆၇၀၀ ကို ယခုနှစ် မေလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးပြီးဖြစ်သည့် ငှက်ပျောများ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်မှာ ငှက်ပျောသီးနှံကို ဒေသခံတောင်သူတွေက ခြံစိုက်ကွက်အနေနဲ့ကော သီးသန့်စိုက်ကွက်အနေနဲ့ပါ စိုက်ပျိုးကြပါတယ်။ စိုက်ပျိုးထားတဲ့ ငှက်ပျောအမျိုးအစားတွေကတော့ စုံပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက ငှက်ပျောအပါအဝင် တခြားသီးနှံတွေအားလုံး အဆင်ပြေပြေစိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာတွေ၊ စိုက်နည်းစနစ် မှန်မှန်ကန်ကန် ဆောင်ရွက်စိုက်ပျိုးနိုင်ဖို့အတွက် ကူညီဆောင်ရွက်ပေးထားပါတယ်။ ငှက်ပျောတွေ ဈေးကောင်းရရှိစေဖို့ ကုန်သည်တွေ ပွဲရုံပိုင်ရှင်တွေနဲ့ ချိတ်ဆက်ပေးမှာဖြစ်ပါတယ်"ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် စိုက်ပျိုးထားသည့် ငှက်ပျောအမျိုးအစားများမှာ ဂျပန်၊ ခွဲစိမ်း၊ ဖီးကြမ်း၊ ရခိုင်၊ ရွှေငှက်ပျော၊ ခွံဝါ၊ သီးမွှေး၊ ဆင်စွယ် စသည်တို့ကို အများဆုံး စိုက်ပျိုးထားကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်ကပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# သံတွဲမြို့နယ် ကျွန်းပေါက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံတွဲ ဩဂုတ် ၃၀**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းပေါက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျွန်းပေါက်ကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုမြည်**

# မြိတ်မြို့နယ် ကသာရိုင်ကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မြိတ် ဩဂုတ် ၃၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကသာရိုင်ကျေးရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်သည့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကသာရိုင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

မြိတ်မြို့နယ် ကသာရိုင်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) စတုတ္ထအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ခြောက်သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၁၁၁ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ်ခြောက်သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၄ ဦးတို့ကာ စီမံကိန်းရန်ပုံငွေကျပ် စုစုပေါင်း ၁၂၃ သိန်းဖြင့် တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေတိုးပွားလာမည်ဖြစ်ကြောင်း မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ပြောပြ၍ သိရသည်။ **ကိုညို**



# ဦးထွန်းညိုနှင့် မဟာရာဇဝင်သစ်

## ပိုလ်ရှိတ်(ရတနာပူရ)

**မဟာရာဇဝင်သစ်စာဆိုဦးထွန်းညို**

ကုန်းဘောင်ခေတ် ဘိုးတော်ဗဒုံမင်းလက်ထက်တွင် ထင်ရှားသော ရာဇဝင်ကျမ်းကြီးတစ်စောင် ပေါ်ထွန်းခဲ့သည်။ ထိုရာဇဝင်ကျမ်းမှာ တွင်းသင်းတိုက်ဝန် ဦးထွန်းညိုပြုစုသည့် မဟာရာဇဝင်သစ်ကျမ်းဖြစ်သည်။ မဟာရာဇဝင်သစ်ကျမ်းကိုပြုစုခဲ့သူ ဦးထွန်းညိုသည် မြန်မာစာပေလောကတွင် အလွန်ထင်ပေါ်ကျော်ကြားသော စာဆိုတော်ကြီးဖြစ်သည်။ တော်တည့်မှန်ကန်သူ၊ မလိုအပ်ဘဲစကားအပိုမပြောသူအဖြစ် ကျော်စောသည်။ မိမိအကျိုး၊ သူတစ်ပါးအကျိုး တစ်ခုခုမရှိလျှင် တစ်နေ့လုံးပင် စကားတစ်ခွန်းမျှမပြောပေ။ ပြောစရာရှိလျှင်လည်း မည်သူ့မျက်နှာကိုမျှမထောက် ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသားပြော၏။ သူတစ်ပါးဒုက္ခရောက်မည်ကိုမရှုဆိတ်သူဖြစ်ပြီး သူတစ်ပါးကြီးပွားတိုးတက်မည်ကို လိုလားသူဖြစ်သည်။ တွင်းသင်းမင်းကြီး ဦးထွန်းညို၏ မိဘနှစ်ပါးအမည်ကို မသိရသေးပေ။ တွင်းသင်းမင်းကြီးဦးထွန်းညိုကို အလုံမြို့စီရင်စု မောင်းထောင်ရွာတွင် မွေးဖွားခဲ့ခြင်းဖြစ်သည်။ ဦးထွန်းညိုအကြောင်းကို ကဗျာဝိဒူအနုပုဗ္ဗိကထာကျမ်း၌ ဤသို့ဖော်ပြထား၏။

“မောင်းထောင်းရွာမ၊ မိုးလောင်ကုံးအရပ်တွင် ညောင်ရမ်းဆယ်ဆက် လောကမာန်အောင်စေတီတော်ဒကာ တနင်္ဂနွေမင်းလက်ထက် သက္ကရာဇ် ၁၀၈၈ ခုနှစ်ဖွား၊ ငယ်မည် ဦးထွန်းညို၊ ရဟန်းမည် လင်္ကာသာတွင်သည်။ ရတနာသိမ်မြို့မှာ ရဟန်းဖြစ်စဉ်စီရင်သည့် “မဟာအစိန္တေယ”ချီ “မနုသာရ ရွှေမျဉ်းမေ့ဝှသတ်လင်္ကာ” ၎င်းလင်္ကာသာရအမည်ခံ ဦးထွန်းညိုပင် စီရင်သည်။ “မနုဝဏ္ဏနာဓမ္မသတ်လင်္ကာ” ၎င်းပင်စီရင်သည်။ တကျိပ်လျှော်သူတမ်းကို စပ်ဆိုသည်။ ဓမ္မသတ်လင်္ကာ၊ ငါးရံ့မင်းပျို့၊ မုဒုလက္ခဏာပျို့၊ မဟော်ကျေးသားခန်းများကို စီရင်သည်။ နောက်လူထွက်၍ ဗဒုံမင်းအိမ်နိမ့်စံတော်မူစဉ် ဆရာအဖြစ်နှင့်ထမ်းရွက်ရသည်။ “ဆရာကြီး ဦးထွန်းညို”တွင်သည်။ ဗဒုံမင်းလေ့ကျက်တော်မူရန် “မဟာပရမ၊ သမ္ဘာရဖြင့်”အစချီသည့် “မနုရင်းဓမ္မသတ်လင်္ကာ”ကိုလည်းရေးသည်။ ရွှေနန်းတည်မော်ကွန်း၊ ပုဏ္ဏရိကမော်ကွန်း၊ ပရသေတဂီရိ ဆင်တော်မော်ကွန်း၊ ဘုန်းတော်ဘွဲ့ရတု၊ မဟာဇေယျာပူရ စစ်ကိုင်းမြို့ရှိ အောင်မြေလောကစေတီတော်ကျောက်စာမှစ၍ အရပ်ရပ်ဘုရားကျောက်စာများကို ရေးသားဆက်သွင်းရသည်။ ပျို့မှာ ဇယဒိသပျို့၊ ဘလ္လာတိယပျို့၊ ဝိဓုရပျို့၊ ဝေဿန္တရာပျို့၊ နောက်ဆုံးဇနကပျို့၊ မင်္ဂလာအောင်ပွဲတော်ရဲရည်တက်မော်ကွန်းတို့ဖြစ်သည်။

သက္ကရာဇ် ၁၁၄၃ ခုနှစ် ဗဒုံမင်းအထွတ်အမြတ်သို့ရောက်တော်မူလျှင် အလျင်သနားတော်မြတ်ခံရသည်။ မဟာသမ်ယာဘွဲ့နှင့် ကျီဝန်ခန့်သည်။ နောက်လည်း မဟာသမ်ယာဘွဲ့နှင့် တွင်းသင်းတိုက်ဝန်ခန့်သည်။ ယင်းတွင်မှ တွင်းသင်းမင်းခေါ်ကြသည်။ နောက်ပခန်းမင်းကြီးသတိုးသီရိမဟာဥစ္စနာ ငယ်မည် ဦးနှောင်းသေလွန်လျှင် ပခန်းဝန်ကြီး ယွန်း ၃ ဆက် အိမ်ရှေ့တူရှုတွင် နေရာ၊ ပတ္တမြားသုံးရစ်စီရင်တောင်ဝေ့များကို သနားတော်မူသည်။ တွင်းသင်းဝန်မဟာသမ်ယာ၊ ငယ်မည် ဦးထွန်းညိုဆိုသည့်စာစုမှာ မြောက်မြို့တွင် ကဗျာလင်္ကာနှင့် ဓမ္မသတ်လင်္ကာ၊ ငါးရံ့မင်းပျို့၊ မုဒုလက္ခဏာပျို့၊ မဟော်ကျေးသားခန်း၊ ဥမင်ခန်း၊ ဇယဒိသပျို့၊ ဝိဓုရပျို့၊ ဝေဿန္တရာပျို့၊ နောက်ဆုံးဇနကပျို့၊ အောင်ပင်လယ်ဖွဲ့ရေသဘင်လူးတား၊ ဆင်တော်မော်ကွန်း၊ ဓားစကြာနဲ့၊ အမရပူရမြို့ဖွဲ့မော်ကွန်း၊ မင်းကွန်းဖွဲ့မော်ကွန်း၊ ဘုန်းတော်ဖွဲ့ရတုမှစ၍ စာများရေးသားသည်။”

**မဟာရာဇဝင်သစ်**

မဟာရာဇဝင်သစ်ကျမ်းသည် ကုန်းဘောင်ခေတ်တွင် မင်းမိန့်ဖြင့် ပထမဆုံးပြုစုရသော ရာဇဝင်ကျမ်းဖြစ်သည်။ ပြုစုခဲ့သူမှာ ဦးထွန်းညိုဖြစ်သည်။ သက္ကရာဇ် ၁၁၆၀ ပြည့်နှစ်တွင် ရေးသားပြုစုခဲ့ခြင်းဖြစ်သည်။ ရာဇဝင်သစ်ကို ဦးထွန်းညိုက ဗဒုံမင်း၏အမိန့်ဖြင့် ရေးထိုးရကြောင်းကို ရာဇဝင်သစ်နိဒါန်း၌ “ရှေးပညာရှိတို့စီရင်ခဲ့သော ရာဇဝင်ကျမ်းတို့၌ ကျောက်စာသံပိုင်တို့နှင့်မညီ ပျက်စီးယိုယွင်းမသန့်မရှင်းရှိသည်ကို ငါတို့ရွှေနန်းရှင် ဆင်ဖြူများရှင် မင်းတရားမြင်တော်မူ၍ ကျောက်စာသံပိုင် စသည်တို့နှင့် ညှိနှိုင်းဆင်ခြင်၍ ယခုအခါ ရာဇဝင်သစ်ထိုးပေအံ့”ဟူ၍ ဖော်ပြထားသည်။ တွင်းသင်းမင်းကြီး၏ နိဒါန်းအရ ရှေးရှိပြီး ရာဇဝင်တို့သည် ကျောက်စာ၊ သံပိုင်စသည်တို့နှင့်မညီ၊ ထို့ကြောင့် ကျောက်စာ၊ သံပိုင်တို့ဖြင့် ညီညွတ်အောင် ညှိနှိုင်း၍ ရာဇဝင်သစ်ရေးရခြင်းဖြစ်ကြောင်း ဖော်ပြထား၏။ “မဟာစည်သူ ရာဇဝင်သစ်ထိုးဘိ”ဟု ဗဒုံမင်းကိုယ်တိုင်သုံးနှုန်းခဲ့သောကြောင့် မဟာရာဇဝင်သစ်ဟူသောအမည်သည် ဘိုးတော်ဗဒုံမင်းကိုယ်တိုင်ပေးခဲ့သောအမည်ဟုဆိုရမည်။ ရာဇဝင်သစ်မတိုင်မီက မဟာရာဇဝင်ကြီး၊ ရာဇဝင်လတ်၊ ရာဇဝင်ချုပ်၊ မြောက်နန်းကျောင်းရာဇဝင်၊ ရှင်တေဇောသာရ စသူတို့၏ ရာဇဝင်ကျမ်းရှိပြီးဖြစ်သောကြောင့် ဦးထွန်းညိုရေးသားပြုစုခဲ့သောရာဇဝင်ကို မဟာရာဇဝင်သစ်ဟု အမည်ပေးခဲ့ခြင်းဖြစ်တန်ရာ၏။

❖ မဟာရာဇဝင်သစ်ကျမ်းသည် ကုန်းဘောင်ခေတ်တွင် မင်းမိန့်ဖြင့် ပထမဆုံးပြုစုရသော ရာဇဝင်ကျမ်းဖြစ်သည်။ ပြုစုခဲ့သူမှာ ဦးထွန်းညိုဖြစ်သည်။ သက္ကရာဇ် ၁၁၆၀ ပြည့်နှစ်တွင် ရေးသားပြုစုခဲ့ခြင်းဖြစ်သည်။ ရာဇဝင်သစ်ကို ဦးထွန်းညိုက ဗဒုံမင်း၏အမိန့်ဖြင့် ရေးထိုးရကြောင်းကို ရာဇဝင်သစ်နိဒါန်း၌ “ရှေးပညာရှိတို့စီရင်ခဲ့သော ရာဇဝင်ကျမ်းတို့၌ ကျောက်စာသံပိုင်တို့နှင့်မညီ ပျက်စီးယိုယွင်းမသန့်မရှင်းရှိသည်ကို ငါတို့ ရွှေနန်းရှင် ဆင်ဖြူများရှင်မင်းတရားမြင်တော်မူ၍ ကျောက်စာသံပိုင် စသည်တို့နှင့် ညှိနှိုင်းဆင်ခြင်၍ ယခုအခါရာဇဝင်သစ်ထိုးပေအံ့”ဟူ၍ ဖော်ပြထားသည်။ ❖

**ရာဇဝင်သစ်မူကွဲများ**

ယခုအချိန်ထိ မဟာရာဇဝင်သစ်ကျမ်းမူကွဲ လေးစောင် ရှာဖွေတွေ့ရှိထားသည်။ ၎င်းတို့မှာ-

၁။ အမျိုးသားစာကြည့်တိုက် ပေအမှတ် ၂၀၈၉၊ ၂၀၉၀ ဟု မှတ်တမ်းတင်ထားသည့် နှစ်ဆူ။
၂။ အမျိုးသားစာကြည့်တိုက် ပေအမှတ် ၁၄၇၂ ဟု မှတ်တမ်းတင်ထားသည့် ပေတစ်ဆူ။
၃။ စည်သူမောင်မောင်ကျော်ထံမှ ကူးယူထားသည့်လက်ရေးမူ။ ဆရာကြီး ဒေါက်တာသန်းထွန်းထံတွင် ရှိခဲ့သည်။
၄။ မြင်ကွန်းအလယ်တန်းကျောင်းတွင်ရှိသည့် ပေမှကူးယူထားသည်တို့ဖြစ်သည်။ လက်ရေးမူ၊ ဆရာကြီး ဒေါက်တာသန်းထွန်းထံတွင် ရှိခဲ့သည်။

ပထမမူသည် အင်္ဂါအရေအတွက်များလွန်းသောကြောင့် နှစ်ထုပ်ခွဲထားခြင်းဖြစ်ပြီး ပေအမှတ် ၂၀၈၉ ထုပ်သည် ကအစ ထိအဆုံး ၁၆ အင်္ဂါနှင့် လေးချပ်ရှိသည့် ကိုးကြောင်းရေးပေဖြစ်သည်။ မဟာသမ္မတမင်း အုပ်စိုးသည်မှ ပထမအင်းဝခေတ်ပျက်သည်ထိပါရှိ၏။ ပေအမှတ် ၂၀၉၀ ထုပ်သည် ထုအစ ဂျအဆုံး ၁၉ အင်္ဂါနှင့်တစ်ချပ်ရှိသည့် ကိုးကြောင်းရေးပေဖြစ်သည်။ တောင်ငူတည်သည်မှ ညောင်ရမ်းပျက်သည်ထိပါ၏။

ဒုတိယမူသည် ကအစ နိအဆုံး ၁၉ အင်္ဂါနှင့် သုံးချပ်ရှိပြီး ဆယ်ကြောင်းရေးပေဖြစ်သည်။ မဟာသမ္မတမင်းမှ တပင်ရွှေထီးနတ်ရွာစံသည်ထိ ပါ၏။ ဤပေသည် အဆုံးထိမပါပေ။

တတိယမူသည် စိုအစ ဏုအဆုံး ရှစ်အင်္ဂါနှင့် ဆယ်ချပ်ရှိပြီး ရှစ်ကြောင်းရေးပေမူဖြစ်သည်။ ညောင်ရမ်းခေတ် အနောက်ဘက်လွန်မင်းလက်ထက် မြန်မာသက္ကရာဇ် ၉၇၁ ခုနှစ်တွင် တောင်ငူသို့စစ်ချီရန်ပြင်ဆင်သည်မှ ညောင်ရမ်းခေတ်ဆုံးသည်ထိ ပါရှိသည်။ ဤမူမှာလည်း မစုံပေ။

စတုတ္ထမူသည် လက်ရေးမူဖြစ်ပြီး ရေးကူးသူက ပေအင်္ဂါ၊ စာကြောင်းရေ ရေးမှတ်မထားသဖြင့် ပေအင်္ဂါအရေအတွက်ကို မသိရပေ။ ထိုမူလေးမူတွင် အစုံဆုံးမူမှာ ပထမမူပင်ဖြစ်သည်။ ယခုဖော်ပြခဲ့သော မူလေးမူအပြင် နောက်ထပ်မူကွဲများလည်းရှိနိုင်ပါသေးသည်။ အနယ်နယ်အရပ်ရပ်တွင် တိမ်မြုပ်နေခြင်းကြောင့်သာ မတွေ့ရခြင်းဖြစ်ပေမည်။ ရှာဖွေနိုင်က တွေ့နိုင်ပါသေးသည်။

**ပုံနှိပ်မူသို့**

ထိုကဲ့သို့ ပေမူ၊ လက်ရေးမူဖြင့် တိမ်မြုပ်နေခဲ့သောမဟာရာဇဝင်သစ်ကို သမိုင်းပညာရှင်ကြီးများက ပုံနှိပ်မူသို့ရောက်ရှိအောင် ကြိုးပမ်းခဲ့ကြ၏။ မဟာရာဇဝင်သစ်ပထမတွဲကို ဆရာကြီးဦးမြင့်ဆွေတည်းဖြတ်၍ ၁၉၆၈ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ပထမတွဲတွင် မဟာသမ္မတမင်းဆက်များ၊ မဇ္ဈိမဒေသမင်းဆက်များ၊ သရေခေတ္တရာ၊ ပုဂံ၊ မြင်စိုင်း၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝမင်းဆက်များအကြောင်းပါသည်။

ဒုတိယတွဲကို သမိုင်းပါမောက္ခဒေါက်တာကျော်ဝင်းက တည်းဖြတ်၍ ၁၉၉၈ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ဒုတိယတွဲတွင် တောင်ငူမင်းဆက်များ၊ မင်းကြီးညို၊ တပင်ရွှေထီး၊ ဘုရင့်နောင်၊ နန္ဒဘုရင်တို့အကြောင်းများပါ၏။ ထို့ကြောင့်လည်း မဟာရာဇဝင်သစ်ဒုတိယတွဲကို တောင်ငူဆက်ဟူ၍ အမည်တပ်ထားကြသည်။

မဟာရာဇဝင်သစ်တတိယတွဲကို ဆရာဦးသိန်းလှိုင်က တည်းဖြတ်၍ ၁၉၉၇ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ မဟာရာဇဝင်သစ်တတိယတွဲတွင် ညောင်ရမ်းခေတ် မင်း ၁၀ ဆက်အကြောင်းပါ၏။ ယခုအခါတွင် မဟာရာဇဝင်သစ်သုံးတွဲကို ရာပြည့်စာအုပ်တိုက်က ပြန်လည်ပုံနှိပ်ထုတ်ထားသဖြင့် အလွယ်တကူဝယ်ယူလေ့လာနိုင်ပြီဖြစ်သည်။

**ရာဇဝင်သစ်အတွဲရေ**

ယခုပုံနှိပ်ထုတ်ဝေထားသော မဟာရာဇဝင်သစ်သည် ပုံနှိပ်မူအရ အတွဲပေါင်း ၁၃ တွဲပါရှိသည်။ ထိုအကြောင်းကို မဟာရာဇဝင်သစ်တတိယတွဲနိဂုံးတွင် “မဟာရာဇဝင်သစ် တေရသမတွဲ၊ သက္ကရာဇ် ၁၁၆၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့(၁၈၀၂ ခုနှစ် နိုဝင်ဘာ ၁၇ရက်)သုံးချက်တီးကျော်အချိန်တွင် မဟာရာဇဝင်သစ်ကို ရေးကူး၍ပြီးသည်”ဟူ၍ ပါရှိသည်။ ထို့ကြောင့်ပုံနှိပ်မူဖြင့်ရှိသော မဟာရာဇဝင်သစ်သုံးတွဲတွင် အတွဲပေါင်း ၁၃ တွဲသာ ပါရှိကြောင်း သိရပေသည်။ တွင်းသင်းတိုက်ဝန် ဦးထွန်းညိုရေးခဲ့သော မဟာရာဇဝင်သစ်သည် ပေမူဖြင့် အတွဲရေ ၁၅ တွဲရှိသည်ဟု ညောင်ကန်သာသနာဝင်ကျမ်း၌ ဆိုထားသည်။ ဦးထွန်းညိုသည် မဟာရာဇဝင်သစ်ကို ဘိုးတော်ဗဒုံမင်းလက်ထက် ပြုစုခဲ့ခြင်းဖြစ်သောကြောင့် ဘိုးတော်ဗဒုံမင်းအရင် စိုးစံခဲ့သည့် အလောင်းမင်းတရားကြီး၊ နောင်တော်ကြီး ဒီပဲယင်းမင်း၊ ဆင်ဖြူရှင်မြေဒူးမင်းတို့အကြောင်းကိုရေးမည်ဟု ယူဆစရာရှိပါသည်။ ဖောင်းကားမင်းနှင့် စဉ့်ကူးမင်းအကြောင်းကို ရေးချင်မှ ရေးပေမည်။ မြောင်လှမြို့စား ဦးခြိမ့်ပိုင်စာစာရင်းပုရပိုက်တွင် ရာဇဝင်သစ်သည် တွဲရေ ၁၈ တွဲရှိကြောင်း ပြဆိုထားသည်။ ဦးခြိမ့်သည် စာပေကျမ်းဂန်နှံ့စပ်သော ပညာရှိကြီးတစ်ဦးဖြစ်သောကြောင့် ဦးခြိမ့်၏အဆိုကို အလေးထားသင့်ပေသည်။ ယခုပုံနှိပ်မူတွင် အတွဲရေ ၁၃ တွဲသာ ပါရှိသောကြောင့် ကျန်အတွဲများပျောက်နေသည်။

**အလောင်းမင်းတရားကြီးအရေးတော်ပုံသည် ရာဇဝင်သစ်လော**

အလောင်းမင်းတရားကြီးအရေးတော်ပုံကျမ်းသည် မူကွဲသုံးမျိုးတွေ့ရသည်။ ထိုသုံးမျိုးမှာ “ဘဂ္ဂဝါဒိဂုဏာကရံ”အစချီသည့် လက်ဝဲနော်ရထာအမတ်ကြီးရေးသော အလောင်းမင်းတရားကြီးအရေးတော်ပုံကျမ်း၊ “ရတနာပူရအင်းဝမင်းတို့၏အစဉ်ကို ဆိုပြီး၍”အစချီသည့် တွင်းသင်းတိုက်ဝန် မဟာစည်သူဦးထွန်းညိုရေးသားသည့် အလောင်းမင်းတရားကြီးအရေးတော်ပုံ၊ “အောင်သူတကာတို့၏ အထွတ်ဖြစ်တော်မူသော” အစချီသည့် အမည်မသိဆရာစီရင်သည့် အလောင်းမင်းတရားကြီးအရေးတော်ပုံဟူ၍ ဖြစ်သည်။

အလောင်းမင်းတရားကြီး အရေးတော်ပုံကျမ်းသုံးစောင်တွင် “ရတနာပူရအင်းဝမင်းတို့၏ အစဉ်ကိုဆိုပြီး၍”အစချီသော ဦးထွန်းညိုရေးသည့် အလောင်းမင်းတရားကြီးအရေးတော်ပုံကျမ်းသည် မဟာရာဇဝင်သစ်အတွဲ ၁၄ ဖြစ်သည်ဟု ယူဆချင်သူများရှိကြသည်။ ယူလည်းယူဆချင်စရာဖြစ်သည်။ “ရတနာပူရအင်းဝမင်းတို့၏အစဉ်ကိုဆိုပြီး၍”ဟူသောစကားသည် မဟာရာဇဝင်သစ်အတွဲ ၁၃ ၌ပါရှိသည့် ညောင်ရမ်းခေတ်အင်းဝမင်းတို့ကို ဆိုလေသလောတွေးဆရပါသည်။ သို့သော် အတွင်းစာကိုယ်၌ “မဟာရာဇဝင်သစ်”ဖြစ်သည်ဟူသော အမှတ်အသားတစ်စုံတစ်ရာမတွေ့ရသောကြောင့် “ဟုတ်ပါသည်”ဟူ၍လည်း တပ်အပ်မပြောသာသေးပါ။ ထပ်မံလေ့လာဖော်ထုတ်ရန်လိုအပ်သေးသည်ဟု ထင်မိသည်။

**ရာဇဝင်သစ်မှ ဝေဖန်ချက်များ**

ဦးထွန်းညိုသည် ရာဇဝင်သစ်ကိုရေးရာတွင် ဝေဖန်သင့်သည့်အချက်များကို ပြတ်ပြတ်သားသားရဲရဲဝံ့ဝံ့ဝေဖန်လေ့ရှိသည်။ ရှေးရှိပြီး ရာဇဝင်တို့တွင် မှားယွင်းသည့်အချက်များကို ပြတ်ပြတ်သားသား ထောက်ပြဝေဖန်သည်။ ရာဇဝင်သစ်မှ ဦးထွန်းညို ဝေဖန်ထောက်ပြသည့် စကားအသုံးအနှုန်းများကို ထုတ်ပြပါဦးမည်။

၁။ ရာဇဝင်ကြီးတို့၌ဆိုသည်။ ကျောက်စာအစောင်စောင်တို့နှင့်မညီမညွတ် ရေးလိုရာရေးသားကြသည်။
၂။ ရာဇဝင်ကြီးကျောက်စာအက္ခရာတို့နှင့်မညီ။
၃။ ကျောက်စာရေးဆရာတို့ဆိုသည်နှင့်မညီ။
၄။ ရှေးရာဇဝင်ကျမ်းတို့၌ အကွဲအပြားမညီမညွတ်ရေးသားကြသည်။
၅။ ရာဇဝင်ကြီးဆရာတို့အဆိုရှိသည်ကိုလိုက်၍ စာဆိုပဒေသရာဇာလည်း အထောက်အထားမရှိ ထပ်၍အမှားစပ်ဆိုမိလေသည်။
၆။ ရာဇဝင်ဆရာ၊ ပဒေသရာဇာတို့ဆိုလေသည်ကား သဘာဝယုတ္တိမရှိသည်သာတည်း။
၇။ အထောက်အထားမရှိဆိုလေသည်။ ပဒေသရာဇာသာချွတ်ယွင်းသည်မဟုတ်၊ ရာဇဝင်ဆရာတို့လည်း ချွတ်ယွင်းကြသည်။
၈။ ရာဇဝင်ဆရာတို့မမြင်၍ ရေးမှားလေသည်။
၉။ စကားရှေ့နောက်မညီ။
၁၀။ စိတ်ထင်ရာရာ ရှေးဆရာတို့ရေးကြလေသည်။
၁၁။ ရမ္မသီရိတို့ ကျောက်စာထိုးမှားလေ၏။
၁၂။ ရာဇဝင်ကြီးတို့၌ မိမိဆိုခဲ့သောစကားကို နှလုံးမထား ကျောက်စာ မော်ကွန်းတို့ကိုမရှု

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အမြင်အာရုံကြည်လင်လာစေနိုင်သည်



လမ်းလျှောက်တာနဲ့ အမြင်အာရုံကြည်လင်တာက သိပ်တော့ဆက်စပ်မှုမရှိဘူးလို့ထင်ရပေမယ့် တကယ်တမ်းမှာတော့ အဲဒီလိုမဟုတ်ဘဲ လမ်းလျှောက်တာဟာ မိမိတို့ရဲ့အမြင်အာရုံကို တိုးတက်ကောင်းမွန်စေတယ်လို့ ဆိုပါတယ်။

ဘာကြောင့် အမြင်အာရုံတိုးတက်ကောင်းမွန်တာလဲဆိုရင် လမ်းလျှောက်ခြင်းဟာ မျက်စိမှာဖြစ်ပေါ်နေတဲ့ ဖိစီးမှုတွေကို ပြေလျော့စေလို့ပါ။

ဒါ့အပြင် မျက်လုံးအိမ်အတွင်း ဖိအားများလို့ မျက်စိကွယ်စေတတ်တဲ့ အခြေအနေဖြစ်တဲ့ ရေတိမ်ဖြစ်ပွားမှုကိုလည်း လျော့ချပေးနိုင်ပါတယ်။

# ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးမြေပဲ ၇၃၉၀၅ ဧက စိုက်ပျိုးပြီးစီး

**ရွှေဘို ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးမြေပဲ ၇၃၉၀၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးမြေပဲ ၇၂၀၅၈ ဧကစိုက်ပျိုးရန်လျာထားပြီး မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၃၉၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ရွှေဘိုခရိုင်မှာ မိုးမြေပဲဧက ၇၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ အခု မိုးမြေပဲဧက ၇၃၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ လျာထားဧကထက် ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ မိုးမြေပဲစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ်တိုးစိုက်နိုင်ပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် မိုးမြေပဲစိုက်ခင်းကို တွေ့ရစဉ်။

ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးမြေပဲ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၉၉၉၂ ဧက၊ ခင်ဦးမြို့နယ်တွင် ၄၇၄၄၂ ဧက၊ ဝက်လက်မြို့နယ်တွင် ၃၆၂၂ ဧက၊ ကျောက်မြောင်းမြို့တွင် ၁၂၈၄၉ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ရွှေဘိုခရိုင်၌ သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက မိုးမြေပဲ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်၌ ဆောင်းမြေပဲကို ရွှေဘိုမြို့နယ်တွင် ၇၃၂၃ ဧက၊ ခင်ဦးမြို့နယ်တွင် ၃၄၁၃၄ ဧက၊ ဝက်လက်မြို့နယ်တွင် ၁၅၄၀၇ ဧကနှင့် ကျောက်မြောင်းမြို့တွင် ၁၁၀၁၂ ဧက စုစုပေါင်း ၆၇၈၇၆ ဧကစိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

ဆိုလေသည်။

၁၃။ ရာဇဝင်ကြီးဆရာ အမှတ်ချွတ်လေသည်။

၁၄။ ရာဇဝင်ကြီးဆရာ အမှတ်မှားလေသည်။

၁၅။ ရှေးရာဇဝင်တို့၌ ပြဆိုခဲ့သည်ကား မညီမညွတ်ပျက်စီးယိုယွင်းသည်သာတည်း။ တွက်ချက်ညှိနှိုင်း၍ ပြဆိုချေသော် နာသူငြီး၍ မှတ်သူပင်ပန်းအံ့စိုး၍ အစဉ်အဆက်အမြွက်မျှသာပြခဲ့သတည်း။

၁၆။ ပဒေသရာဇာဆိုမှားလေသည်။

၁၇။ ရာဇဝင်ဆရာတို့ဆိုမှားလေသည်။

အထက်တွင် ကောက်နုတ်ဖော်ပြခဲ့သော စကားများသည် မဟာရာဇဝင်သစ်၌ တွင်းသင်းမင်းကြီးဦးထွန်းညိုရေးသားဝေဖန်ခဲ့သော ဝေဖန်ရေးစကားလုံးများပင်ဖြစ်လေသည်။ ဦးထွန်းညိုသည် မဟာရာဇဝင်ကြီးပါ အချက်အလက်တချို့ကို ဝေဖန်ပြင်ဆင်မှုများပြုလုပ်ခဲ့သည်။ မည်သည့်အကြောင်းအရာ၊ မည်သည့်အချက်အလက်များကို ဝေဖန်ပြင်ဆင်ခဲ့သည်ကို သိလိုပါက မဟာရာဇဝင်သစ်ကိုဖတ်ကြရန်သာ ညွှန်းလိုပေသည်။ ဝေဖန်ပြင်ဆင်ချက်များကို ဤ၌ ဖော်ပြခြင်းမပြုတော့ပါ။

**မျက်မှောက်ခေတ်ပညာရှင်များ၏ အမြင်**

မျက်မှောက်ခေတ် သမိုင်းပညာရှင်များသည် ဦးထွန်းညိုကိုအမျိုးမျိုးချီးကျူးထောမနာပြုခဲ့ကြသည်ကို တွေ့ရသည်။ တော်လှန်သောအတွေးအခေါ်ရှိသူ၊ ကျောက်စာတန်ဖိုးနားလည်သူ၊ သမိုင်းကို အမြင်သစ်ဖြင့်ရေးနိုင်သူ၊ သုတေသနစစ်စစ်ဖြစ်အောင်ရေးသူ၊ ဝေဖန်ရာတွင် ရဲရဲဝံ့ဝံ့ပြတ်ပြတ်သားသားရှိသူ စသည်ဖြင့် ချီးကျူးစကားဆိုကြသည်။

ဆရာမကြီး ဒေါက်တာရီရီက "မဟာစည်သူ၏ တွေးပုံ၊ ခေါ်ပုံ၊ ရေးသားပုံမှာလွန်စွာအထက်တန်းကျ၍ ယခုခေတ်သစ်အခါ၌ အထောက်အထားကို အဓိကထားကာရေးသားကြသော ရာဇဝင်ဆရာတို့ပင် ချီးမွမ်းကြရပေသည်။ တွင်းသင်းတိုက်ဝန်သည် တတ်နိုင်သမျှ ကျောက်စာနှင့်ခေတ်စာပေများကို ကိုးကားဖော်ပြသောကြောင့် ရာဇဝင်သစ်သည် မြန်မာ့စာပေသမိုင်းအတွက်လည်း အရေးကြီးသောအထောက်အထားတစ်ခုဖြစ်လာလေသည်။ မဟာစည်သူသည် ထုတ်ဖော်တင်ပြလိုသောအချက်တစ်ခုကို ပိုမိုရှင်းလင်းစေရန် ခေတ်စာပေမှ ကောက်နုတ်ချက်များကို ကိုးကားလေ့ရှိသည်။ ထို့ပြင် ရှေးစကားပင်ဖြစ်သော်လည်း အသွားအလာမညီညွတ်လျှင် ဖော်ထုတ်ဝေဖန်လေ့ရှိ၏"ဟူ၍ ဦးထွန်းညိုကို ချီးကျူးထားလေသည်။

**သုံးသပ်ချက်**

ဦးထွန်းညိုသည် မဟာရာဇဝင်သစ်ကိုရေးရာတွင် မင်းအမိန့်ဖြင့်ရေးသားခဲ့ခြင်းဖြစ်သောကြောင့် လိုအပ်သည့်အထောက်အထားအကူအညီများစွာရသည်။ ကျောက်စာ ၁၀၀၀ ကျော်ကို ကိုးကား၍ ရေးနိုင်ခဲ့သည်။ ရာဇဝင်သစ်ကိုရေးရာတွင် ဦးထွန်းညိုသည် စာဆိုတော်ကြီးများအကြောင်းကို အလျဉ်းသင့်သလိုထည့်သွင်း၍ရေးသားခဲ့သည်။ ထို့ကြောင့် ရာဇဝင်သစ်သည် စာဆိုတော်အတ္ထုပ္ပတ္တိကျမ်းတစ်စောင်အနေဖြင့်လည်း ဖတ်ရှုနိုင်ပေသည်။

ဦးထွန်းညိုသည် ဝေဖန်ရာတွင် ရဲရဲဝံ့ဝံ့ရှိလှသောကြောင့် ဦးကုလားရာဇဝင်ကြီးမှ အချက်အလက်တချို့လွဲမှားကြောင်းကို မဟာရာဇဝင်သစ်၌ ဝေဖန်ပြင်ဆင်သည်။ ဦးထွန်းညို ရာဇဝင်သစ်ကိုရေးသောအခါတွင် ဦးကုလား၏ရာဇဝင်ကြီးသည် အပြင်အဆင်ခံအခြေအနေသို့ ခဏခဏရောက်ရ၏။ သို့သော် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက် မှန်နန်းမဟာရာဇဝင်တော်ကြီးကို ရေးသားပြုစုသောအခါတွင် ဦးကုလားမဟာရာဇဝင်ကြီးက မှားသည်ဟု ဦးထွန်းညိုပစ်ပယ်ခဲ့သော အချက်အလက်များကို ဦးထွန်းညိုကမှားပြီး ဦးကုလားကမှန်ကြောင်း ပြန်လည်ပြင်ဆင်ရေးသားခဲ့သည်။ မှန်နန်းက ဦးကုလား၏အယူအဆကို ပြန်လည်ထောက်ခံခဲ့သည်ဟု အလွယ်အားဖြင့်မှတ်သားနိုင်သည်။ မှန်နန်းမဟာရာဇဝင်တော်ကြီးပြုစုသောအခါတွင် ဦးထွန်းညို၏ မဟာရာဇဝင်သစ်သည် အပယ်ခံဘဝသို့ ရောက်ခဲ့ရပေသည်။

## ပြောထုံးကျန်မှတ်တမ်း

\- ဘဝတာ မျှော်မှန်းချက်
လမ်းထွင်လျက် လှမ်းချိန်မှာ၊
ကံညက်ကူ ဖွဲ့လို့လတို့
စွမ်းပြမှသာ၊
"ပြဟ္မစိုရ်တရား"ပန်ဆင်ကာ
ကောင်းကျိုးရှာ ကျင့်ကြံပြု၊
အတားအဆီးတွေ
ခါးသီးစေ မလျော်ငြားလည်း
ကျော်လွှားအန်တု။

\- ကောင်းစိတ်ယှဉ် ကိုယ့်ဆန္ဒတွက်
မေတ္တာလှန့် ဖြတ်သန်းလျှင်၊
စေတနာတွေ ဖြည့်လောင်းထပ်တော့
ရောင်ဟပ်မည်ပင်၊
"ရင့်ကျက်ခြင်း"နဲ့ ပန္နက်တင်
လမ်းဖြောင့်အစဉ် မယိုင်မယွင်း၊
ရိုးသားစွာ
ကြိုးစားကာ သစ္စာစောင့်က
အမှောင့်ကွေကွင်း။

\- ကောင်းကျိုးရည် အများတွက်
ခံယူလျက် အားထုတ်မျှော်၊
တစ်ရံတစ်ခါ အဆိုးမြင်စရိုက်တို့
ထိပ်တိုက်ကြုံသော်၊
ရည်မှန်းထား လုပ်ရပ်အပေါ်
တိမ်းချော်စေ လမ်းကြောင်းပျောက်၊
အကျိုးပျက်ရာ
ထိုးနှက်ကာ ပွဲဖျက်ခွင်းလည်း
ဖွဲ့ဖက်ရင်းလျှောက်။

\- ဘဝဟူ မျှော်လင့်ချက်နဲ့
ရှက်လွှင့်ရင်း ခွင့်ကောင်းဖွေ၊
အမှား အမှန် အကောင်း အဆိုး
တန်ဖိုးယှဉ်လေ၊
အားနည်းမှုတို့ ကြုံတတ်ပေ
အားသာရာတွေ လက်ဆင့်ကမ်း၊
အခွင့်သင့်ရင်
မဖင့်မလင့်ပင် အရယူလို့
ဘဝဇမ္ဗူ ခရီးလမ်းဝယ်
ကိုယ်စွမ်းရာ ကိုယ့်အခွင့်အလမ်းနဲ့
ပြောထုံးကျန် မှတ်တမ်းကောင်းဖွင့်
ပွဲတင့်လို့လှမ်း။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# နိုင်ငံတကာ သတင်းများ

## ၂၀၂၂ ခုနှစ်အတွင်း ဘရာဇီး၌ တရုတ်နိုင်ငံရင်းနှီးမြှုပ်နှံမှု ၁၃ နှစ်အတွင်း အနိမ့်ဆုံးအဆင့်သို့ရောက်ရှိ



**ဘရာစီးလီးယား ဩဂုတ် ၃၀**

ဘရာဇီးနိုင်ငံ၌ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် ၂၀၂၂ ခုနှစ်အတွင်း ၇၈ ရာခိုင်နှုန်းကျဆင်းခဲ့ရာ ၁၃ နှစ်တာကာလအတွင်း တရုတ်ရင်းနှီးမြှုပ်နှံမှုပမာဏအနိမ့်ဆုံးသို့ ကျဆင်းခဲ့ရခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဩဂုတ် ၂၉ ရက်တွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့်နှစ်အတွင်း တရုတ်နိုင်ငံအနေဖြင့် ဘရာဇီးနိုင်ငံ၌ အမေရိကန် ၁ ဒသမ ၃ ဘီလီယံထိ တိုက်ရိုက်ရင်းနှီးမှုများ ပြုလုပ်ခဲ့ကြောင်း တရုတ်- ဘရာဇီးစီးပွားရေးကောင်စီ (စီအီးဘီစီ)၏ အဆိုအရသိရသည်။

သို့သော် တရုတ်နိုင်ငံသည် ဘရာဇီးနိုင်ငံ၌ ၂၀၂၂ ခုနှစ်အတွင်း ပြုလုပ်ခဲ့သည့် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏသည် ၂၀၀၉ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးဖြစ်ကြောင်း စီအီးဘီစီ၏အစီရင်ခံစာ၌ ဖော်ပြထားသည်။

သို့ရာတွင် တရုတ်ရင်းနှီးမြှုပ်နှံမှုပမာဏ ကျဆင်းခဲ့ရသော်လည်း ဘရာဇီးနိုင်ငံ၌ အခြားနိုင်ငံများ၏ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ၂၀၂၂ ခုနှစ်အတွင်း ၉၅ ရာခိုင်နှုန်းမြင့်တက်လာခဲ့ပြီး အမေရိကန်ဒေါ်လာ ၉၀ ဒသမ ၈ ဘီလီယံထိ ရှိခဲ့သည်။

၂၀၂၂ ခုနှစ်အတွင်း ဘရာဇီးနိုင်ငံ၌ အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ ဘီလီယံထိ ရင်းနှီးမြှုပ်နှံရန် တရုတ်နိုင်ငံက ကြေညာထားသော်လည်း ကြေညာထားသည့်ပမာဏ၏ ၂၈ ရာခိုင်နှုန်းသာ ဘရာဇီးသို့ ဝင်ရောက်လာကြောင်း စီအီးဘီစီက တွက်ချက်ထားသည်။

တရုတ်နိုင်ငံသည် ဘရာဇီးနိုင်ငံ၏ အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ကြောင်း သိရသည်။

KKO

## အနိမ့်ဆုံးဈေးဖြင့် ကမ်းလှမ်းသည့်နိုင်ငံအားလုံးမှ ရေနံများကို အိန္ဒိယနိုင်ငံ ဝယ်ယူမည်

**ဒေလီ ဩဂုတ် ၃၀**

ဖြစ်နိုင်သည့်အနိမ့်ဆုံးဈေးနှုန်းဖြင့် ရောင်းချရန် ကမ်းလှမ်းလာသည့် နိုင်ငံအားလုံးမှရေနံများကို အိန္ဒိယနိုင်ငံက ဝယ်ယူမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဖြစ်နိုင်သည့်အနိမ့်ဆုံးဈေးနှုန်းဖြင့် ရေနံရောင်းချရန် ကမ်းလှမ်းလာခဲ့ပါက အိန္ဒိယနိုင်ငံအနေဖြင့် မည်သည့်နိုင်ငံမှမဆို ရေနံများ ဝယ်ယူမည်ဖြစ်ကြောင်း အိန္ဒိယအစိုးရရေနံဝန်ကြီး ဟာဒိဆင်းပူရီက ယနေ့တွင် အိန္ဒိယပြည်တွင်းမီဒီယာများသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ပြီးခဲ့သည့်နှစ်အတွင်း ယူကရိန်းစစ်ပွဲစတင်ဖြစ်ပွားချိန်မှစ၍ ရုရှားရေနံများကို လျှော့ဈေးဖြင့် ဝယ်ယူခဲ့ရာ လက်ရှိအချိန်တွင် ရုရှားနိုင်ငံမှာ အိန္ဒိယနိုင်ငံအတွက် ထိပ်တန်းရေနံတင်ပို့သည့်နိုင်ငံဖြစ်လာခဲ့သည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်၌ တတိယမြောက် ရေနံအများဆုံးတင်သွင်းသူနိုင်ငံနှင့် တတိယမြောက် ရေနံအများဆုံးအသုံးပြုသည့်နိုင်ငံလည်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ၎င်း၏ပြည်တွင်းရေနံလိုအပ်ချက် ၈၀ ရာခိုင်နှုန်းကို ပြည်ပရေနံတင်ပို့သူနိုင်ငံများမှ ဝယ်ယူတင်သွင်းနေရခြင်းဖြစ်သည်။

ထို့ပြင် အိန္ဒိယနိုင်ငံသည် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)မှ ရေနံများဝယ်ယူရာတွင် အမေရိကန်ဒေါ်လာအစား ရူပီးငွေကို သုံးစွဲရန်လည်း စီစဉ်ထားကြောင်း သိရသည်။

KKO



## အသက် ၁၈ နှစ်အရွယ် ဂျပန်အမျိုးသမီး သုံးပုံတစ်ပုံခန့် တစ်သက်တာ ကလေးရယူဖွယ်မရှိ

**တိုကျို ဩဂုတ် ၃၀**

ဂျပန်နိုင်ငံ၌ အသက် ၁၈ နှစ်အရွယ် အမျိုးသမီးသုံးပုံတစ်ပုံခန့်မှာ မည်သည့်အခါတွင်မျှ ကလေးရယူဖွယ်မရှိကြောင်း ဂျပန်အစိုးရအစီရင်ခံစာတစ်ရပ်ကို ကိုးကား၍ ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျပန်အစိုးရ အမျိုးသားလူဦးရေနှင့် လူမှုလုံခြုံရေး သုတေသနအင်စတီကျု၏အဆိုအရ ၂၀၀၅ ခုနှစ်တွင် မွေးဖွားခဲ့သည့် ဂျပန်အမျိုးသမီး ၃၃ ဒသမ ၄ ရာခိုင်နှုန်းမှာ ကလေးမရှိသည့်အမျိုးသမီးများ ဖြစ်လာလိမ့်မည်ဖြစ်သည်။

အဆိုပါအမျိုးသမီးဦးရေသည် အသက် ၁၈ နှစ်အရွယ် ဂျပန်အမျိုးသမီးဦးရေစုစုပေါင်း၏ သုံးပုံတစ်ပုံခန့်နှင့်ညီမျှကြောင်း ဂျပန်သုတေသနပညာရှင်များက ပြောကြားခဲ့သည်။

ကမ္ဘာပေါ်၌ တတိယမြောက် စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံဖြစ်သော ဂျပန်နိုင်ငံသည် လူဦးရေကျဆင်းလာမှုပြဿနာနှင့် ရင်ဆိုင်နေရသည်။

ဂျပန်နိုင်ငံ၌ ကလေးမွေးဖွားမှုအရေအတွက်သည် ပြီးခဲ့သည့်နှစ်ပေါင်း ၄၀ ကျော်အတွင်း ကျဆင်းလာခဲ့ပြီး ဂျပန်ပြည်သူများအကြားတွင်လည်း လူနေမှုစရိတ်ကြောင့် အိမ်ထောင်ပြုသားမွေးလိုစိတ်နည်းပါးလာကြသည်။

ဂျပန်နိုင်ငံ၏ လူဦးရေအကျပ်အတည်းကို နည်းလမ်းမျိုးစုံဖြင့် ကိုင်တွယ်ဖြေရှင်းရန် ကြိုးစားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါက ယခုနှစ်ဇွန်လအတွင်းက ကတိပေးထားကြောင်း သိရသည်။

KKO

## နိုင်ဂျီးရီးယားရဲတပ်ဖွဲ့ လိင်တူချင်းလက်ထပ်ပွဲကိုစီးနင်း လူပေါင်း ၆၇ ဦးကို ဖမ်းဆီး

**အဘူဂျာ ဩဂုတ် ၃၀**

နိုင်ဂျီးရီးယားနိုင်ငံတောင်ပိုင်း ဒယ်လ်တာပြည်နယ် ဝါရီမြို့၌ နိုင်ဂျီးရီးယားရဲတပ်ဖွဲ့က လိင်တူချင်းလက်ထပ်ပွဲတစ်ပွဲကို စီးနင်းခဲ့ပြီး လူပေါင်း ၆၇ ဦးကို ဖမ်းဆီးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လိင်တူချင်းလက်ထပ်ပွဲအကြောင်းကို သတင်းပေးတစ်ဦးထံမှ သတင်းရရှိခဲ့ပြီးနောက် ရဲတပ်ဖွဲ့က စီးနင်းခဲ့ခြင်းဖြစ်ကြောင်း ဒယ်လ်တာပြည်နယ်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် လိင်တူချင်းလက်ထပ်ပွဲအခမ်းအနားကို မည်သည့်အချိန်တွင် စီးနင်းတားဆီးခဲ့သည်ကို အဆိုပါ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားခြင်း မရှိကြောင်း သိရသည်။

အဆိုပါစီးနင်းမှုအတွင်း ဖမ်းဆီးထားသူများကို မကြာမီကာလအတွင်း ရုံးတင်တရားစွဲဆိုမည်ဖြစ်ကြောင်း ဒယ်လ်တာပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားထားသည်။

နိုင်ဂျီးရီးယားနိုင်ငံ၌ လိင်တူချင်းလက်ထပ်ထိမ်းမြားမှုကို ရာဇဝတ်မှုအဖြစ်သတ်မှတ်ထားသည်။


နိုင်ဂျီးရီးယားနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် နိုင်ငံတကာက ကန့်ကွက်ခဲ့သော်လည်း လိင်တူချင်းပေါင်းဖက်မှုတိုက်ဖျက်ရေး ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းထားကြောင်း သိရသည်။

KKO

## တရုတ်မြေပုံသစ်၌ အရူနာချယ်ပရာဒေ့ရှ်ပါဝင်နေမှု အိန္ဒိယအစိုးရက တရုတ်အစိုးရထံ ကန့်ကွက်လွှာပေးပို့

**ဒေလီ ဩဂုတ် ၃၀**

တရုတ်နိုင်ငံကထုတ်ထားသည့် မြေပုံသစ်တစ်ခု၌ အိန္ဒိယနယ်မြေတစ်ခုကို တရုတ်ပိုင်နယ်မြေအဖြစ် ပြထားမှုနှင့်ပတ်သက်၍ အိန္ဒိယတာဝန်ရှိသူများက ဩဂုတ် ၂၉ ရက်တွင် တရုတ်နိုင်ငံကို ကန့်ကွက်ထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။



အိန္ဒိယမီဒီယာများ၏ အဆိုအရ တရုတ်အစိုးရက ထုတ်ပြန်ထားသည့် တရားဝင်စံကိုက်မြေပုံသစ်တစ်ခုတွင် အိန္ဒိယနိုင်ငံ အရူနာချယ်ပရာဒေ့ရှ် ပြည်နယ်နှင့် အက်ဆိုင်းချင်း ကုန်းမြင့်ဒေသတို့ကို တရုတ်နိုင်ငံပိုင် နယ်မြေများအဖြစ် ပြထားကြောင်း သိရသည်။

အိန္ဒိယမီဒီယာများ၌ အဆိုပါသတင်း ပေါ်ထွက်လာခဲ့ပြီးနောက် အိန္ဒိယအစိုးရက မြေပုံသစ်ကိစ္စနှင့်ပတ်သက်ပြီး တရုတ်နိုင်ငံသို့ ကန့်ကွက်လွှာပေးပို့ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် ဟိမဝန္တာ အရှေ့ပိုင်းရှိ အရူနာချယ်ပရာဒေ့ရှ်ကို တိဗက်ကုန်းမြင့်တောင်ပိုင်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပိုင်ဆိုင်ခွင့်တောင်းဆိုထားသည်။


ယခုနှစ်ဧပြီလအတွင်းထုတ်ပြန်ခဲ့သော မြေပုံတစ်ခုတွင်လည်း တရုတ်နိုင်ငံသည် အရူနာချယ်ပရာဒေ့ရှ်ပြည်နယ်အတွင်းရှိ နေရာ ၁၁ နေရာကို တိဗက်တောင်ပိုင်းနယ်မြေများအဖြစ်သတ်မှတ်၍ တရုတ်ဘာသာဖြင့် အမည်များပြောင်းထားကြောင်း သိရသည်။

အက်ဆိုင်းချင်းကုန်းမြင့်ဒေသမှာလည်း ဟိမဝန္တာအနောက်ပိုင်း ပိုင်ဆိုင်ခွင့်အငြင်းပွားဒေသတစ်ခုဖြစ်ပြီး တရုတ်နိုင်ငံက လက်ရှိတွင် ထိန်းချုပ်ထားသော်လည်း အိန္ဒိယအစိုးရက ပိုင်ဆိုင်ခွင့်တောင်းဆိုထားသည့် နယ်မြေဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ ဂျိမ်းစ်ဝက်ဘ်နှင့် ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်များက ကြာသပတေးဂြိုဟ်၏ အိုင်အိုဂြိုဟ်ရံလလေ့လာရေးလုပ်ငန်း၌ ပူးပေါင်းပါဝင်မည်



**ဝါရှင်တန် ဩဂုတ် ၃၀**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျိမ်းစ်ဝက်ဘ်နှင့် ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်များသည် ကြာသပတေးဂြိုဟ်၏ အိုင်အိုဂြိုဟ်ရံလ လေ့လာရေးလုပ်ငန်း၌ ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း Space. com သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂၉ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါ ရေဒီယိုတယ်လီစကုပ်နှစ်ခုသည် နာဆာ၏ဂျူနိုအာကာသယာဉ်ကို အကူအညီပေးရေးအတွက် အိုင်အိုဂြိုဟ်ရံလကို ပူးပေါင်းလေ့လာရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဂျိမ်းစ်ဝက်ဘ်နှင့် ဟက်ဘယ်တို့၏ လေ့လာစူးစမ်းမှုများမှ ရရှိမည့် သတင်းအချက်အလက်များသည် အိုင်အိုဂြိုဟ်ရံလကို အနီးကပ်ဖြတ်ပျံချိန်များတွင် ဂျူနိုအာကာသယာဉ်ကို ထိန်းကျောင်းလမ်းညွှန်ရေးအတွက် အထောက်အကူပေးလိမ့်မည်ဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

အိုင်အိုဂြိုဟ်ရံလသည် နေအဖွဲ့အစည်းအတွင်း၌ မီးတောင်လှုပ်ရှားမှုအပြင်းထန်ဆုံး အာကာသနယ်မြေဖြစ်သည်။

အိုင်အိုဂြိုဟ်ရံလပေါ်ရှိ မီးတောင်များမှာ သက်ဝင်နေဆဲဖြစ်ပြီး ချော်ရည်များကို အိုင်အိုဂြိုဟ်ရံလ လေထုလွှာအတွင်းသို့ အမြင့်မိုင်ပေါင်းများစွာထိ မှုတ်ထုတ်နိုင်ဆဲဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ယူဆထားသည်။

ဂျူနိုအာကာသယာဉ်သည် ၂၀၁၆ ခုနှစ် ဇူလိုင်လမှစ၍ ကြာသပတေးဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်ရံလများကို စတင်လေ့လာခဲ့ကြောင်း သိရသည်။

KKO

## အိန္ဒိယနိုင်ငံ၏ ချန်ဒရာယန်း-၃ လမျက်နှာပြင်လေ့လာရေးယာဉ်က လကမ္ဘာတောင်ဝင်ရိုးစွန်း၌ ဆာလဖာနှင့် အခြားဓာတုမော်လီကျူးများတည်ရှိနေမှုကို ဖော်ထုတ်အတည်ပြုနိုင်ခဲ့

**နယူးဒေလီ ဩဂုတ် ၃၀**

အိန္ဒိယနိုင်ငံ၏ ချန်ဒရာယန်း-၃ လမျက်နှာပြင်လေ့လာရေးယာဉ်သည် လကမ္ဘာတောင်ဝင်ရိုးစွန်း၌ ဆာလဖာနှင့် အခြားဓာတုမော်လီကျူးများ တည်ရှိနေမှုကို ဖော်ထုတ်အတည်ပြုနိုင်ခဲ့ကြောင်း အေပီသတင်းဌာနက ဩဂုတ် ၂၉ ရက်တွင် ရေးသားတင်ပြထားသည်။

ချန်ဒရာယန်း-၃ လမျက်နှာပြင်လေ့လာရေးယာဉ်သည် လကမ္ဘာတောင်ဝင်ရိုးစွန်းနယ်မြေပေါ်သို့ ဆင်းသက်ခဲ့ပြီး သီတင်းတစ်ပတ်ခန့်အကြာတွင် အထက်ပါဓာတုမော်လီကျူးများကို ထောက်လှမ်းတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ချန်ဒရာယန်း-၃ လမျက်နှာပြင်လေ့လာရေးယာဉ်၏ စူးစမ်းလေ့လာရေးစနစ်များသည် လကမ္ဘာတောင်ဝင်ရိုးစွန်းနယ်မြေ၌ ဆာလဖာအပြင် အလူမီနီယံ၊ သံ၊ ကယ်လစီယမ်၊ ဆိုဒီယမ်၊ တိုက်တေနီယမ်၊ အောက်ဆီဂျင်နှင့် ဆီလီကွန်မော်လီကျူးများကိုပါ တွေ့ရှိထားကြောင်း အိန္ဒိယအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။



လက်ရှိအချိန်တွင် ချန်ဒရာယန်း-၃ လမျက်နှာပြင်လေ့လာရေးယာဉ်သည် တစ်စက္ကန့်လျှင် လေးလက်မနှုန်းဖြင့် ရွေ့လျား၍ စူးစမ်းလေ့လာမှုများ ပြုလုပ်နေကြောင်း သိရသည်။

အဆိုပါ လမျက်နှာပြင်လေ့လာရေးယာဉ်သည် လကမ္ဘာတောင်ဝင်ရိုးစွန်းနယ်မြေ၌ ရေဓာတ်တည်ရှိမှုအပြင် တောင်ဝင်ရိုးစွန်းလေထုလွှာကိုလည်း လေ့လာမည်ဖြစ်ကြောင်း သိရသည်။

ချန်ဒရာယန်း-၃ လဆင်းယာဉ်နှင့် လမျက်နှာပြင်လေ့လာရေးယာဉ်တို့သည် ဩဂုတ် ၂၃ ရက်တွင် လကမ္ဘာတောင်ဝင်ရိုးစွန်းသို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

KKO

## ချန်ဒရာယန်း-၃ လဆင်းယာဉ်ဆင်းသက်ခဲ့သည့် လကမ္ဘာတောင်ဝင်ရိုးစွန်းနေရာကို အိန္ဒိယနိုင်ငံက ရှီဝသျှကတီဟု၍ အမည်ပေးထား

**နယူးဒေလီ ဩဂုတ် ၃၀**

ချန်ဒရာယန်း-၃ လဆင်းယာဉ်ဆင်းသက်ခဲ့သည့် လကမ္ဘာတောင်ဝင်ရိုးစွန်းနေရာကို အိန္ဒိယနိုင်ငံက ရှီဝသျှကတီဟု၍ အမည်ပေးထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂၉ ရက်တွင် ရေးသားတင်ပြထားသည်။

ချန်ဒရာယန်း လဆင်းယာဉ်ဆင်းသက်ခဲ့ရာနေရာ၏ အမည်ကို အိန္ဒိယဝန်ကြီးချုပ် မိုဒီက အိန္ဒိယအာကာသအေဂျင်စီဌာနချုပ်ခရီးစဉ်အတွင်း ကြေညာထားခြင်းဖြစ်သည်။

ထို့ပြင် ၂၀၁၉ ခုနှစ်အတွင်း ချန်ဒရာယန်း-၂ မစ်ရှင်၏ ဗစ်ခရစ်လဆင်းယာဉ် ပျက်ကျခဲ့သောနေရာလည်း တီရန်ဂါပွိုင့်ဟု၍ အိန္ဒိယနိုင်ငံက အမည်ပေးထားသည်။

သို့ရာတွင် အိန္ဒိယနိုင်ငံက ပေးထားသည့် အထက်ပါနာမည်များကို ပြင်သစ်နိုင်ငံ ပါရီအခြေစိုက် နိုင်ငံတကာနက္ခတ္တဗေဒသမဂ္ဂ(အိုင်အေယူ)က တရားဝင်အတည်ပြုသေးခြင်းမရှိကြောင်း သိရသည်။

ထို့ပြင် အိန္ဒိယအာကာသအေဂျင်စီအနေဖြင့် ချန်ဒရာယန်း-၃ လဆင်းယာဉ်ဆင်းသက်ခဲ့ရာနေရာ၏ အမည်ကို အိုင်အေယူသို့ တရားဝင်တင်သွင်းထားခြင်းရှိ၊ မရှိလည်းမသိရသေးကြောင်း သိရသည်။

ချန်ဒရာယန်း-၃ လဆင်းယာဉ်သည် ဩဂုတ် ၂၃ ရက်တွင် လမျက်နှာပြင်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်ခဲ့ကြောင်း သိရသည်။

KKO

# HEALTH

## အစာအိမ်အရွယ်အစားခွဲစိတ်၍ ချုံ့ထားသူများ ကင်ဆာရောဂါများဖြစ်နိုင်ခြေ ကျဆင်းသွားနိုင်

**နယူးယောက် ဩဂုတ် ၃၀**

အဝလွန်မှုကို ကုသရေးအတွက် အစာအိမ်အရွယ်အစားခွဲစိတ်၍ ချုံ့ထားသူများ၌ ကင်ဆာရောဂါများဖြစ်နိုင်ခြေ ကျဆင်းသွားနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂၉ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ဟူဘားတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကိုယ်အလေးချိန်ကို ခွဲစိတ်နည်းဖြင့် လျှော့ချထားသူများ အထူးသဖြင့် အမျိုးသမီးများမှာ ရေရှည်တွင် ကင်ဆာရောဂါများဖြစ်နိုင်ခြေ ကျဆင်းသွားတတ်ကြောင်း သိရသည်။

ခွဲစိတ်၍ အစာအိမ်အရွယ်အစားချုံ့မှုနှင့် ကင်ဆာရောဂါများဖြစ်နိုင်ခြေ ကျဆင်းမှုတို့ကြားမည်သို့ဆက်စပ်နေသည်ကို သုတေသနပညာရှင်များက ရှင်းပြနိုင်မှု မရှိသေးကြောင်း သိရသည်။

သို့ရာတွင် အထက်ပါအခြေအနေနှစ်ရပ်ကြားတွင် ဟော်မုန်းအဆင့် ဆက်စပ်မှုများရှိနေနိုင်ကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။

ခွဲစိတ်၍ အစာအိမ်အရွယ်အစား ချုံ့ထားမှုကြောင့် ဖြစ်ပွားနိုင်ခြေကျဆင်းသွားသည့် ကင်ဆာရောဂါများမှာ အမျိုးသမီးကင်ဆာရောဂါများဖြစ်ကြသည့် မျိုးဥအိမ်ကင်ဆာ၊ သားအိမ်ကင်ဆာနှင့် ရင်သားကင်ဆာတို့ဖြစ်ကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် အစာအိမ်အရွယ်အစားချုံ့ထားသူ ၂၂၀၀၀ ကျော်တို့ကို အစာအိမ်အရွယ်အစားချုံ့ထားခြင်းမရှိသည့် အဝလွန်သူများနှင့် နှိုင်းယှဉ်လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO

## အမျိုးသားများက အမျိုးသမီးများထက် နှလုံးရှုတ်တရက်ဖောက်နိုင်ခြေပိုများ

**အီဒင်ဘတ် ဩဂုတ် ၃၀**

အမျိုးသားများအနေဖြင့် အမျိုးသမီးများထက် နှလုံးရှုတ်တရက်ဖောက်နိုင်ခြေပိုများကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဩဂုတ်၂၉ ရက်တွင် ရေးသားတင်ပြထားသည်။

စကော့တလန်နိုင်ငံ အဘာဒင်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အမျိုးသားများသည် အမျိုးသမီးများထက် နှလုံးဖောက်နိုင်ခြေပိုများပြီး ခြေထောက်သွေးကြောများပိတ်ဆို့မှု (PAD) ဖြစ်နိုင်ခြေ နှစ်ဆပိုများကြောင်း သိရသည်။

ထို့ပြင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ အမျိုးသားများမှာ အမျိုးသမီးများထက် နှလုံးခုန်ရှုတ်တရက်ရပ်နိုင်ခြေနှင့် နှလုံးခုန်နှုန်းမူမမှန်မှုဖြစ်နိုင်ခြေ ၅၀ ရာခိုင်နှုန်းပိုမြင့်မားကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထိုနည်းတူ အမျိုးသားများအနေဖြင့် နှလုံးသွေးကြောဆိုင်ရာရောဂါများကြောင့် အသက်ဆုံးပါးနိုင်ခြေမှာ အမျိုးသမီးများထက် ၄၂ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း သိရသည်။

ဆေးလိပ်သောက်သုံးခြင်း၊ ကျန်းမာရေးနှင့် မလျော်ညီသည့် အစားအစာများ စားသုံးခြင်းနှင့် သွေးဖိအားမြင့်မားခြင်းတို့သည် နှလုံးဖောက်မှု သို့မဟုတ် နှလုံးရပ်မှုများ၏ အဓိကအကြောင်းတရားများဖြစ်သည်။

သုတေသနပညာရှင်များ၏ အဆိုအရ နှလုံးသွေးကြောကျဉ်းရောဂါမှာ သေမင်းတမန်ရောဂါဖြစ်ကြောင်း သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

## စပိန်လာလီဂါ ပွဲစဉ် (၄) ပွဲကြိုသုံးသပ်ချက်

STA

ကာဒီဇက် Vs ဗီလာရီးရဲလ်

ကစားမည့်ရက်/အချိန် ၁-၉-၂၀၂၃ (ည ၁၂:၀၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဗီလာရီးရဲလ် ၂ - ၀ ကာဒီဇက်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ကာဒီဇက် | - | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(သရေ) |
| ဗီလာရီးရဲလ် | - | ဝေး(ရှုံး) | ဝေး(နိုင်) | အိမ်(နိုင်) |

ဗီလာရီးရဲလ်အသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်မကောင်းသေးဘူးဆိုပေမဲ့ အသင်းတိုက်စစ်ပိုင်းကတော့ ဂိုးသွင်းအားကောင်းနေပါတယ်။ ကာဒီဇက်အသင်းကလဲ အိမ်ကွင်းဆိုရင်အသင်းလိုက်ကစားပုံကောင်းမွန်တယ်ဆိုပေမဲ့ ခံစစ်ပိုင်းက စိတ်ချလို့ရတဲ့အနေအထားမှာ မရှိသေးပါဘူး။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဗီလာရီးရဲလ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ကာဒီဇက် ၁ - ၂ ဗီလာရီးရဲလ်**

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၃) ပွဲကြိုသုံးသပ်ချက်

STA

ဒေါ့မွန် Vs ဟိုဖင်ဟိုင်း

ကစားမည့်ရက်/အချိန် ၂-၉-၂၀၂၃ (နံနက် ၀၁:၀၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဟိုဖင်ဟိုင်း ၃ - ၄ ဒေါ့မွန်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဒေါ့မွန် | - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(သရေ) |
| ဟိုဖင်ဟိုင်း | - | ဝေး(နိုင်) | ဝေး(ရှုံး) | အိမ်(ရှုံး) |

နှစ်ပွဲဆက်ရှုံးပွဲကြုံထားတဲ့ ဟိုဖင်ဟိုင်းအသင်းအတွက် ဒေါ့မွန်အသင်းကို ပွဲချိန်ပြည့်တုံ့ပြန်ကစားနိုင်ဖို့ ခက်ခဲမှာပါ။ ဒေါ့မွန်အသင်းကလဲ ပြီးခဲ့တဲ့ပွဲစဉ်က နိုင်ပွဲပျောက်ဆုံးခဲ့လို့ အခုပွဲစဉ်မှာတော့ နိုင်ပွဲပြန်လည်ရရှိအောင်ပြင်ဆင်လာမှာပါ။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဒေါ့မွန်အသင်းရဲ့အနိုင်ရလဒ်က သေချာနေပါတယ်။

**အင်တာနက်ခန့်မှန်း - ဒေါ့မွန် ၃ - ၀ ဟိုဖင်ဟိုင်း**

## ပြင်သစ်လီဂူး ပွဲစဉ် (၄) ပွဲကြိုသုံးသပ်ချက်

STA

နန့်တက် Vs မာဆေး

ကစားမည့်ရက်/အချိန် ၂-၉-၂၀၂၃ (နံနက် ၀၁:၃၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

နန့်တက် ၀ - ၂ မာဆေး

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| နန့်တက် | - | အိမ်(ရှုံး) | ဝေး(ရှုံး) | အိမ်(သရေ) |
| မာဆေး | - | အိမ်(နိုင်) | ဝေး(သရေ) | အိမ်(နိုင်) |

လိဂ်သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ နန့်တက်အသင်းရဲ့ ခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိဘဲ ဆိုးရွားနေပါတယ်။ မာဆေးအသင်းကတော့ အခုပွဲစဉ်မှာလဲ နန့်တက်အသင်းကို ခြေစွမ်းပိုင်းအသာစီးနဲ့ဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ မာဆေးအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - နန့်တက် ၀ - ၂ မာဆေး**

## အားကစားသတင်း အတိုအထွာများ

- ဘင်ဖီကာအသင်းက ဝုဗ်အသင်းတိုက်စစ်မှူး ဂွိဒက်စ်ကို တစ်ရာသီအငှားစာချုပ်ဖြင့်ခေါ်ယူခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။
- ဖရန့်ဖတ်အသင်းတိုက်စစ်မှူး မူအာနီကပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့လိုသောကြောင့် အသင်း၏လေ့ကျင့်ရေးအစီအစဉ်တွင်ပါဝင်ရန် ငြင်းဆိုခဲ့ပြီးနောက် အသင်းတာဝန်ရှိသူများက ကစားသမားအတွက် ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၈၆ သန်းရရှိပါက ရောင်းချမည်ဟု ပီအက်စ်ဂျီအသင်းကို အကြောင်းကြားခဲ့သည်။ ML

# ဆီဗီလာအသင်းက ရောင်းချရန်ပြင်ဆင်နေသည့် အိုကမ်ပို့စ်ကို ဖူလ်ဟမ်အသင်းခေါ်ယူရန် ကြိုးပမ်း



**လန်ဒန် ဩဂုတ် ၃၀**

ဆီဗီလာအသင်းသည် ဘဏ္ဍာရေးလိုအပ်ချက်ကြောင့် အသင်းမှ အဓိက ကစားသမားတစ်ဦးဖြစ်သည့် တိုက်စစ်မှူးအိုကမ်ပို့စ်ကို ရောင်းချရန် ပြင်ဆင်နေသဖြင့် ဖူလ်ဟမ်အသင်းနည်းပြ မာကိုစ်ဆေးဗားကခေါ်ယူရန် ကြိုးပမ်းနေကြောင်း Get Football သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆီဗီလာအသင်းသည် မကြာသေးမီက ဂိုးသမား ဘိုနိုကိုဆော်ဒီကလပ် အယ်ဟိုင်လာအသင်းသို့ ရောင်းချခဲ့ပြီးနောက် အသင်းခံစစ်ပိုင်းကျဆင်းသွားခဲ့ကာ အမှတ်ပေးပွဲစဉ် သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့သောကြောင့် အပြောင်းအရွှေ့ကာလမတိုင်မီ ခံစစ်ပိုင်းထပ်မံဖြည့်တင်းရန်အတွက် ဘဏ္ဍာရေးလိုအပ်ချက်ရှိနေကာ အဓိကတိုက်စစ်ကစားသမားအိုကမ်ပို့စ်ကိုရောင်းချရန် ပြင်ဆင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဆီဗီလာအသင်းသည် တိုက်စစ်မှူး အိုကမ်ပို့စ်ကို ပြောင်းရွှေ့ကြေးယူရို ၁၅ သန်းဖြင့် ရောင်းချမည် ဖြစ်သောကြောင့် ပရီးမီးယားလိဂ်ကလပ် ဖူလ်ဟမ်အသင်းကခေါ်ယူရန် ကစားသမားနှင့် ဆွေးနွေးမှုပြုလုပ်နေကာ မကြာခင် အချိန်ကာလအတွင်း အပြောင်းအရွှေ့ ပြီးမြောက်ရန် ကြိုးပမ်းလျက်ရှိသည်။

နည်းပြမာကိုစ်ဆေးဗားတာဝန်ယူနေသည့် ဖူလ်ဟမ်အသင်းသည် လက်ရှိအပြောင်းအရွှေ့ကာလတွင် ခံစစ်ကစားသမားဘက်ဆေးတိုက်စစ်မှူး ဂျီမီနက်ဇ်၊ ကွင်းလယ်ကစားသမား ထရာအိုရေးနှင့် ခံစစ်ကစားသမားကက်စတာနီတို့ကိုခေါ်ယူနိုင်ခဲ့သော်လည်း အပြောင်းအရွှေ့မပိတ်သိမ်းမီ တိုက်စစ်မှူးတစ်ဦးထပ်မံခေါ်ယူရန် စီစဉ်နေကာ ဆီဗီလာတိုက်စစ်မှူး အိုကမ်ပို့စ်ကို ခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်နေကြောင်း သိရသည်။

ML

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီကကြီးမှူးပြီး ယခုနှစ်မကုန်မီ ဖူဆယ်ပြိုင်ပွဲ လေးခုကို ဆက်လက်ကျင်းပသွားမည်

**ရန်ကုန် ဩဂုတ် ၃၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီကကြီးမှူးပြီး ယခုနှစ်မကုန်ဆုံးမီ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲလေးခုကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးပြီးကျင်းပမည့် ပြိုင်ပွဲလေးခုမှ MFF Women's Futsal Cup 2023 ပြိုင်ပွဲကို အောက်တိုဘာလနောက်ဆုံး ရက်သတ္တပတ်တွင် စတင်ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲကို အုပ်စုပတ်လည်စနစ်၊ ဆီမီးဖိုင်နယ်အဆင့်၊ ဖိုင်နယ်အဆင့် စသည်ဖြင့်ကျင်းပသွားမည်ဖြစ်သည်။

အလားတူ MFF Futsal League II 2023 Qualifiers ပြိုင်ပွဲကို အောက်တိုဘာလ တတိယရက်သတ္တပတ်တွင် စတင်ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ပြီးခဲ့သည့် MFF Futsal League II 2023 ပြိုင်ပွဲမှ တန်းဆင်းခဲ့ရသည့် အသင်းနှစ်သင်းနှင့် MFF Carabao Ameateur Cup 2023 ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည့်အသင်း ရှစ်သင်း စုစုပေါင်း ၁၀ သင်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။

MFF Futsal Championship 2023 ပြိုင်ပွဲကို လာမည့် နိုဝင်ဘာလ ဒုတိယရက်သတ္တပတ်အတွင်း ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် MFF Futsal League I 2023 ပြိုင်ပွဲနှင့် MFF Futsal League II 2023 ပြိုင်ပွဲမှ အသင်းများ၊ MFF Carabao Ameateur Cup 2023 ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည့် အသင်းများ၊ မန္တလာ ဖူဆယ်လိဂ်ပြိုင်ပွဲမှ အသင်း ခြောက်သင်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။

MFF Futsal League I 2023 ပြိုင်ပွဲနှင့် MFF Futsal League II 2023 ပြိုင်ပွဲများကို ဒီဇင်ဘာလ နောက်ဆုံးရက်သတ္တပတ်တွင်စတင်ကျင်းပသွားမည်ဖြစ်ပြီး MFF Futsal League I 2023 ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး MFF Futsal League II 2023 ပြိုင်ပွဲကို ယခင်က အသင်း ရှစ်သင်းဖြင့်သာကျင်းပခဲ့သော်လည်း လာမည့်ပြိုင်ပွဲတွင် အသင်းအရေအတွက် တိုးမြှင့်ပြီး ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ STA

# စပိန်နိုင်ငံ လက်ရွေးစင်ကစားသမားဘဝမှအနားယူကြောင်း ခံစစ်ကစားသမား ဂျော်ဒီအလာဘာ ထုတ်ပြန်

**မက်ဒရစ် ဩဂုတ် ၃၀**

စပိန်လက်ရွေးစင် ခံစစ်ကစားသမား ဂျော်ဒီအလာဘာသည် နိုင်ငံတကာပြိုင်ပွဲကာလ မတိုင်မီ နိုင်ငံလက်ရွေးစင်ကစားသမားဘဝမှ အနားယူကြောင်းထုတ်ပြန်ကြေညာခဲ့သည်ဟု 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျော်ဒီအလာဘာကို စပိန်လက်ရွေးစင်အသင်းက လာမည့် စက်တင်ဘာ ၈ ရက်တွင် ကစားရမည့် ယူရိုခြေစစ်ပွဲလူစာရင်းတွင် ခေါ်ယူခဲ့သော်လည်း ကစားသမားအနေဖြင့်ငြင်းဆိုခဲ့ပြီး နိုင်ငံအသင်းကစားသမားဘဝမှအနားယူကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အသက် ၃၄ နှစ်ရှိဂျော်ဒီအလာဘာသည် နိုင်ငံအသင်းအတွက် ၂၀၁၁ ခုနှစ်တွင် စတင်ပွဲထွက်ခွင့်ရရှိခဲ့ကာ ပြိုင်ပွဲစုံ ၉၃ ပွဲပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၁၀ ဂိုးနှင့် ဂိုးဖန်တီးမှု ၂၂ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် အသင်းနှင့်အတူ ယူရို ၂၀၁၂ ချန်ပီယံဆုဖလားနှင့် ၂၀၂၂-၂၀၂၃ ယူအီးအက်ဖ်အေ နေးရှင်းလိဂ် ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။

ဂျော်ဒီအလာဘာသည် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲ၊ ၂၀၁၈ ကမ္ဘာ့ဖလားနှင့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် အဓိက ကစားသမားတစ်ဦးအဖြစ်ပါဝင်ခဲ့သော်လည်း အောင်မြင်မှုမရခဲ့ဘဲ ၂၀၁၄ ကမ္ဘာ့ဖလားတွင် အုပ်စုအဆင့်တွင် လည်းကောင်း၊ ၂၀၁၈ ကမ္ဘာ့ဖလားတွင် (၁၆)သင်းရှုံးထွက်အဆင့်မှ လည်းကောင်း၊ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း (၁၆)သင်းရှုံးထွက်အဆင့်မှ လည်းကောင်း ထွက်ခွာခဲ့ရကြောင်း သိရသည်။ ML



# မန်ယူခံစစ်ကစားသမား ဗာရန်း ခြေချင်းဝတ်ဒဏ်ရာကြောင့် ခြောက်ပတ်ခန့်ထိအနားယူရမည်


**မန်ချက်စတာ ဩဂုတ် ၃၀**

မန်ယူအသင်း အဓိကခံစစ်ကစားသမားဗာရန်းသည် နော်တင်ဟမ်အသင်းနှင့်ပွဲစဉ်မှ ရရှိခဲ့သည့် ခြေချင်းဝတ် ဒဏ်ရာကြောင့် ရက်သတ္တခြောက်ပတ်ခန့်ထိအနားယူရမည်ဟု မန်ယူအသင်းကအတည်ပြုကြေညာခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဗာရန်းသည် မန်ယူအသင်းက နော်တင်ဟမ်အသင်းကို အိမ်ကွင်းတွင် သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်၏ ပွဲချိန်ပထမပိုင်းအပြီးတွင် ခြေချင်းဝတ်ဒဏ်ရာကြောင့် ဆက်လက်ကစားနိုင်ခြင်းမရှိခဲ့သည့်အတွက် လင်ဒီလော့နှင့်လူစားလဲထွက်ခွာခဲ့ရခြင်းဖြစ်သည်။

လက်ရှိတွင် ဗာရန်း၏ဒဏ်ရာကို အသေးစိတ်စစ်ဆေးမှုများပြုလုပ်ခဲ့ပြီးနောက် ကြံ့ခိုင်မှုပြန်လည်ပြည့်ဝရန်အတွက် အနည်းဆုံး ရက်သတ္တခြောက်ပတ်ခန့်ထိအနားယူရမည်ဟု အတည်ပြုခဲ့ပြီးနောက် မန်ယူအသင်း ခံစစ်ပိုင်းအတွက် အခက်ကြုံတွေ့လာမည်ဖြစ်သည်။

လက်ရှိ မန်ယူအသင်းခံစစ်ပိုင်းတွင် ဒဏ်ရာပြဿနာများနှင့် ကြုံတွေ့နေရပြီး မာလာစီယာအနေဖြင့် ဒဏ်ရာကြောင့် ကာလရှည်အနားယူနေခဲ့ရသကဲ့သို့ အဓိက ခံစစ်ကစားသမား တစ်ဦးဖြစ်သည့် လုခ်ရှောသည်လည်းဒဏ်ရာကြောင့် အနည်းဆုံး ရက်သတ္တခြောက်ပတ်ခန့်ထိ အနားယူရမည်ဖြစ်ပြီး ယခုအခါ ဗာရန်းသည်လည်း ဒဏ်ရာကြောင့် ရက်သတ္တခြောက်ပတ်ခန့်ထိအနားယူရမည်ဖြစ်ကာ လာမည့်နိုင်ငံတကာပွဲစဉ်များ ပြီးဆုံးမှသာ ပြန်လည်ပါဝင်နိုင်ဖွယ်ရှိနေကြောင်း သိရသည်။



STA

# နော်တင်ဟမ်အသင်းက အာဆင်နယ်ကစားသမား ဘာဗာရက်စ်ကို အငှားစာချုပ်ဖြင့်ခေါ်ယူ

**လန်ဒန် ဩဂုတ် ၃၀**

နော်တင်ဟမ် အသင်းသည် ခံစစ်ပိုင်းလိုအပ်ချက်အတွက် ဘယ်တောင်ပံခံစစ်ပိုင်းတွင် ခြေစွမ်းပြနေသည့် အာဆင်နယ်ကစားသမား ဘာဗာရက်စ်ကို တစ်ရာသီအငှားစာချုပ်ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

နော်တင်ဟမ် အသင်းသည် ဥရောပကလပ် အသင်းများက စိတ်ဝင်စားနေသည့် ဘာဗာရက်စ်ကို လက်ဦးမှု ရယူနိုင်ခဲ့သော်လည်း အာဆင်နယ်အသင်းနှင့် တစ်ရာသီ အငှားစာချုပ်တွင် အပြီးသတ်ဝယ်ယူခွင့်မပါရှိဘဲ စာချုပ်ကုန်ဆုံးပါက အာဆင်နယ်အသင်းနှင့် ပြန်လည်ပူးပေါင်းရမည်ဖြစ်သည်။

ဘယ်တောင်ပံခံစစ်ကစားသမား ဘာဗာရက်စ်သည် ၂၀၂၀ ခုနှစ်က ဘင်ဖီကာအသင်းမှ အာဆင်နယ်အသင်းသို့ပြောင်းရွှေ့ရောက်ရှိခဲ့ပြီးနောက် အသင်းနှင့် တစ်ရာသီသာ ပူးပေါင်းခွင့်ရခဲ့ရာတွင် ပြိုင်ပွဲစုံ ၂၈ ပွဲပါဝင်ခွင့်ရခဲ့ပြီး သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် ပြီးခဲ့သည့် ဘောလုံးရာသီက မာဆေးအသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရပြီး ယခုနှစ်ဘောလုံးရာသီတွင် နော်တင်ဟမ်အသင်းသို့ အငှားစာချုပ်ဖြင့် ထပ်မံစေလွှတ်ခံခဲ့ရသည်။

အသက် ၂၃ နှစ်ရှိ ဘာဗာရက်စ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက မာဆေးအသင်းတွင် ပြိုင်ပွဲစုံ ၃၉ ပွဲပါဝင်ခဲ့ရာ သွင်းဂိုးခြောက်ဂိုးထိသွင်းယူ ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် ယခုအပြောင်းအရွှေ့တွင် ဥရောပကလပ် အသင်းများအပါအဝင် ပရီးမီးယားလိဂ်ကလပ် အေဗီလာအသင်းနှင့် နော်တင်ဟမ်အသင်းတို့ကခေါ်ယူရန် အပြိုင်ကမ်းလှမ်းခဲ့ရာ ကစားသမားအနေဖြင့် နည်းပြ စတိဗ်ကူးပါး၏ နော်တင်ဟမ်အသင်းကိုသာရွေးချယ်ခဲ့ပြီး အငှားစာချုပ်ဖြင့်ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

ML

# အမေရိကန်အသင်းခေါင်းဆောင်ဇက်ဂျွန်ဆင်က ဂျက်စတင်သောမတ်စ်ကို အမေရိကန်အသင်းအတွက် ရွေးချယ်



**ဝါရှင်တန် ဩဂုတ် ၃၀**

Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဥရောပအသင်းဖြင့် ယှဉ်ပြိုင်ကစားမည့် အမေရိကန်အသင်းအတွက် အသင်းခေါင်းဆောင်ဖြစ်သူဇက်ဂျွန်ဆင်က အပြီးသတ်လူရွေးချယ်မှုများ ပြုလုပ်ခဲ့ရာတွင် အသင်းခေါင်းဆောင် ရွေးချယ်မှုအခွင့်အရေးအရ ဂျက်စတင်သောမတ်စ်ကို အသင်းတွင်ရွေးချယ်လိုက်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု Independent သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျက်စတင်သောမတ်စ်သည် ယခုနှစ် ဂေါက်သီးရိုက်ရာသီတွင် ပုံစံကောင်းရရှိရန် ရုန်းကန်နေရပြီး Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်ခွင့်အတွက် အမှတ်ပေးဇယားတွင်လည်း ဂျက်စတင်သောမတ်စ်အနေဖြင့် ပြိုင်ပွဲဝင်ခွင့်ရမည့်နေရာတွင် ရပ်တည်နိုင်ခြင်းမရှိခဲ့ဘဲ Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် အမေရိကန်အသင်းနှင့် လွဲချော်ရမည့် အခြေအနေဖြစ်နေသည်။

သို့သော်လည်း ရွေးချယ်ရမည့် အသင်းသား ၁၂ ဦးတွင် အသင်းသား ခြောက်ဦးကိုအသင်းခေါင်းဆောင်ဖြစ်သူက စိတ်ကြိုက်ရွေးချယ်ခွင့်ရှိသည့်အတွက်ကြောင့် အသင်းခေါင်းဆောင် ဇက်ဂျွန်ဆင်က ဂျက်စတင်သောမတ်စ်ကို အသင်းတွင် ရွေးချယ်ရန်ဆုံးဖြတ်ခဲ့ပြီး ၎င်းဆုံးဖြတ်ချက်ကြောင့်လည်း ဝေဖန်မှုများဖြင့် ရင်ဆိုင်နေရသည်။

ဇက်ဂျွန်ဆင်သည် ပုံစံကောင်းရရှိနေသည့် ဒက်စတင်ဂျွန်ဆင်နှင့် ဒီချမ်ဘူတို့ကိုကျော်လွန်ကာ ဂျက်စတင်သောမတ်စ်ကို ရွေးချယ်ခဲ့ခြင်းကြောင့် ဝေဖန်မှုများဖြင့် ရင်ဆိုင်နေရသော်လည်း ဂျက်စတင်သောမတ်စ်အပေါ် ယုံကြည်မှုအပြည့်ရှိကြောင်း ဇက်ဂျွန်ဆင်ကပြောကြားခဲ့သည်။

အီတလီနိုင်ငံ ရိုးမားမြို့တွင် ကျင်းပမည့် ယခုနှစ် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် အမေရိကန်အသင်းအတွက် အပြီးသတ်ရွေးချယ်လိုက်သည့် လူစာရင်းကို အသင်းခေါင်းဆောင် ဇက်ဂျွန်ဆင်က ထုတ်ပြန်ခဲ့ရာတွင် အမှတ်ပေးဇယားအရ အသင်းသားစာရင်းတွင် အလိုအလျောက်ပါဝင်ခွင့်ရခဲ့သည့် ကစားသမားများမှာ စကော့တီရှက်ဖလာ၊ ဟားမန်း၊ ပက်ထရစ်ကန်တလေ၊ မက်ဟိုမာ၊ ရှောင်ဖီလီ၊ ဝိုက်ဟမ်ကလက်တို့ဖြစ်သည်။

အသင်းခေါင်းဆောင်ရွေးချယ်မှုအခွင့်အရေးအရ ဇက်ဂျွန်ဆင်က ဆမ်ဘန်း၊ ရီကီဖောင်လာ၊ ကိုပ်ကာ၊ မိုရီကာဝါ၊ ဂျော်ဒန်စပိုက်၊ ဂျက်စတင်သောမတ်စ်တို့ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

AZL

# US Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ဂျိုကိုဗစ် တက်ရောက်

**နယူးယောက် ဩဂုတ် ၃၀**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင်ကျင်းပနေသည့် US Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် ပြင်သစ်တင်းနစ်ကစားသမား မူလာတို ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၆-၀၊ ၆-၂၊ ၆-၃)ရလဒ်ဖြင့်အနိုင်ရရှိကာ ဒုတိယအဆင့်သို့တက်ရောက်နိုင်ခဲ့ကြောင်း Telegraph သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် US Open တင်းနစ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့ပါက ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည် ရယူနိုင်မည်ဖြစ်သည့်အတွက်ကြောင့် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရေးအတွက် အဓိကပစ်မှတ်ထားလျက်ရှိနေသည်။

ဂျိုကိုဗစ်အနေဖြင့် ပထမအဆင့်တွင် အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့သလို မူလာကိုလည်း သက်သောင့်သက်သာဖြင့် အနိုင်ရခဲ့သည်။

ဂျိုကိုဗစ်အနေဖြင့် ပုံစံကောင်းရရှိခဲ့သော်လည်း ပွဲချိန်မှာညပိုင်းအချိန်တွင် ကစားခဲ့ရသည့်အတွက် အိပ်ချိန် နောက်ကျခဲ့ရကြောင်း၊ သို့သော် ရလဒ်ကောင်းဖို့သာ အရေးကြီးသည့် အတွက်ကြောင့် နေ့ခင်းဘက်အချိန်တွင် ဖြစ်စေ၊ ညအချိန်ဖြစ်စေ အချိန်မရွေး ကစားရန် အဆင်သင့်ရှိနေကြောင်း ပြောကြားခဲ့သည်။

ဂျိုကိုဗစ်သည် ဒုတိယအဆင့်တွင် စပိန်တင်းနစ်ကစားသမား ဇာပါတာနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

AZL



# WBA က ဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံစိန်ခေါ်ခွင့်အတွက် အက်မာဒီလီယက်ကို ကီဗင်ဂွန်ဇာလက်နှင့်ထိုးသတ်ရန် ညွှန်ကြား

**ပနားမားစီးတီး ဩဂုတ် ၃၀**

ပနားမားနိုင်ငံတွင် အခြေစိုက်သည့်ကမ္ဘာ့လက်ဝှေ့အသင်း(WBA)က ဘင်တန်ဝိတ်တန်းကမ္ဘာ့ချန်ပီယံစိန်ခေါ်ခွင့်အတွက် ဥဇဘက်ကစ္စတန်လက်ဝှေ့သမား အက်မာဒီလီယက်ကို မက္ကဆီကိုလက်ဝှေ့သမား ကီဗင်ဂွန်ဇာလက်နှင့် ထိုးသတ်ရန်ညွှန်ကြားလိုက်ကြောင်း Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

WBA သည် မူလကအက်မာဒီလီယက်ကို ဂျပန်လက်ဝှေ့သမား တိုမိုကီနှင့်ထိုးသတ်ရန် ညွှန်ကြားခဲ့သော်လည်း တိုမိုကီက ဘင်တန်ဝိတ်တန်းမှ ရွှေ့ပြောင်းလိုသည့်အတွက် စိန်ခေါ်ပွဲထိုးသတ်ရန် ညွှန်ကြားမှုကို ငြင်းဆန်သွားခဲ့သောကြောင့် ကီဗင်ဂွန်ဇာလက်နှင့် ထိုးသတ်ရန် ပြန်လည်ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

အက်မာဒီလီယက်သည် လက်ရှိ WBA ဘင်တန်ဝိတ်တန်းတွင် အဆင့်(၂)နေရာ၌ ရပ်တည်နေသူဖြစ်ပြီး ကီဗင်ဂွန်ဇာလက်က အဆင့်(၃)နေရာတွင် ရပ်တည်လျက်ရှိသည်။

WBA က အက်မာဒီလီယက်နှင့် ကီဗင်ဂွန်ဇာလက်တို့ကြား ဆွေးနွေးညှိနှိုင်းမှုကို ရက်ပေါင်း ၃၀ အတွင်း အပြီးသတ်ဆွေးနွေးမှုပြုလုပ်ရန် ညွှန်ကြားခဲ့သည်။

WBA ချန်ပီယံရှစ်ကော်မတီဥက္ကဋ္ဌဖြစ်သူ ကားလို့စ်ချာဗက်ဇ်က "အက်မာဒီလီယက်နဲ့ ကီဗင်ဂွန်ဇာလက်တို့ကို ဘင်တန်ဝိတ်တန်း ချန်ပီယံစိန်ခေါ်ခွင့်အတွက် ထိုးသတ်သွားဖို့ညွှန်ကြားလိုက်ပါတယ်။ ညွှန်ကြားချက်ကို လက်ခံရရှိခဲ့ပြီး ရက်ပေါင်း ၃၀ အတွင်း စာချုပ်မှာ လက်မှတ်ထိုးနိုင်အောင် ဆွေးနွေးဖို့လဲ ညွှန်ကြားထားပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# မြန်မာသံတေးတို့ ကမ္ဘာတည်ပါစေ

အောင်ကြည်ညွှန့်(တက္ကသိုလ်)

၂၀၂၀ ပြည့်နှစ် ရာပြည့်နှစ်များနှင့် ပြည့်လျှမ်းနေသည်။ ပြည်သူတို့၏ အသည်းနှလုံး၊ ကျောင်းသား၊ ကျောင်းသူ၊ မိဘဆရာသမားများ၏ တန်ဖိုးထားရာ ရန်ကုန်တက္ကသိုလ်ကြီးသည် ၁၉၂၀ ပြည့်နှစ်တွင် တည်ထောင်ခဲ့သဖြင့် ၂၀၂၀ ပြည့်နှစ်တွင် နှစ် ၁၀၀ ရာပြည့်နှစ်ဖြစ်ခဲ့သည်။

ရန်ကုန်တက္ကသိုလ် ရာပြည့်နှစ်ကို ကြိုဆိုသောအားဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တက္ကသိုလ်နှင့်ဆိုင်သော သီချင်းအပုဒ် ၁၀၀ ကို သောကြာနေ့တိုင်း ထုတ်လွှင့်ပေးခဲ့သည်။

နှစ် ၁၀၀ အတွင်း ရန်ကုန်တက္ကသိုလ်ကြီးက မွေးဖွားပေးလိုက်သော ကျောင်းသား၊ ကျောင်းသူပေါင်းမှာ ထောင်သောင်းသိန်းမက ရှိနေပြီဖြစ်သည်။ အသက်အရွယ်မှာလည်း လူကြီး၊ လူငယ်၊ လူရွယ်၊ လူလတ် အရွယ်ပေါင်းစုံလှသည်။

၂၀၂၀ ပြည့်နှစ်တွင်လည်း ကိုဗစ်ရောဂါတစ်နှစ်လုံးလုံး ဖိစီးခံရသဖြင့် ပြည်သူပြည်သားအပေါင်းမှာ အိမ်တွင်းပုန်းဘဝဖြင့် နေကြရသည်။ အရွယ်သုံးပါး ပြည်သူများအတွက် စိတ်အာဟာရထွက်ပေါက်မှာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) မှ သောကြာနေ့တိုင်း သတင်းအပြီး တက္ကသိုလ်ရာပြည့်အထိမ်းအမှတ် သီချင်း ၁၀ ပုဒ်စီ ဖျော်ဖြေပေးနေသဖြင့် ပြည်သူများ အားရကျေနပ်ဝမ်းသာရပေသည်။

ပြည်သူများကလည်း သောကြာနေ့တိုင်းစောင့်ကာ တက္ကသိုလ်သီချင်းများကို အားရပါးရနားထောင်ကြရသည်။ သီချင်းအမည်၊ သီဆိုသူ၊ ပြန်ဆိုသူ၊ သီချင်းရေးစပ်သူတို့အပေါ် မိမိတို့၏ထင်မြင်ယူဆချက်များကို လူမှုကွန်ရက်ပေါ်တွင် အယူအဆအမျိုးမျိုး၊ ရှုထောင့်အဖုံဖုံမှ စိတ်ဝင်တစားတင်ပေးကြသည်ကို တွေ့ရသည်။

မြန်မာသံအများစု တက္ကသိုလ်သီချင်းများအားလုံး အပုဒ် ၁၀၀ ကို အားရပါးရ ဝမ်းပန်းတသာ နားသောတဆင်ခွင့် ရခဲ့သည်။

အမိတက္ကသိုလ်ကြီးကို လွမ်းဆွတ်သူများ၊ ချစ်သူဟောင်းများကို တမ်းတသူများ၊ ကွဲကွာသွားရသည့် ချစ်သူများကို လွမ်းရသူများလည်း ရာထောင်မကရှိနိုင်သည်။ မာလာဆောင်၊ အင်းလျားဆောင်၊ ဂျပ်ဆင်၊ အင်းလျားကန်၊ ကံ့ကော်ပန်း၊ စိန်ပန်းပြာ၊ RC၊ သစ်ပုပ်ပင်တို့သည် ပြည်သူတို့ရင်တွင် လာရောက်ငြိတွယ်ခဲ့ကြသည်။

တက္ကသိုလ်ရာပြည့် ဖျော်ဖြေပွဲကြီး သီချင်းအပုဒ် ၁၀၀ ပြီးသွားသောအခါ သောတရှင်ပြည်သူများမှာ ရင်ထဲတွင် ဟာသွားကြသည်။ သီချင်းသံများ ကြားချင်ကြသည်။ နားဆင်လိုကြသည်။ ပရိသတ်ဆန္ဒပြည့်ဝကြသည်။

မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ ပြည့်ပွဲကလည်း ၂၀၂၀ ပြည့်နှစ်တွင် ကြုံကြိုက်ပြန်သည်။ ထို့ကြောင့် ရုပ်ရှင်သီချင်း အပုဒ် ၁၀၀ ကို သောကြာနေ့တိုင်း သတင်းအပြီး တစ်နေ့လျှင် ၁၀ ပုဒ်ဖျော်ဖြေသည်။

ရုပ်ရှင်သီချင်းဖြစ်၍ ပရိသတ်နှစ်ခြိုက်ကြသည်။ ရုပ်ရှင်သီချင်း နောက်ခံသီဆိုသော နာမည်ကြီးအဆိုတော်ကြီးများဖြစ်သည့် မောင်သိန်းဝင်း၊ အေဝမ်း တင်တင်လှ၊ တက္ကသိုလ်လဲ့လဲ့၊ သန်းမြတ်စိုး၊ ချိုပြုံး၊ တင်တင်မြ စသည့် အဆိုတော်များနှင့် မူရင်းအဆိုတော်များ၊ လူငယ်အဆိုတော်များ ဖျော်ဖြေကြသည်။

ဤအစီအစဉ်အရ MRTV ကို ကျေးဇူးတင်သည်။ ပရိသတ်ကြီးကလည်း နှစ်နှစ်ခြိုက်ခြိုက် အားပေးကြသည်။ သောကြာနေ့သတင်းအပြီးကို စောင့်နေကြသည်။ မြန်မာသံလွှမ်းမိုးသော အစီအစဉ်ဖြစ်သည်။

ရုပ်ရှင်ရာပြည့် သီချင်းအပုဒ် ၁၀၀ အစီအစဉ် ထုတ်လွှင့်မှု ပြီးသွားသောအခါ မြန်မာသံသီချင်းများကို ခံစားနားဆင်နေကြသော သောတရှင်ပရိသတ်ကြီးမှာ ရင်ထဲတွင် ဟာ၍သွားခဲ့ကြပြန်သည်။

သောတရှင်အပေါင်း ကံကောင်းသည်ဟု ဆိုရပါမည်။ ၂၀၂၁ ခုနှစ်သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) ၏ (၇၅) နှစ်မြောက် စိန်ရတုအခါသမယနှင့် တိုက်ဆိုင်နေပြန်သည်။

ထို့ကြောင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတု ဂုဏ်ပြုအစီအစဉ်အရ သီချင်း ၇၅ ပုဒ်ကို သောကြာနေ့တိုင်း ထုတ်လွှင့်ပေးပြန်သည်။ တစ်ပတ်လျှင် ခုနစ်ပုဒ်ဖြင့် ရက်သတ္တ ၁၁ ပတ်ခန့် စဉ်ဆက်မပြတ် ရွေးချယ်ထုတ်လွှင့်ပေးခဲ့သည်ကို တဝကြီး ခံစားနားထောင်ရသည်။

❖ ကျေးလက်နေပြည်သူလူထုကြီးသည် မြန်မာသံ၊ မြန်မာသီချင်းများမှလွဲ၍ မည်သည့်သီချင်းကိုမျှ ကြိုက်နှစ်သက်ခြင်းမရှိကြောင်း လေ့လာချက်များအရ သိရသည်။ အသက်အရွယ်ရပြီး ရင့်ကျက်သောလူကြီးအများစုကလည်း မြန်မာသံ၊ မြန်မာသီချင်းများကိုသာ ကြိုက်နှစ်သက်ကြသည်။ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့အနုပညာ၊ မြန်မာသံ၊ မြန်မာသီချင်းများကို အနောက်တိုင်းတေးဂီတသီချင်းများက အနိုင်ယူသွားမည်ဟု စိုးရိမ်သူအများအပြားရှိသည်။ စာရေးသူအနေဖြင့်မူ လေ့လာမိသလောက် မြန်မာသံ၊ မြန်မာသီချင်းများသည် ကမ္ဘာတည်သရွေ့ တည်တံ့နေမည်ဟု ယုံကြည်သည်။ ❖

ရုပ်မြင်သံကြားမပေါ်ပေါက်ခင်က ရေဒီယိုကိုသာ အားကိုးခဲ့ရသည်။ တေးသီချင်းများကိုလည်း မြန်မာ့အသံမှပင် ထုတ်လွှင့်ပေးသည်။ မြန်မာ့အသံတွင် ခေတ်ပေါ်တေးဂီတအဖွဲ့ရှိသည်။ ရေဒီယိုအဆိုတော်ပေါင်းများစွာကို မြန်မာ့အသံကပင် မွေးထုတ်ပေးခဲ့သည်။ ဓာတ်ပြားရအဆိုတော်ဖြစ်ရန် မလွယ်ကူပါ။

မြန်မာ့အသံသို့ကိုယ်ပိုင်တီးဝိုင်းအဖွဲ့များကလည်း သီချင်းအသံသွင်း၊ အသံလွှင့်ကြသည်။ စန္ဒရားဆရာများခေါင်းဆောင်သော တေးဂီတအဖွဲ့များစွာပေါ်ထွန်းခဲ့သည်။

နာမည်ကြီး ရေဒီယိုအဆိုတော်ကြီးများဖြစ်ကြသည့် ဒေါ်တင်တင်မြ၊ ဒေါ်မာမာအေး၊ ဒေါ်ချစ်စပယ် စသည်တို့သည် မြန်မာ့အသံဝန်ထမ်းများဖြစ်ကြသည်။

မြန်မာ့အသံသည် တေးသီချင်းများကို ပုံစံအမျိုးမျိုးဖြင့် ထုတ်လွှင့်ပေးသည်။ သောတရှင်တို့လိုရာ နံနက်ခင်းတေး၊ မွေးနေ့တေး၊ သူ့အကြိုက်တေး၊ ရုပ်ရှင်တေး စသည်ဖြင့်အမျိုးမျိုးအဖုံဖုံ ထုတ်လွှင့်ပေးသည်။

စာရေးသူသည် မြန်မာသံမြန်မာသီချင်းများနှင့် စပ်လျဉ်း၍ အဖြစ်အပျက်တစ်ခုကို အမှတ်ရနေသည်။ မိမိတို့စာရေးဆရာအဖွဲ့သည် သောကြာစကားဝိုင်းဟူ၍ သမ္မတရုပ်ရှင်ရုံအနီးရှိ 'မြယမုံ'စားသောက်ဆိုင်၌ ညနေ ၄ နာရီခန့်တွင် အပတ်စဉ်ဆုံကြသည်။ ထိုအဖွဲ့တွင် ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း၊ ဆရာကြီး ရဲဘော်ကျော်ဆန်း၊ မုဒုံသူမွန်၊ သိပ္ပံစိုးမြင့်နိုင်၊ မင်းရွှေမင်း(အင်းစိန်)၊ သုဝဏ္ဏကျော်စိန်၊ ဆရာဘသက်ဆွေ၊ ဆရာတက္ကသိုလ်စိုးရင်၊ ရေနံမြေမောင်မောင်ကြည်၊ ဒေါက်တာသက်ဆွေ၊ ဆရာမ ခင်ပန်နှင်း(ကွယ်လွန်)စသည်တို့ လာတတ်သည်။

တစ်ညနေတွင် ဆရာမင်းရွှေမင်း(အင်းစိန်)နှင့် ဆရာမ ခင်ပန်နှင်းတို့ မြန်မာသံသီချင်းများကိုမည်သူက ပိုချစ်ရသည်၊ မည်သူက ပိုချစ်သည်၊ မည်သူက ပိုမြတ်နိုးသည် စသည်ဖြင့် စကားစစ်ထိုးကြသည်။

ဆရာမင်းရွှေမင်း(အင်းစိန်)က ဘယ်သီချင်းရသလားဟုဆိုလိုက်လျှင် ဆရာမကဆိုပြသည်။ ရှားပါးသော သီချင်းများ၊ အဆိုရခက်သော သီချင်းများ၊ သီချင်းအရှည်ကြီးများကို မနားတမ်းသီဆိုပြနိုင်သည်။

ဓာတ်ပြားရသီချင်းများဆိုလျှင်လည်း ကိုသန်းလှိုင်၊ စန္ဒရားချစ်ဆွေ၊ ကိုတင်လှိုင်၊ မောင်မောင်ကြီး၊ မာမာအေး၊ တွံတေးသိန်းတန်၊ သန်းထွန်းလေး စသည့် နာမည်ကြီးအဆိုတော်များ၏ သီချင်းများကို ချက်ချင်းဆိုပြနိုင်သည်။ ခေတ်ပညာတတ် ဆရာဝန်တစ်ဦးပင်လျှင် မြန်မာသံ၊ မြန်မာ့သီချင်းများကို လေးစားတန်ဖိုးထားကာ ရင်ဝယ်သိမ်းထားနိုင်ခဲ့သည်ကို သတိပြုမိသည်။

ဇာတ်သဘင်လောက မှေးမှိန်သွားသည့်နည်းတူ မြန်မာသံစစ်စစ် တေးသီချင်းများသည်လည်း တဖြည်းဖြည်း ပျောက်ကွယ်သွားနိုင်ကြောင်းကို ဆွေးနွေးကြသည်။ အဘယ်ကြောင့်ဆိုသော် ယနေ့ခေတ်လူငယ်များသည် အနောက်တိုင်းတေးဂီတကို နှစ်သက်ခုံမင်ကြပြီး စွဲစွဲလမ်းလမ်းသီဆိုကြသည်။ မီဒီယာခေတ်ဖြစ်သည့်အားလျော်စွာ တီဗီ၊ ဗီဒီယို၊ စီဒီ၊ မိုဘိုင်းဖုန်း၊ အင်တာနက်၊ ယူကျု၊ အင်စတာဂရမ်၊ ဖေ့စ်ဘွတ်တို့မှ သီချင်းများ ရယူနိုင်နေပြီဖြစ်သည်။

အနောက်တိုင်းယဉ်ကျေးမှုမှ ဆင်းသက်လာသော ရော့(ခ်)သီချင်းများ၊ ရက်(ပ်)သီချင်းများ၊ ဟစ်ဟော့သီချင်းများ ခေတ်စားလာပြီး စင်တင်တေးဂီတပွဲများအဖြစ် တင်ဆက်ကာ အောင်မြင်ကျော်ကြားလာတော့သည်။ အနောက်တိုင်းဟန်၊ အဝတ်အစား၊ အဆိုများဖြင့် တင်ဆက်ကြသည်။ လက်မှတ်ဝင်ကြေးမှာလည်း သောင်းချီပေးကာ ကြည့်ကြရသည်။ ပွဲလုပ်သည့်နေရာမှာလည်း ဟိုတယ်၊ ဇာတ်ရုံနှင့် အထူးနေရာများတွင်သာဖြစ်သည်။

မြန်မာသံနှင့်မြန်မာ့အသံ အဆိုတော်များဆိုလျှင် မကြည့်ချင်ကြတော့။ ပွဲကြည့်ပရိသတ်နည်းမည်ဟု ယူဆကြသည်။ ပွဲတင်ဆက်သူများကလည်း မြန်မာသံပွဲကို မသွင်းရဲကြ၊ အရှုံးကြီးရှုံးမည်ထင်ကြသည်။ မြန်မာသံ၊ မြန်မာ့ဟန်၊ မြန်မာ့ဂီတတို့ တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွားမည်ဟု ယူဆကြသည်။

ဟစ်ဟော့၊ ရက်(ပ်)၊ ရော့(ခ်)၊ R&B ပေါ့ဂျက်(စ်) စသည့်အနောက်တိုင်းတေးဂီတ လှိုင်းလုံးကြီးက မြန်မာ့ဂီတအနုပညာကို ဖုံးလွှမ်းသွားမည်ဟု ဟောကိန်းထုတ်ကြသည်။

ကျေးလက်နေပြည်သူလူထုကြီးသည် မြန်မာသံ၊ မြန်မာသီချင်းများမှလွဲ၍ မည်သည့်သီချင်းကိုမျှ ကြိုက်နှစ်သက်ခြင်းမရှိကြောင်း လေ့လာချက်များအရ သိရသည်။ အသက်အရွယ်ရပြီး ရင့်ကျက်သောလူကြီးအများစုကလည်း မြန်မာသံ၊ မြန်မာသီချင်းများကိုသာ ကြိုက်နှစ်သက်ကြသည်။

မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့အနုပညာ၊ မြန်မာသံ၊ မြန်မာသီချင်းများကို အနောက်တိုင်းတေးဂီတသီချင်းများက အနိုင်ယူသွားမည်ဟု စိုးရိမ်သူအများအပြားရှိသည်။ စာရေးသူအနေဖြင့်မူ လေ့လာမိသလောက် မြန်မာသံ၊ မြန်မာသီချင်းများသည် ကမ္ဘာတည်သရွေ့ တည်တံ့နေမည်ဟု ယုံကြည်သည်။

ရှေးရှေးက ဂန္ထဝင်ဂီတစာဆိုကြီးများ ရေးစပ်သီကုံးခဲ့ကြသော သီချင်းများကို ခေတ်အဆက်ဆက် အဆိုတော် ကြီးငယ်တို့သီဆိုခဲ့ကြပြီး ခေတ်ပြောင်း၊ စနစ်ပြောင်းသော်လည်း နှောင်းခေတ်လူငယ်တို့က အမြတ်တနိုး တန်ဖိုးထား၍ ဆက်ကာဆက်ကာ သီဆိုခဲ့ကြသည်။ မမေ့နိုင်ကြရုံမက မရိုးနိုင်လည်းဖြစ်ကြသည်။

ဥပမာ အဆိုတော်ကြီးခင်မောင်ရင်သီဆိုခဲ့သော ဘိုးဘိုးအောင်၊ နဂါးနီ၊ စကြာသိုက် စသောသီချင်းများကို အဆိုတော်သုမောင်တို့ခေတ်ထိ မရိုးနိုင်အောင် ပြန်ဆိုခဲ့ကြသည်။ တစ်ခေတ်ဆန်းခဲ့သည်။ လွန်ခဲ့သောနှစ်ပေါင်း ၅၀ ခန့်က ဓာတ်ပြားရ ရေဒီယိုသီချင်းများကို ယနေ့ထက်တိုင် မြတ်မြတ်နိုးနိုး သီဆိုနေကြသည်။

KTV ဆိုင်များတွင်လည်း စန္ဒရားချစ်ဆွေ၊ ကိုသန်းလှိုင်၊ ကိုတင်လှိုင်၊ ကိုမြကြီး၊ ကိုစောညိန်း၊ စန္ဒရားထွန်းညွန့်၊ စန္ဒရားလှထွတ်၊ မောင်မောင်ကြီး၊ ခင်မောင်ကြီး၊ တွံတေးသိန်းတန်၊ ဇော်ဝမ်း၊ သုမောင်၊ ဝင်းဦး၊ သန်းမြတ်စိုး၊ မာမာအေး၊ ချိုပြုံး၊ တင်တင်မြ၊ တက္ကသိုလ်လဲ့လဲ့၊ စိုးစန္ဒာထွန်း စသည်တို့သီချင်းများကိုသာ သီဆိုကြသည်ကို တွေ့ရသည်။

တေးဂီတဖျော်ဖြေပွဲများတွင် မျိုးဆက်သစ် ပါရမီရှင်လူငယ်များကိုလည်း တွေ့ရှိရသည်။ သူဇာအောင်၊ မေသက်ထားဆွေ၊ ဝိုင်းလမင်းအောင်၊ ခင်ပိုးပန်းချီ စသောလူငယ်များ၏ မြန်မာသံ၊ မြန်မာ့ဟန်၊ မြန်မာသီချင်းများ သီဆိုမှုမှာ အားရစရာပင်ဖြစ်သည်။

မိမိတို့သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတု ဂီတဖျော်ဖြေပွဲမှ ရေဒီယို၊ ဓာတ်ပြားရ တေးသီချင်းများကို တစ်စုတစ်ဝေးတည်း ပြန်လည်စုစည်းကြားနေရသည်။ နားဆင်ခံစားနေကြရသည်။

မြန်မာသံ၊ မြန်မာ့ဟန်၊ တေးသီချင်း ၂၇၅ ပုဒ်ကို ရက်ပေါင်း ၉၀ (သုံးလ)ခန့်အတွင်း အပတ်စဉ်နားထောင်ရသဖြင့် မြန်မာသီချင်းများကို စွဲလမ်းသွားမိသည်။ နောက်ဆုံးထုတ်လွှင့်သွားသော ရေဒီယိုသီချင်းများမှာလည်း မိမိနှင့်နှစ်ပေါင်းများစွာကပင် ထိတွေ့နားထောင်ခံစားခဲ့ဖူးသော၊ မိမိအလွတ်ရနေသော သီချင်းများဖြစ်ကြသည်။

ဤကဲ့သို့ မမေ့မလျော့သောစိတ်ဖြင့် နှစ်ပေါင်းများစွာ ကြာရှည်တည်တံ့ကျော်ကြားခဲ့သော ဂန္ထဝင်တေးများကို ပြည်သူလူထု၏ အားထားရာ မီဒီယာကြီးတစ်ခုဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှနေ၍ တာဝန်သိသိ၊ သစ္စာရှိရှိ မိမိ၏တာဝန်သုံးရပ်ဖြစ်သော-

- ပြန်ကြားပေးရန်
- ပညာပေးရန်
- ဖျော်ဖြေပေးရန် မြန်မာ့အသံဆိုသည့်အတိုင်း ရန်ကုန်တက္ကသိုလ် ရာပြည့်ပွဲ၊ မြန်မာ့ရုပ်ရှင်ရာပြည့်ပွဲနှင့် မိမိဌာန၏ (၇၅) နှစ်ပြည့် စိန်ရတုပွဲကြီးများအတွက် မြန်မာသံသီချင်းများကို ထုတ်လွှင့်တင်ဆက်ဖျော်ဖြေခဲ့ပြီးဖြစ်သည်။

မြန်မာသံနှင့်မြန်မာဆန်သော၊ မြန်မာသီချင်းသည် မြန်မာ့မြေပေါ်မှ ဘယ်သောအခါတွင်မျှ ပျောက်ကွယ်သွားမည်မဟုတ်ကြောင်းနှင့် မြန်မာတို့၏ရင်ထဲတွင် မြန်မာသံစဉ်များ ထာဝရရှင်သန်နေမည်ဟု ယုံကြည်မိပါတော့သည်။

# Development of entire country to be realized by making progress in socio-economic lives of individual members of public



Senior General Min Aung Hlaing delivers address at the meeting.

**Mandalay August 30**

Meeting (4/2023) of the Union Government was held at the meeting hall of the Office of the Chairman of the State Administration Council in Nay Pyi Taw this afternoon and Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered a speech at the meeting.

Also present at the meeting were Vice Chairman of the SAC Deputy Prime Minister Vice-Senior General Soe Win, union ministers and union-level officials while chief ministers of states and regions participated at the meeting through video conferencing.

**Development of basic socio-economic lives of citizens**

First, the Senior General delivered a speech, saying it can be said that the meeting is the first meeting of the new Union Government. The duty of a government is to take measures for the stability and development of the country. In taking measures for development, efforts must be made for progress and betterment of the country. In exerting efforts for development of the country, it is necessary to enable each and every member of the public to enjoy healthy lives, to acquire good education, to get jobs and incomes and to reduce poverty for development of basic socio-economic lives of citizens. Only when development of socio-economic lives of individual citizens is promoted, will the development of the country be realized. Therefore, it is necessary to make efforts with the aim of promoting development of socio-economic lives of individual citizens. In doing so, respective ministries are required to adopt objectives and implement them.

Measures for poverty alleviation have been taken since the term of the first democratic government. Poverty alleviation and development of socio-economic lives basically require high standards of education. The majority of urban population have generally received higher formal school education but only a few people from rural and remote areas have access to formal school education. Therefore, efforts must be made with the aim of enabling people from such areas to have access to formal school education. In the past, success was achieved by conducting three Rs courses to eliminate illiteracy in the entire country. At present, efforts must be made to enable all the people from rural and remote areas to read and write. Although there may be language barriers, measures must be taken for literacy from basic steps. When they are literate, further efforts must be made for higher formal school education for them.

**Economic development of country to be realized through economy based on agriculture, livestock breeding**

In the development of socio-economic lives, socio means good health and education. Therefore, efforts must be made for higher education standards of the people without fail. Similarly, measures must also be taken for the health of the entire people. On the other hand, it is necessary to help production businesses thrive. Only when income-generating businesses thrive, will they be able to spend money for food and living, providing strength for good health. In doing business, it is important to pragmatically carry out production businesses based on agriculture and livestock breeding as people in the entire country engage in the two sectors. Therefore, the government has been promoting agriculture and livestock breeding. If progress is achieved by making efforts step by step and year by year, modern businesses can be conducted based on agriculture and livestock breeding.

In order to operate production businesses, it is necessary to turn out necessary human resources for managing industries based on agriculture and livestock tasks. The Senior General stressed the need to function the industrial production based on agriculture and livestock farms and then to improve technologies and industries.

The Senior General gave guidance that MSME businesses must be operated as the most basic functions of manufacturing. If these businesses can be operated with high technologies, they can manufacture value-added products. As MSME are basic businesses of the country, if they operate with the use of certain raw materials of agriculture and livestock farms, the whole country will have improvement. By so doing, the people will have increased income and booming business, and then enjoy improved health and living standard.

With regard to the production, the Senior General highlighted that State-owned industries and private ones have own missions and visions. All industries have to meet the target production, and relevant ministries need to strive for meeting the targets of transport and other services. It is necessary to reoperate the hated industries to launch manufacturing. In so doing, production needs to depend in capacity of machinery. Likewise, it is necessary to encourage the private production at full capacity.

If efforts can be made for meeting the target of agriculture and livestock businesses, they can manufacture products. To do so, boosting per-acre yield more than expansion of sown acreage will be beneficial for all. And then, it can step up the production at home so as to meet the local demand as well as to export surplus to foreign countries. As the whole world requires agriculture and livestock products, it is the largest market for Myanmar. Moreover, it is necessary to improve double cropping productivity. Agriculture and livestock businesses contribute much to the State economy. As such, Union ministers and region and state governments have to systematically implement all the projects to have success.

**Emphasis to be placed on correct and accuracy of statistics**

The Senior General stressed the need to take care of systematically compiling the correct statistics with least errors. Only when statistics are correct, will all works be effective and successful. If statistics and data submitted by ministries and regions and states are in conformity with the ground situations, the government can correctly review all situations of the State. Only when it is correct reviews, the government can adopt correct decisions and policies. Hence, it is necessary to consider economic development of the nation. As roads are damaged in monsoon, relevant ministries have to repair them. All kinds of roads must be repaired for public convenience.

**Necessary to provide international standard services**

Regarding the economic sector, there are both manufacturing and service businesses. The latter includes tourism. Now, the number of both local and foreign visitors has increased again. So, accommodation, meals and other services related to tourism will improve again. Efforts must be made to generate benefits for the State from improving tourism. Meals and accommodation must be good to attract foreign tourists. The media sector also needs to make the country's tourism industry attractive via social media. Services must be improved to meet international standards. Supervisory measures are required for the betterment of services so that the travellers can admire the country's image. Such measures must be emphasized as the strength of a nation lies within. We have to work hard so that ours is a government that can really be put to the test.

Next, the union ministers explained their respective sectors.

**Produce human resources for performing duties sustainably**

In his concluding remark, the Senior General said a right person at a right place is necessary to successfully carry out tasks. It is necessary to constantly produce human resources for successful businesses. Appointments have been made depending on level and experience. Training for improved skill is being provided to those at respective levels. In addition to local training, trainees need to be sent abroad for further studies. Thus, there should be an ambitious goal to produce human resources for future generations. Departmental personnel need to be familiar with and exactly follow the laws, rules and procedures. They need to do their jobs systematically and out of goodwill, while higher level officials need to supervise them. Goodwill must be shown towards their own departments and the State. And this means the effort to serve the country.

**Take measures to ensure the national culture and unity is not harmed**

The relevant ministries need to take systematic measures to make sure the INGOs and NGOs operate in line with the rules and disciplines. Some foreign aid is provided through them. But there are cases in which those organizations are being used by some aid organizations and countries. The relevant ministries need to try to ensure that there are no acts, publications or broadcasts in the literary, music and film industries as well as social networks that can harm the national character and national unity of the country and the people. The government needs to give special attention to ensuring successes and benefits in the efforts for socio-economic development of the people and national development.

100

# Rice husk gasifiers used in 543 rice mills in Ayeyawady Region to meet the demand


A rice husk gasifier installed in a rice mill.

**Pathein August 30**

Rice husk gasifiers that will support the electricity demand are being built and used in 543 rice mills in Ayeyawady Region, and the installed capacity is 156.6 megawatts, according to the Ayeyawady Region government.

In Ayeyawady Region, 543 rice mills are using gasifiers to grind rice, and four electricity generators using rice husk boiler steam engines are also generating electricity. It is known that by pumping water in agriculture industries and installing gasifier electricity generators in fish farming ponds, businesses in the region are supporting the nation's electricity sector.

Currently, rice husk gasifiers are being used in large rice mills and other industries in areas where the country's power system cannot reach and where there is insufficient power.

It is also said that the Ministry of Science and Technology will work together with MSME businessmen and experienced professionals until they can build and use rice husk gasifiers in the entire country as biomass gas production mitigates the effects of climate change and is highly effective in addressing energy needs.

ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# DCA invites complaints about high prices of cooking oil in retail market

**Yangon August 30**

The Department of Consumer Affairs on 29 August stated that anyone can send complaints to the department for taking action against sales of cooking oil at high price at the retail market.

The department is solving the problems and loss of consumer people. Hence, the departmental officials solve the problems of loss of the people in sale of personal goods, foodstuffs, domestic electric and construction materials, toys and baby utensils, agricultural equipment and other goods.

Hence, the department cooperates with the Department of Food and Drug Administration in solving the problems of people in changing of Wifi installation, complaints in refrigerators, sales of medicines and other measures.

As such, people can contact 1535 of call centre of the Consumer Affairs Department for their losses in addition to facebook page and other facebook pages of region and state departments.

Currently, the department arranges sales of cooking oil at appropriate prices in the domestic market for the people in cooperation with oil importer companies and oil dealers.

That is why the department notified all businesspersons of not to sell goods and cooking oil at high prices. If not, people should not buy these goods and contact 1535 of call centre of the department as well as facebook pages. 336


Palm oil for sale in a market.

# Myanmar plans to produce more antivenon vials to meet domestic need

**Yangon August 30**

The production of antivenom, which is in high demand in the country, will be increased to more than 200,000 vials per year, and will also be exported to countries in the ASEAN region, according to Dr. Aung Khaing, the managing director of the Myanmar Pharmaceutical Industry Enterprise under the Ministry of Industry.

At the pharmaceutical factory (Insein) in Insein Township, Yangon Region, bivalent anti-venom vials are currently being produced that can treat both viper and cobra venom.

According to the Myanmar pharmaceutical industry enterprise, the pharmaceutical factory (Insein) is producing freeze-dried antivenin that can be stored for up to five years at normal room temperature in rural areas where there is no electricity.

The pharmaceutical factory (Insein) needs horse serum and snake venom, which are the main ingredients in the production of antivenin, so snakes are bought and collected from all over the country, and about 500 horses are also bred.

ASH



An antivenon vial.

# Iran: Weightlifter Mostafa Rajai banned for photo with Israeli

**Tehran August 30**

An Iranian weightlifter has been given a lifetime ban by Iran's weightlifting federation after talking to and taking a photo with an Israeli participant at the World Masters Championship.

Mostafa Rajai won silver at the event and was snapped on the podium standing next to the Israeli bronze medallist.

Iran's top weightlifting body later banned him from all sports facilities in the country for life.

Iran's authorities ban athletes from direct competition with Israelis.

As a result, Iranian sportspersons often resort to various methods including throwing games or feigning injury to avoid match-ups.

Rajai, 40, was draped in his country's national flag as he stood next to Israeli athlete Maksim Svirsky on Saturday in Wieliczka, Poland.

The weightlifter had previously represented Iran at the 2015 Asian Weightlifting Championships in Thailand and is a former member of the Iranian national team.

State news agency Irna reported that Rajai had "crossed the red lines of the Islamic republic".

Iran's weightlifting federation also fired the head of the team at the contest, Hamid Salehinia, as a result of the incident.

Ayatollah Ali Khamenei, Iran's supreme leader, urged athletes not to shake hands with Israeli competitors in order to obtain a medal in 2021.

Some Iranians have defected abroad as a result of the ban, refusing to put up with the restriction.

BBC

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ဂျပန်ရေတပ်၏အကြီးဆုံး JS Izumo ရဟတ်ယာဉ်တင်သင်္ဘော အင်ဒို-ပစိဖိတ်ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်မည်



ဂျပန်ရေတပ်၏ အကြီးဆုံး JS Izumo ရဟတ်ယာဉ်တင်သင်္ဘောသည် အမေရိကန်၊ ဩစတြေးလျ၊ ဖိလစ်ပိုင်တို့နှင့်အတူ အင်ဒို-ပစိဖိတ် ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်သွားမည်ဖြစ်ပြီး မနီလာမြို့တောင်ပိုင်းဆိပ်ကမ်းရှိ Pier 15 တွင် ဆိုက်ကပ်လာခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ www.gmanetwork.com သတင်းဌာနက ဩဂုတ် ၂၈ ရက်တွင် ရေးသားထားသည်။

ဂျပန်ရေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ (JMSDF) မှ တာဝန်ရှိသူများက သင်္ဘောပေါ်သို့ မီဒီယာများအား ဩဂုတ် ၂၈ ရက်တွင် လာရောက်ကြည့်ရှုခွင့်ပြုခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ Unang-Balita ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ခဲ့ကြောင်း သိရသည်။

JS Izumo ရဟတ်ယာဉ်တင်သင်္ဘောတွင် ရဟတ်ယာဉ်ငါးစီးတင်ဆောင်နိုင်သည့် နှစ်ထပ်ကုန်းပတ်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ သင်္ဘောကုန်းပတ်တွင် F35 Bravo တိုက်လေယာဉ်များလည်း ဆင်းသက်နိုင်သည်။

"JS Izumo ရဟတ်ယာဉ်တင်သင်္ဘောဟာ ဂျပန်ရေတပ် JMSDF ရဲ့ အထင်ကရနဲ့ အကြီးဆုံးသင်္ဘောဖြစ်ပါတယ်"ဟု JS Izumo အမှုဆောင် အရာရှိချုပ် Naoki Shirasaka က သတင်းထောက်များကို ပြောကြားခဲ့သည်။

သတင်းမီဒီယာအဖွဲ့ဝင်များကို စစ်သင်္ဘော၏ လမ်းကြောင်းပြခန်းနှင့် ထိန်းချုပ်မျှော်စင်တို့ကိုပြသခဲ့သည်။

JS Izumo ရဟတ်ယာဉ်တင်သင်္ဘောသည် ရဟတ်ယာဉ်ငါးစီးကို တစ်ပြိုင်နက်တည်း တင်ဆောင်နိုင်သောကြောင့် သဘာဝဘေးအန္တရာယ်တုံ့ပြန်မှုတွင် အသုံးပြုနိုင်သည်။ အဆိုပါသင်္ဘောအမျိုးအစားသည် ရှာဖွေကယ်ဆယ်ရေးများလုပ်ဆောင်နိုင်သည့်အပြင် တပ်ဖွဲ့ဝင်များ၊ ပစ္စည်းကိရိယာများနှင့် ရှေးဦးသူနာပြုစုရန်ဆေးဘက်ဆိုင်ရာပစ္စည်းများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက်လည်း အသုံးပြုနိုင်ပါသည်ဟု Shirasaka က ပြောကြားသည်။

JS Izumo ရဟတ်ယာဉ်တင်သင်္ဘောသည် ဩဂုတ် ၃၁ ရက်ထိ ဖိလစ်ပိုင်နိုင်ငံအတွင်း၌ ရှိနေမည်ဖြစ်ကြောင်း၊ ၎င်းသည် အမေရိကန်၊ ဩစတြေးလျနှင့် ဖိလစ်ပိုင်တို့၏ ရေတပ်တပ်ဖွဲ့များပါဝင်လုပ်ဆောင်ကြမည့် ငါးလကြာစစ်ဆင်ရေးဖြစ်သည့် Indo-Pacific Deployment (IPD) Exercises 2023 တွင် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်မူဝါဒနှင့်အညီ လေ့ကျင့်မှုများတွင် ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

JMSDF သည် လွတ်လပ်၍ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသ၏အမြင်ကို အကောင်အထည်ဖော်ရန် ဒေသတွင်း အမျိုးမျိုးသောလုပ်ရှားမှုများတွင် ဆက်လက်လုပ်ဆောင်နေပါသည်ဟု JMSDF ကိုယ်ပိုင်ကာကွယ်ရေး စစ်ရေယာဉ်စုမှ ဒုတိယဗိုလ်ချုပ်ကြီး Saito Akira က သတင်းထောက်များကို ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် JMSDF ၏ နည်းဗျူဟာဆိုင်ရာစွမ်းဆောင်ရည်များ မြှင့်တင်ရန်နှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခြင်းဖြင့် အင်ဒို-ပစိဖိတ်ဒေသရှိ မိတ်ဖက်ရေတပ်များနှင့် ပူးပေါင်းဆောင်ရွက်မှုအားကောင်းလာစေရန်၊ ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကိုအထောက်အကူပြုရန်၊ အပြန်အလှန်နားလည်မှုနှင့် မိတ်ဖက်နိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့်ရန် စသည့်ရည်ရွယ်ချက်များဖြင့် Indo-Pacific Deployment (IPD) Exercises 2023 တွင် ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်ကြောင်း www.mod.go.jp ဝက်ဘ်ဆိုဒ်တွင် ထုတ်ပြန်ကြေညာထားသည်။

ယခုနှစ် ဇွန် ၂၀ ရက်မှ စက်တင်ဘာ ၁၇ ရက်ထိကာလအတွင်း ဩစတြေးလျ၊ သီရိလင်္ကာနိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ပါပူဝါနယူးဂီနီနိုင်ငံ၊ တွန်ဂါနိုင်ငံ၊ မလေးရှား၊ ဖီဂျီနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ကာရီဘာတီနိုင်ငံ၊ မော်လ်ဒိုက်နိုင်ငံ၊ Palau နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဆော်လမွန်ကျွန်းစု၊ ဗီယက်နမ်နိုင်ငံ၊ အမေရိကန်နိုင်ငံ ဆိပ်ကမ်းခေါ်ဆိုမှု ပြုလုပ်၍ ပူးပေါင်းလေ့ကျင့်ကြမည့် လေ့ကျင့်မှုပေါင်းစုံပါဝင်သည့် တပ်ဖြန့်လေ့ကျင့်မှုကြီးဖြစ်သည်။ ထိုအချိန်ကာလအတွင်း IMDEX Asia 2023၊ LIMA 2023၊ Pacific Vanguard 2023၊ JIMEX 2023၊ Pacific Partnership 2023၊ Talisman Sabre 2023 နှင့် MALABAR 2023 ဟူ၍ အစီအစဉ်ခြား လေ့ကျင့်မှု ခုနစ်ခု ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**Japan navy's largest ship in PH, will join Indo-Pacific Deployment Exercises 2023 ကို ဘာသာပြန်ဆိုထားပါသည်။**

## စင်ကာပူနှင့် တရုတ် (PLA) တို့ ၁၀ ရက်ကြာ နှစ်နိုင်ငံစစ်ရေးလေ့ကျင့်မှုပြုလုပ်သွားမည်

စင်ကာပူတပ်မတော်နှင့် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် (PLA) တို့သည် ၂၀၁၉ ခုနှစ် နောက်ပိုင်း ကိုဗစ်ရောဂါကြောင့် ရပ်နားထားခဲ့သော ပထမဆုံးစစ်ရေးလေ့ကျင့်မှုကို စက်တင်ဘာ ၁ ရက်မှစတင်ကာ ၁၀ ရက်ကြာပြုလုပ်သွားမည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံ www.straitstimes.com သတင်းဌာနက ဩဂုတ် ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၂၀၀၉ ခုနှစ်တွင် ပထမဆုံးအကြိမ်စတင်ပြုလုပ်ခဲ့ပြီး စစ်ရေးလေ့ကျင့်မှု (Exercise Cooperation) သည် ယခု ပဉ္စမအကြိမ်မြောက် စစ်ရေးလေ့ကျင့်မှုများ ပူးပေါင်းဆောင်ရွက်မှုဖြစ်ကာ စင်ကာပူကြည်းတပ်၏ အမှတ် (၃) တပ်မအမှတ် (၁) ကွန်မန်ဒိုတပ်ရင်းနှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တောင်ပိုင်းစစ်ဒေသကွပ်ကဲမှုဌာနချုပ်မှ အမှတ် (၇၄) တပ်တော်စုတို့ ပါဝင်မည်ဖြစ်သည်။

ဩဂုတ် ၂၈ ရက် ထုတ်ပြန်ချက်တွင် စင်ကာပူကာကွယ်ရေးဝန်ကြီးဌာန (Mindef) က အဆိုပါစစ်ရေးလေ့ကျင့်မှု၏ ဆောင်ပုဒ်မှာ မြို့ပြ အကြမ်းဖက်မှုနှိမ်နင်းရေးစစ်ဆင်ရေးဖြစ်ကြောင်း ပြောကြားခဲ့သည်။ တပ်ဖွဲ့ဝင်များသည် ကယ်ဆယ်ရေးလုပ်ငန်းစဉ်တွင် နှစ်နိုင်ငံအသိပညာ၊ ကျွမ်းကျင်မှုများဖလှယ်၍ လုပ်ဆောင်သွားကြမည်ဖြစ်ပြီး ကြိုးတက်ခြင်း၊ လက်ဗလာလက်နက်မဲ့တိုက်ခိုက်ခြင်းနှင့် လက်နက်ငယ်များ တိုက်ရိုက်ပစ်ခတ်ခြင်းကဲ့သို့သော နည်းဗျူဟာဆိုင်ရာ လေ့ကျင့်မှုများ ပါဝင်မည်ဖြစ်သည်။

"ဒီလိုမျိုး နှစ်နိုင်ငံစစ်ဘက် အပြန်အလှန်ဆက်ဆံမှုက နှစ်ဖက်စလုံးကို ပရော်ဖက်ရှင်နယ်ဆန်တဲ့ ဆက်ဆံရေးတွေ ခိုင်မြဲစေပြီး ပြည်သူလူထုကြားဆက်ဆံရေးကို မြှင့်တင်ပေးနိုင်တဲ့အပြင် စစ်ဘက်နှစ်ရပ်စလုံးကြား အပြန်အလှန်ယုံကြည်မှုနဲ့ နားလည်မှုတွေကိုလဲ မြှင့်တင်ပေးနိုင်ပါတယ်"ဟု စင်ကာပူနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။



အဆိုပါ စစ်ရေးလေ့ကျင့်မှုသည် အခြားနိုင်ငံများနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် စင်ကာပူတပ်မတော်၏ ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းဖြစ်ပြီး စင်ကာပူနှင့် တရုတ်နိုင်ငံတို့ကြား နွေးထွေးပြီး ချစ်ကြည်ရင်းနှီးသော နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာဆက်ဆံရေးကို အလေးပေးခြင်းဖြစ်ကြောင်း စင်ကာပူကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

နှစ်နိုင်ငံနှင့် နိုင်ငံစုံစစ်ရေးလေ့ကျင့်မှုများအပြင် ကာကွယ်ရေးဆိုင်ရာအဆောက်အအုံနှစ်ခုသည် အဆင့်မြင့်ဖလှယ်မှုများ၊ အပြန်အလှန်လည်ပတ်မှုများ၊ သင်တန်းများ အပြန်အလှန်တက်ရောက်မှု၊ ပညာရေးဖလှယ်မှုများနှင့် ဆိပ်ကမ်းဆိုက်ကပ်မှုများ မှတစ်ဆင့် ပုံမှန်လုပ်ဆောင်သွားသင့်သည်ဟု စင်ကာပူကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

**Singapore and China to conduct 10-day bilateral army exercise ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၀၃၀၅ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က စိုက်ပျိုးထားသည့် ပဲစင်းငုံစိုက်ခင်းကို တွေ့ရစဉ်။

**ချောင်းဦး ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၀၃၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၉၃၆၁ ဧကစိုက်ပျိုးရန် လျာထားပြီး ယနေ့ထိ ၂၀၃၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ချောင်းဦးမြို့နယ်မှာ ပဲစင်းငုံဧက ၁၉၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်ထိ ပဲစင်းငုံ ၂၀၃၀၅ ဧက စိုက်ပျိုးပြီးစီးနေပါပြီ။ ပဲစင်းငုံသီးနှံစိုက်ပျိုးမှုကတော့ လက်ရှိလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ အထွက်နှုန်း ကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ပဲစင်းငုံစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်ပျိုးကြသောတောင်သူများကို ရွက်ဖျန်းမြေဩဇာ ဝယ်ယူမှုသက်သာလျှော့ချနိုင်စေရန်အတွက် ယူရီးယားနှင့် လက်ချား ပေါင်းစပ်သုံးစွဲသည့် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယူရီးယားနှင့် လက်ချား သုံးစွဲနည်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များပိုးမွှားကင်းစင်ကာ အပင်ဖြစ်ထွန်းမှုကောင်းကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ကျိုက်ထိုမြို့နယ် အင်းဝကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ကျိုက်ထို ဩဂုတ် ၃၀**

မွန်ပြည်နယ် ကျိုက်ထိုခရိုင် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အင်းဝကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျိုက်ထိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်စိုးနှင့် တာဝန်ရှိသူများက ကျေးရွာကုန်ထုတ်လမ်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ အင်းဝကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးခင်စိုးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အင်းဝကျေးရွာ၌ ကုန်ထုတ်လမ်းအရှည်ပေ ၃၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနခွင့်ပြုရန်ပုံငွေကျပ် ၁၀၂ ဒသမ ၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကောင်းမြန်မာကို ကုမ္ပဏီက ယခုနှစ် ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



အဆိုပါကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပါက အင်းဝကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးမြေဧက ၅၀၀ ကျော်မှ ထွက်ရှိသည့် ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ် သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ကျိုက်ထိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# မိုင်းရယ်မြို့နယ် လတ်စန့်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်

**မိုင်းရယ် ဩဂုတ် ၃၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည် ဟိုယကျေးရွာအုပ်စု လတ်စန့်ကျေးရွာတွင် VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်စီမံကိန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ - ၂ ဒေါ်ခင်ဇူလိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်း ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ပြောကြားသည်။

ထို့နောက် မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

မိုင်းရယ်မြို့နယ် လတ်စန့်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေတို့အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၃၀-၈-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၇၀၀/၈၉၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၉၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၄၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြို့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# မိမိအကျိုးအမြတ်ရရှိမှုတစ်ခုတည်းကိုသာဦးမတည်ဘဲ စားသုံးသူများ သက်သာချောင်ချိစွာစားသုံးနိုင်ရေးအတွက် ဦးစားပေးစဉ်းစားရန်လိုအပ်



**နေပြည်တော် ဩဂုတ် ၃၀**

ပြည်တွင်းစားသုံးဆီဈေးနှုန်း တည်ငြိမ်ကျဆင်းစေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ရုံးအမှတ်(၃) အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကားပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် စားအုန်းဆီကို ပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် စားသုံးဆီတင်သွင်းရာတွင် ဝယ်ယူကုန်ကျသည့် နိုင်ငံခြားငွေ၏ ၅၀ ရာခိုင်နှုန်းကို ဗဟိုဘဏ်ရည်ညွှန်းငွေလဲလှယ်နှုန်းဖြင့်လည်းကောင်း၊ ကျန် ၅၀ ရာခိုင်နှုန်းကို ပြင်ပဈေးထက်သက်သာသည့် နိုင်ငံခြားငွေလဲလှယ်မှုနှုန်းထားဖြင့်လည်းကောင်း ပံ့ပိုးဆောင်ရွက်ပေးထားပါကြောင်း၊ ထို့ပြင် ဝယ်ယူတင်သွင်းသူများ ငွေကြေးအခက်အခဲ မပေါ်ပေါက်စေရေးအတွက် ဗဟိုဘဏ်က သီးခြားအစီအစဉ်ဖြင့်လည်း ထောက်ကူပေးထားပါကြောင်း၊ ဖြစ်သင့်ဖြစ်ထိုက်သည့် စားအုန်းဆီအခြေခံရည်ညွှန်းဈေးကိုလည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက အပတ်စဉ် ပုံမှန်တွက်ချက်ထုတ်ပြန်ပေးလျက်ရှိပါကြောင်း။

သို့ရာတွင် စားသုံးသူဈေးကွက်တွင် စားအုန်းဆီဈေးနှုန်းများမှာ ဖြစ်သင့်ဖြစ်ထိုက်သည်ထက် များစွာမြင့်တက်နေပြီး နိုင်ငံတော်အကြီးအကဲ၏ စေတနာဖြင့် ဆောင်ရွက်ပေးသည့်အစီအစဉ်ကို စားသုံးသူပြည်သူများ ခံစားရခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် မိမိအကျိုးအမြတ်ရရှိမှု တစ်ခုတည်းကိုသာဦးမတည်ဘဲ စားသုံးသူများ သက်သာချောင်ချိစွာ စားသုံးနိုင်ရေးအတွက် ဦးစားပေးစဉ်းစားရန်လိုအပ်ပါကြောင်း၊ ယနေ့အစည်းအဝေးတွင် ညှိနှိုင်းရရှိမှုများကို လက်တွေ့ကျကျ ကြပ်မတ်အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ရက်ပိုင်းအတွင်း စားအုန်းဆီဈေးနှုန်းများ သိသာစွာကျဆင်းစေရေး ဆောင်ရွက်မည်ဖြစ်၍ ပူးပေါင်းပါဝင်ကြရန်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း စားသုံးဆီဖြန့်ဖြူးမှုနှင့်ပတ်သက်၍ လိုအပ်သည့်အစီအမံများချမှတ်ကာ ကြပ်မတ်သွားမည်ဖြစ်သည့်အတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် စားသုံးဆီတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီများက စားသုံးဆီပြည်တွင်းပို့ဆောင်ရာတွင် QR Code ဖြင့်ကြပ်မတ်မည့် အစီအစဉ်၊ နေ့စဉ် ကုန်လက်ကျန်သတင်းပို့မှုအစီအစဉ်၊ လက်ကားနှင့် လက်လီရောင်းချသူများအကြား ဈေးနှုန်းကွာဟမှုမရှိစေရေးနှင့် မြို့ကြီးများအလိုက် သတ်မှတ်ဈေးနှုန်းဖြင့် စားအုန်းဆီဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်မည့်အစီအစဉ်များနှင့်ပတ်သက်၍ အသေးစိတ်ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသည့် လုပ်ငန်းရှင်များက သတ်မှတ်ရည်ညွှန်းဈေးကိုအခြေခံပြီး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၏ ဈေးကွက်များ၌ ဖြန့်ဖြူးရောင်းချရာတွင် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းကို ရှောင်ကြဉ်မည်ဖြစ်ကြောင်း၊ ရည်ညွှန်းဈေးအပေါ် အခြေခံကာ သက်သာသည့်ဈေးနှုန်းဖြင့် ရောင်းချမည်ဖြစ်ကြောင်း၊ စားသုံးဆီဈေးနှုန်းများကို လက်ရှိအခြေအနေမှ လျှော့ချသွားရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ဝန်ကြီးဌာနက ကြပ်မတ်ဆောင်ရွက်မည့် အစီအစဉ်များအပေါ် အပြည့်အဝလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ကတိကဝတ်ပြုကြပြီး အစည်းအဝေးကိုရုပ်သိမ်းခဲ့သည်။

အစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် စားသုံးဆီ တင်သွင်းဖြန့်ဖြူးနေသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း (SOP)ရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဩဂုတ် ၃၀**

လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း (Standard Operating Procedure –SOP) ရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင်အစည်းအဝေးခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်းက လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း (Standard Operating Procedure–SOP) ရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန် ၂၃ ချက်နှင့်ပတ်သက်၍ ပြောကြားကာ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းဝင်းက တိုင်းဒေသကြီးအတွင်း လယ်ယာမြေများအပေါ် ခွင့်ပြုချက်မရှိဘဲ ကျူးလွန်အသုံးပြုနေမှု အခြေအနေများ၊ အရေးယူခြင်းတွင် ထည့်သွင်းစဉ်းစားသင့်သည့်အချက်များ၊၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ မတိုင်မီကာလနှင့်၂၀၁၂ ခုနှစ်နောက်ပိုင်းကာလ လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်း(ကျူးလွန်)သုံးစွဲမှုကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များ၊ တည်ဆဲလယ်ယာမြေဥပဒေ၊ လယ်ယာမြေနည်းဥပဒေများနှင့် နောင်တွင်မဖြစ်ပွားစေရေး အထွေထွေတင်ပြချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၏ ရှင်းလင်းတင်ပြချက်များ၊ အကြံပြုချက်များနှင့် တိုင်းဒေသကြီးဝန်ကြီးများ၏ ဖြည့်စွက်ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

☆ **ကျောဖုံးမှအဆက်**

ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)မှ ဥက္ကဋ္ဌ စောမြရာဇာလင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နော်ကပေါ်ထူး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဒုတိယဥက္ကဋ္ဌ ကျာဖူး၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ ခွန်သူရိန်၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)မှ စစ်ကွပ်ကဲရေးမှူးအဆင့်ရှိ စောဘညိမ်းအောင်တို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပဋိပက္ခဒဏ်ခံစားနေရသောဒေသများရှိ တိုက်ပွဲရှောင်နှင့် ဒေသခံ ပြည်သူလူထုအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် NCA လက်မှတ်ရေးထိုးထားသော သက်ဆိုင်ရာနယ်မြေများမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးကိစ္စ၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာတွင် EAO များကိုယ်တိုင် လက်တွေ့ကျကျပါဝင်လုပ်ဆောင်နိုင်ရေးကိစ္စ၊ နိုင်ငံရေးနယ်ပယ်တွင် ဒေသအလိုက် EAO များ၏ ဦးဆောင်မှုကို မြှင့်တင်ရေးကိစ္စနှင့် NCA ရှစ်နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို နိုင်ငံရေးအဓိပ္ပာယ်ပြည့်ဝစွာ ကျင်းပနိုင်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများက မိမိတို့၏ သဘောထားများကို အပြန်အလှန် ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်း၍ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲကို ရပ်နားခဲ့သည်။

တတိယနေ့ ဆွေးနွေးပွဲကို ဩဂုတ် ၃၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး နှစ်ဖက်တူညီသည့် သဘောထားများကို သဘောတူညီချက်များအဖြစ် လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မက်မန်းမြို့ရှိ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၊ စားသောက်ကုန်ပစ္စည်းများနှင့် ထောက်ပံ့ငွေပေးအပ်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) မက်မန်းမြို့ရှိ ဌာနဆိုင်ရာများနှင့် တွေ့ဆုံစဉ်။

**နေပြည်တော် ဩဂုတ် ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မက်မန်းခရိုင် မက်မန်းမြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နေ့လယ်ပိုင်းက ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲကိုပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အစိုးရမဟုတ်သောအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မက်မန်းမြို့တွင် တာဝန်ထမ်းဆောင်နေသော ဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်ကုန်ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

၎င်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက မက်မန်းမြို့ ပညာဒီပကျောင်းတိုက်သို့သွားရောက်၍ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တစန္ဒာသီရိအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

နိုင်ငံသာယာဝပြောဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

# မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(အုပ်ချုပ်) ဦးကရင်လဂျာကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဩဂုတ် ၃၀**

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **မွန်တိုးတက်ရေးပါတီ**သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့ထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၁၄ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ ၅၀၊ စုစုပေါင်း ၆၄ ပါတီရှိပြီဖြစ်သည်။ ယခု လျှောက်ထားသည့်အဖွဲ့ကို ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

**နေပြည်တော် ဩဂုတ် ၃၀**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကိုလည်းကောင်း၊ ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက ဝမ်းသာအားရ ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၃၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Hla Hla Sein” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ရွှေညောင်မြို့ လှိုင်ဘုံသာရပ်ကွက်နေ လှလှစိန်အား ည ၁၁ နာရီ ၁၅ မိနစ်တွင် ရွှေညောင်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်အပ်ပါသည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ






မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။

**နေပြည်တော် ဩဂုတ် ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့တွင်လည်း အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒကန်နှင့်နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ သဒ္ဓါဓိပတိခေါင်းလောင်းတော်နှင့် ကျောက်စာရုံစေတီများအပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ တံတား၊ ဥယျာဉ်များကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်း၊အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော်ခြင်းများ ဆောင်ရွက်၍ ကြည်ညိုသဒ္ဓါပွားများလျက် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ဘိုးဘွားများအား ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များကလည်း လမ်းလျှောက်ရန်အခက်အခဲဖြစ်သည့် ဘိုးဘွားများကို အဆင်ပြေစွာဖြင့် ဘုရားဖူးမြော်ကြည်ညိုနိုင်ရန် Wheel Chair များဖြင့် လိုက်လံပို့ဆောင်ပေးကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူအများပြည်သူများအခမဲ့ လာရောက်ဖူးမြော်ကြည်ညိုနိုင်ရန် စက်တင်ဘာ ၃ ရက်ထိ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း ဖွင့်လှစ်ထားရှိကြောင်း သတင်းရရှိသည်။

# မွန်ပြည်နယ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(အဆင့်မြင့်ပညာအဆင့်)ပြိုင်ပွဲ ကျင်းပ




**မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း မွန်ပြည်နယ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (အဆင့်မြင့်ပညာအဆင့်) ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**

**နေပြည်တော် ဩဂုတ် ၂၀**

မွန်ပြည်နယ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(အဆင့်မြင့်ပညာအဆင့်) ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် မော်လမြိုင်တက္ကသိုလ် အနုပညာအသင်းက အဖျော်ယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများ၏ မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ မွန်ပြည်နယ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (အဆင့်မြင့်ပညာအဆင့်) ပြိုင်ပွဲတွင် အဆင့်မြင့်ပညာအဆင့် တစ်ဦးချင်း အကပြိုင်ပွဲတွင် အမျိုးသား သုံးဦး၊ အမျိုးသမီး နှစ်ဦး၊ အဆိုပြိုင်ပွဲတွင် ခေတ်ဟောင်းကာလပေါ်တေး ဘာသာရပ်တွင် အမျိုးသား ငါးဦး၊ အမျိုးသမီး ငါးဦးနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်တင်ရေး တေးဘာသာရပ်တွင် အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ငါးဦးတို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## ဩဂုတ် ၂၀ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦးတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၂၀**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၉ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၄၄၄၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦး တွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၁ ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပစိမ်းမြမြ**

# လဝါခေါင်

မောင်လူမွေး(မြန်မာမှု)

> ❖ ခေတ်စနစ်တို့သည် ပြောင်းလဲမြဲဖြစ်သည်။ လွတ်လပ်ရေးမရမီထိ စာရေးတံမဲပွဲများရှိခဲ့ကြသော်လည်း ယခုအချိန်အခါတွင် လုံးဝမရှိသလောက်ဖြစ်နေပေပြီ။ ထိုနေရာတွင် ဝါခေါင်လစာရေးတံမဲပွဲအစား "မေတ္တာအခါတော်နေ့"ကျင်းပလာကြပေသည်။ ၂၀ ရာစုနောက်ပိုင်း ၁၉၈၀ ပြည့်နှစ်အကျော်တွင် မာဂဓီသာစည်ဆရာတော်ကဦးဆောင်၍ မြန်မာနိုင်ငံအနှံ့အပြားတွင် "၁၂ လရာသီအခါတော်နေ့"များကို လအလိုက်ကျင်းပလာကြရာ ယခုတိုင်ပင်ဖြစ်ပါသည်။ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ရာသီအလိုက် လအလိုက် အခါကြီးနေ့ကြီးရက်များ လုပ်ဆောင်ရာတွင် ဝါခေါင်လပြည့်နေ့ကို "မေတ္တာအခါတော်နေ့"အဖြစ် ပြုလုပ်လေသည်။ ❖

ပုဂံခေတ်ကျောက်စာများတွင် ဝါခေါင်လကို "နံကာ" လဟုသုံးလေ့ရှိသည်။ ဝါခေါင်တွင် "ဝါ"က တစ်ပုဒ် "ခေါင်"က တစ်ပုဒ်ဖြစ်သည်။ "ဝါ"ဝေါဟာရကို အများသိပြီးဖြစ်ပေသည်။ "ခေါင်"ကိုမူ ဤသို့ဖွင့်ဆိုကြပေ၏။ ခေါင်၊ အိမ်ခေါင်၊ ထွတ်ခေါင်၊ ခေါင်လူကြီး၊ ခေါင်ဖျား၊ ထိပ်ခေါင်တင်၊ ဖုရားခေါင်ကြီး စသည်ဖြင့် အထွတ်အထိပ်အစွန်အဖျား၊ အမြင့်အမြတ်၊ အကြီးအကဲ ဟူသောအဓိပ္ပာယ်နှင့် ဝေးကွာခြင်းအဓိပ္ပာယ်ကို ဆောင်ပေသည်။ အခြားတစ်နည်းမှာ အလယ်ခေါင်၊ နေ့လယ်ခေါင်၊ သန်းခေါင် စသည်ဖြင့် အလယ်ဗဟိုဟု ဆိုလိုပေသည်။

ရဟန်းတော်များ ပထမပုရိမဝါကိုမဆိုဖြစ်ပါက (ဝါဆိုလပြည့်ကျော် ၁ ရက်မှ သီတင်းကျွတ်လပြည့်နေ့ထိသည် ပုရိမဝါ)၊ ဒုတိယပစ္ဆိမဝါကို ဆိုကြရလေသည်။ (ဝါခေါင်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့ထိ)ရဟန်းတော်များဝါဆိုရာတွင် ဝိနည်းတော်အရ ကထိန်အာနိသင်ရ၊ မရဟူသော အကြောင်းခြင်းရာများလည်းရှိပေရာ ထို "ခေါင်"နှင့် တစ်နည်းမဟုတ် တစ်နည်းဆက်စပ်နေမှုလည်းရှိပါ၏။ (သိသာရန်မျှ တင်ပြပါ၏)

ဤဝါခေါင်ဝေါဟာရနှင့်ဆက်စပ်၍ ဆရာကြီး ဦးဖိုးလတ်(မြန်မာလအမည်များ)၊ လှေသင်းအတွင်းဝန် ဦးမြိမ့်(ဝေါဟာရလီနတ္ထဒီပနီ)တို့၌ ကျမ်းပြုသူတို့၏ အယူအဆများဖြင့်တင်ပြဖွင့်ဆိုကြ၏။

"...အကြောင်းအရာများအနက် ဝါခေါင်၌ရှိသော "ခေါင်"ဝေါဟာရသည် နေ့လယ်ခေါင်၊ အိမ်မိုးခေါင်၊ အလယ်ဗဟိုဟူသော အဓိပ္ပာယ်သာအသင့်ဆုံးဖြစ်၏။ ဝါတွင်းသုံးလတွင် ဝါခေါင်လပြည့်ကျော် ၁ ရက်မှ တော်သလင်းလပြည့်ကျော် ၁ ရက်နေ့ထိ တစ်လတာသည် ဝါ၏အလယ်ဗဟိုဖြစ်သောကြောင့် ထိုကာလ၏ အစပထမပိုင်းတွင် ပါဝင်သောလကို ဝါလယ်ဟူသော အဓိပ္ပာယ်ဖြင့် ဝါခေါင်ဟုရှေးသူတော်တို့ မှတ်သားခေါ်ဆိုခြင်းပြုသည်မှာအလွန်ဆီလျော်ပေသည်"ဟုဆရာကြီး ဦးဖိုးလတ်ကကောက်ချက်ချထားချက်ရှိလေသည်။

ထိုဝါခေါင်ဝေါဟာရမတွင်ကျယ်မီ၊မသုံးမီ "နံကာ" လဟုသုံးခဲ့ကြရာ ရာဇမတ္တဏ်ဗေဒင်ကျမ်းပါ သီဟ=ခြင်္သေ့=သိဟ်ရာသီဝါခေါင်လကို ပါဠိဘာသာဖြင့် "**နိက္ခမနိယ**"ဟုခေါ်၏။ဝေဒအရ နေမင်းသည် အတွင်းခရီးမှ အပြင်ခရီးသို့ထွက်ခွာသောလဟုအဓိပ္ပာယ်ရ၏။ ထိုနိက္ခမနိယသဒ္ဒါမှရွေ့လျား၍ ပါဠိပျက်ပါဠိသက် အနေနှင့်"**နံကာ**"ဖြစ်လာသည်ဟုကြံဆကြသည့်ပုဂ္ဂိုလ်များလည်းရှိကြပါ၏။ ဤသည်ကိုဆရာကြီး ဦးဖိုးလတ်က လိုသည်ထက်ပို၍ ပရိကပ္ပ(ကြံဆလွန်းသည်)ဟု သုံးသပ်ထားလေသည်။

ဆရာကြီး၏ဆိုလိုချက်မှာ"နံ"ပုဒ်သည် နယုန်လ၌ "နံ"ကဲ့သို့ပင် အချိန်အခါကာလဟောပုဒ်ဖြစ်သည်။ "ကာ"ကား ပျော်ကာပါးကာ လုပ်ကာကိုင်ကာ စသည်တို့၌ "ကာ"သည် လုပ်ဆောင်မှုကိုပြသည်။ ထို"ကာ"ပုဒ် ဝေါဟာရသည် မွန်၊ ရှမ်း၊ ချင်း၊ တရုတ်စသည့် လူမျိုးတို့တွင် ပြုလုပ်ခြင်းအနက် အဓိပ္ပာယ်ဟောဖြစ်ကြောင်းကို သုတေသနပြုထားပြီး နောင်သောအခါ လယ်လုပ်ခြင်း၊ ထွန်ထယ်နှင့် စိုက်ပျိုးခြင်းဟူသော အဓိပ္ပာယ်တို့ကို ဆောင်ကြောင်းဖော်ပြထားလေသည်။

ထို့ကြောင့် နံကာ(နယုန်)=မိုးရွာချိန်ကာလ၊မြွယ်တာ= နွယ်တာ(ဝါဆို)=လယ်ယာမြေတိုင်းတာသောလ၊နံကာ= ဝါခေါင်=လယ်ယာမြေကိုစိုက်ပျိုးလုပ်ကိုင်ကြသည့်လများ ဟု ကွင်းဆက် ဆက်စပ်မှုဖြင့် ဖော်ပြထားလေသည်။

ပုဂံခေတ်အနော်ရထာမင်းလက်ထက်မှသည် ခေတ်အဆက်ဆက် ဗုဒ္ဓဘာသာစည်ပင်ထွန်းကားလာသည်နှင့်အမျှ ဘာသာရေးကိုအကြောင်းပြု၍ ဝေါဟာရအသုံးအနှုန်း၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုစသည်များသည် တိုးတက်သည်ထက်တိုးတက်လာရာ ကဆုန်၊ ဝါဆို၊ ဝါခေါင်၊ သီတင်းကျွတ် ထိုလအမည်များသည်လည်းဘာသာရေးသဘောဆောင်သော ဝေါဟာရများဖြစ်လာကြလေတော့သည်။ အသုံးတွင်ကျယ်လာကြလေသည်။ ဤသည်မှာဝါခေါင်လ၏ အဓိပ္ပာယ်အကျဉ်းဖြစ်ပေသည်။

**ဝါခေါင်လစာရေးတံမဲပွဲ**

မြန်မာ့ဆယ့်နှစ်လရာသီပွဲတွင် **ဝါခေါင်လ=စာရေးတံမဲပွဲ**ကိုအစောဆုံးတွေ့ရသောစာမှာ သက္ကရာဇ်-၆၃၀ နှစ် ပုဂံခေတ် စောလှဝန်းဘုရားကျောက်စာတွင် "**မိုးပုန်၊ သင်ကြန်၊ စာရယ်၊ ညောင်ရယ်သွန်း၊ မပြတ်စိတ်လျှင်တည်၏**"ဟု ဆယ့်နှစ်လရာသီပွဲတော်များတွင်"**မိုးပုန်းလွှတ်၊ သကြန်ကျ၊ ညောင်ရေသွန်းစာရယ်(စာရေးတံ)ပွဲလုပ်သည်မျိုးမပြတ်စိမ့်သောငှာ**"ဟုရေးထိုးချက်ကိုတွေ့ရလေသည်။

ကုန်းဘောင်ခေတ်တွင် စိန္တကျော်သူဦးဩက "**မစိမ်းမဆွဲ၊ စာရေးတံ၊ ရေနံမသုတ်ဘဲ**"ဟု ကဝိလက္ခဏာသတ်ပုံသံပေါက်ကျမ်းတွင် ရေးထားသည်ကို တွေ့ရပေသည်။ ထို့အတူ မုံရွေးဇေတဝန်ဆရာတော်၏ ကုသပျို့တွင်"**မင်္ဂိုလ်ဆုပန်၊ စာရေးတန်နှင့်၊ သီးမွန်စုံစွာ၊ ပဒေသာကို၊ လှူဒါသဘင်၊ ခမ်းနားယင်၍**"ဟုရေးထားသည်ကိုတွေ့ရပေသည်။ ဆိုလိုသည်မှာ ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်အထိစာရေးတံမဲပွဲများသည် ခေတ်အဆက်ဆက်ရှိခဲ့သည်ဟု ဆိုလိုပေသည်။

စာရေးတံဆိုသည်မှာ သံဃာတော်များကို မဲစနစ်ဖြင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လှူဒါန်းခြင်းဖြစ်လေသည်။ ဗုဒ္ဓဘုရားရှင်လက်ထက်တော်ကပင် အိန္ဒိယနိုင်ငံတွင် ပေါ်ပေါက်ခဲ့သောအလှူပွဲတစ်မျိုးဖြစ်သည်။

အခါတစ်ပါး ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်(ဝါဆိုနေစဉ်) ရာဇဂြိုဟ်ပြည်တွင် ငတ်မွတ်ခေါင်းပါးသောဘေးကြီး ကျရောက်လေရာ ဒကာများသည် တစ်ကျောင်းလုံး မတက်နိုင်ရကား၊ မဲချ၍လှူဒါန်းကြရ၏။ ထိုမဲကို ဝါးချောင်းလေးများနှင့်လုပ်ကြသည်။ အလှူခံတော်မူမည့် သံဃာတော်များစာရင်း လှူဒါန်းမည့်ပစ္စည်းစသည်တို့ကို ဝေဖန်တိကလုပ်ရသောအရာဖြစ်ပေသည်။ ထိုလှူဒါန်းခြင်း ခုနစ်မျိုးကို ဘတ်ခုနစ်မျိုး(ဝိ၊ ၃၊ ၁၃၃) ဟုခေါ်လေသည်။ သလာကာ=စာရေးတံမဲ၊ ဘတ္တ=ဆွမ်းသလကဘတ်=ဆွမ်းဟု ပေါ်ပေါက်လာလေသည်။ နောင်သော် ဆွမ်းမျှသာမကအခြားအပ်စပ်သော ဝတ္ထုများကိုလည်း ထိုသို့ပင်လှူဒါန်းလာကြလေသည်။(ဤ၌ ဘုရားရှင်ခွင့်ပြုတော်မူသည့် ဘတ်-ခုနစ်မျိုးကိုအကျယ်မပြတော့ပြီ)

**စာရေးတံနှင့် စာရေးတန်**

စာရေးတံနှင့် စာရေးတန်အရေးသတ်ပုံရေးထုံးကို ရှေးမြန်မာစာပေပညာရှင်ကြီးများဖြစ်ကြသည့် ဆရာကြီး ဦးဖိုးလတ်၊ ဆရာကြီး ဦးအုန်းရွှေ(သတ်ပုံအဘိဓာန်မိတ်လင်စုံ)၊ဦးသာမြတ်(မြန်မာစာရေးထုံးကျမ်း)တို့ကမူ ခဲတံ၊ ကျောက်တံတံစို့-တံဖျာကြိမ်လုံးစသည့် အရေးများတွင် အချောင်းအတံဟောသေးသေးတင်နှင့် ရေးရမည်ဟု ညွှန်းဆိုထားလေသည်။ အချို့သောသူတို့ကမူ မွန်ဘာသာ"**ဒါနမှု၊ လှုမှု၊ လှုဖြင်း**"အဓိပ္ပာယ်ရသည့် "**စရင်ဒါန်**"မှ ဆင်းသက်လာ၍ "**စာရေးတန်**"ဟုလည်း ကောင်း၊ မဲချ၍ခံယူရသောအလှူဖြစ်ရာ "**ထိုက်တန်သင့်တော်**"သည်ဟူသော"**ရှာယ်ဒန်**"ဟူသော အာရဗီပါရှန်ဘာသာမှဆင့်ပွားဖြစ်လာ၍ "**စာရေးတန်**"ဟု ရေးရမည်ယူဆကြ၏။လိုရာဆွဲလွန်းသည်ဟုဆိုချင်ပါ၏။

စာရေးတံနှင့် သလာကဘတ္တဆွမ်းအလှူအကြောင်းကို ဖွင့်ဆိုရှင်းပြသောကျမ်းမှာ ဒုတိယအင်းဝခေတ် သာလွန်မင်းတရားကြီးလက်ထက်ပခန်းကြီးမြို့ ရွှေဥမင်ဆရာတော် နိဿယပြန်ဆိုသောကျမ်းတွင်(စူဠဝါ-အဋ္ဌကထာနိဿယ) သစ်သားချောင်း၊ ဝါးခြမ်းပြား၊ နှီးပြား၊ ပေရွက်၊ ထန်းရွက်စသည်ဟု ဖွင့်ဆိုထားလေသည်။ ထို့ကြောင့် "**စာရေးတံ**"ဟုရေးသော သေးသေးတင်အရေးသတ်ပုံသည်သာ အမှန်ဖြစ်ပေသည်။ မြန်မာစာအဖွဲ့မှထုတ်ဝေသော စာလုံးပေါင်းသတ်ပုံကျမ်းတွင် ဤသို့ပင်ရှိလေသည်။

**တောင်ပြုံးမင်းညီနောင်ပွဲ**

ဝါခေါင်လထဲတွင်ပင် အခြားပွဲတော်တစ်ခုရှိပေသေးသည်။ ဘာသာရေးပွဲတော့မဟုတ်ပေ။တောင်ပြုံးညီနောင်နတ်ပွဲဖြစ်၏။ တောင်ပြုံးပွဲတော်သည် ပုဂံခေတ် အနော်ရထာမင်းလက်ထက်မှစတင်ပေါ်ပေါက်လာခဲ့ရာ ယနေ့တိုင်ပင်ဖြစ်သည်။ မြန်မာ့သမိုင်းရေးရာတွင် မှတ်တမ်းမှတ်ရာအနေနှင့် အလွန်အရေးပါသော လောကဗျူဟာအင်ရုံစာတမ်းတွင် နတ်နာယကနတ်ထိန်းတို့၏ကျင့်သုံးရမည့် ဥပဒေစည်းကမ်းများကို အကျယ်တဝင့်လေ့လာသိရှိနိုင်ပေသည်။ ဤပွဲတော်နှင့်ဆက်စပ်၍ မင်းညီမင်းသားများနှင့် အရပ်ဘက်များ မည်သို့ကျင့်ဆောင်ရမည်။ ဒုစရိုက်မဖြစ်ပွားအောင် မည်သို့တားဆီးကာကွယ်ကျင်းပရမည်တို့ကို အကျယ်တဝင့်သိနိုင်ပေသည်။ ထိုအင်ရုံစာတမ်းမှာ ရှေးမင်းများ၏ ထီးမှုနန်းလျှာအကြောင်းအရာ ဒုရေးသုရေးများကို မှတ်တမ်းပြုထားသောစာပေဖြစ်သည်။ထိုကိုထောက်၍ တောင်ပြုံးပွဲတော်သည် ကုန်းဘောင်ခေတ်ဦးကာလအထိ အလွန့်အလွန်ထူးခြားမှုမရှိဟုဆိုရပါမည်။

ကုန်းဘောင်ခေတ်နှောင်း မင်းတုန်းမင်းနှင့် ကနောင်မင်းသားတို့လက်ထက်တွင် အထူးဦးစားပေးကျင်းပခဲ့ကြောင်းကို နတ်ကိုးကွယ်မှုသမိုင်းများအရ သိရပေသည်။

နောင်တော်ပုဂံမင်းကို ညီနောင်နှစ်ပါးဖြစ်သော မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့က ထောင်းထားပုန်ကန်ရန် မတ္တရာနယ် တောင်ပြုံးအရပ်သို့စတင်ထွက်ခွာပြီး ထိုမှတစ်ဆင့် ရွှေဘိုမှ တိုက်ခိုက်ကြရာ အောင်မြင်ခဲ့လေသည်။(ရဲတင်းမော်ကွန်း)ထိုတောင်ပြုံး မတ္တရာဒေသကိုအကြောင်းပြု၍ မြန်မာ့စာပေတွင် အလွန်ထင်ရှားအလေးဂရုပြုဖွယ်ဖြစ်သော ဒုတိယမောင်းထောင်ဆရာတော်ကြီး၏ ဝါသမာလိနီကျမ်းကြီး ဖြစ်ပေါ်လာခဲ့ပေသည်။ တောင်ပြုံးပွဲတော် နတ်နာယက နတ်ထိန်းစသည် ဒေဝတာပူဇော်ပွဲဆိုင်ရာများသည် ထိုခေတ်ထိုအခါတွင် ပိုမိုပြည့်စုံပေါ်ထွက်လာခဲ့သည်ကို နတ်သမိုင်းမှတ်တမ်းမှတ်ရာများအရ သိရပေသည်။

ခေတ်အဆက်ဆက်တွင် "ဝါခေါင်"လ "စာရေးတံမဲ" ပွဲနှင့် တောင်ပြုံးညီနောင်နတ်ပွဲကို ရှေးစာဆိုတော်များ ဖြစ်ကြသည့် ဆီသည်ရွာစား ဦးအောင်ကြီး၊ ဦးယာ၊ မဟာအတုလမင်းကြီး၊ ဦးကြင်ဥ၊ မယ်ခွေ၊ ဖိုးသူတော်ဦးမင်း၊ လူဦးမင်း၊ ဦးကြော့ စသည်တို့က လွမ်းချင်း၊ ဟန်ချင်း၊ အဲချင်း၊ လေးချိုး၊ သဖြန်၊ လူးတားစသည်ဖြင့် စာအလင်္ကာပုံစံအမျိုးမျိုးဖွဲ့ဆိုခဲ့ကြလေသည်။

**မေတ္တာအခါတော်နေ့**

ခေတ်စနစ်တို့သည်ပြောင်းလဲမြဲဖြစ်သည်။ လွတ်လပ်ရေးမရမီထိ စာရေးတံမဲပွဲများရှိခဲ့ကြသော်လည်း ယခုအချိန်အခါတွင် လုံးဝမရှိသလောက်ဖြစ်နေပေပြီ။ ထိုနေရာတွင် ဝါခေါင်လစာရေးတံမဲပွဲအစား "**မေတ္တာအခါတော်နေ့**"ကျင်းပလာကြပေသည်။

၂၀ ရာစုနောက်ပိုင်း ၁၉၈၀ ပြည့်နှစ်အကျော်တွင် မာဂဓီသာစည်ဆရာတော်က ဦးဆောင်၍ မြန်မာနိုင်ငံအနှံ့အပြားတွင် "၁၂ လရာသီအခါတော်နေ့"များကို လအလိုက်ကျင်းပလာကြရာ ယခုတိုင်ပင်ဖြစ်ပါသည်။ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ရာသီအလိုက် လအလိုက် အခါကြီးနေ့ကြီးရက်များ လုပ်ဆောင်ရာတွင် ဝါခေါင်လပြည့်နေ့ကို "**မေတ္တာအခါတော်နေ့**"အဖြစ်ပြုလုပ်လေသည်။ အခြားအခါတော်နေ့များကိုလည်း လအလိုက်ပြုလုပ်မြဲဖြစ်သည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ဘာသာရေးအသင်းအဖွဲ့များကလည်း ၁၂ လရာသီအခါတော်ပွဲများကိုပြုလုပ်ကြသည့်အနက် ဝါခေါင်လပြည့် (**မေတ္တာအခါတော်နေ့**)သည်ပါမြဲဖြစ်သည်။

ပုဂ္ဂလိကအသင်းအဖွဲ့များအနေဖြင့်လည်း မြို့ရွာ၊ ဒေသအလိုက် တတ်အားသမျှကျင်းပကြလေသည်။ ထိုအထဲတွင်ပုဂ္ဂလိကအသင်းအဖွဲ့အနေဖြင့် Forever Group မှလည်း မေတ္တာအခါတော်နေ့ကို ခမ်းနားကြီးကျယ်စွာ နှစ်စဉ်ကျင်းပလာရာ ယခုနှစ်ဆိုလျှင် သတ္တမအကြိမ်မြောက်တိုင်ရှိခဲ့ပြီ။နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဝန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ၊ နိုင်ငံတော်ဝိနည်းဓိုရ် မင်္ဂလာရာမ ပါဠိတက္ကသိုလ်ဆရာတော် ဘဒ္ဒန္တ ရဋ္ဌသာရနှင့်တိပိဋကဓရ မဟာဘဏ္ဍာဂါရိကဆရာတော်ကြီးများကို ပင့်ဖိတ်၍ ဝါခေါင်လပြည့်နေ့တိုင်း နှစ်စဉ်ကျင်းပခဲ့လေပြီ။ ထိုအခမ်းအနားကိုလည်း MRTV-4 မဟာဇာတိရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်၍ အများပြည်သူသို့ ကုသိုလ်ပြုခဲ့လေသည်။

ရှေးစာဆိုကြီးများ၏ ဝါခေါင်လအကြောင်းအရာ စာအလင်္ကာများတွင် စာရေးတံမဲပွဲနှင့် တောင်ပြုံးနတ်ပွဲ အကြောင်းအရာများပါသကဲ့သို့ နှောင်းခေတ်ဆယ်စု၊ ရာစုနှစ်များတွင်လည်း မေတ္တာအခါတော်နေ့စာအလင်္ကာသည်လည်း ပါဝင်လာပေလိမ့်မည်။

ထိုမေတ္တာအခါတော်နေ့သည်လည်း နောင်တွင် ဒြပ်မဲ့ယဉ်ကျေးမှုအနေဖြင့် မှတ်တမ်းဖြစ်လာမည်တည်း။ တောင်ပြုံးပွဲကမူ ယနေ့တိုင်တည်ရှိမြဲဖြစ်ပေသည်။ လဝါခေါင်အကြောင်းကို ဆီသည်ရွာစား ဦးအောင်ကြီး၏ ဝါခေါင်လဘွဲ့လူးတားကို ဖော်ပြ၍ နိဂုံးချုပ်အပ်ပါသည်။

**ဝါခေါင်လဘွဲ့**

**သာစွလေ—တိမ်ခြေမှိုင်းထန်၊လဗိမာန်နှင့်၊သရဝဏ်နက္ခတ်၊ ပြည့်မှတ်တစ်လီ၊ သိဟ်ရာသီဟု၊ စွာရုံစွာ၊ ပင်တိုင်းဖြာသဘ၊နံကာဆန်းစ၊ဝါခေါင်လကား၊ကျောင်းမှမကွာ၊ ထေရ်သံဃာတို့၊ သဒ္ဓါရှင်လန်း၊ ဆွမ်းပန်းကျွေးဟန်၊စာရေးတံဟု၊ကောင်းမွန်စီရင်၊သဘင်ဒါန၊လှူဒါန်းကြလျက်၊ရှေးကထိမ်းမှတ်၊ညီနောင်နတ်အား၊ ရိုညွတ်သောင်းသဲ၊ တက်ခြေနှင့်၊ လေ့ပွဲများစွာ၊ မြစ်ရောဝယ်၊ ကြေညာသန်းကူး၊ ဖြိုင်ကြမြူးသည်၊ ကျွန်းဦးရေ့မြောက်ယွန်းတည့်လေ...၊ ပွင့်လင်းစည်သည်၊ ရွှေပြည်ရွှေဝ၊ နန်းတည့်လေး...။ ။**

# ပြင်ဦးလွင်မြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

**နေပြည်တော် ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၁)ရှိ အောင်ချမ်းသာကျောင်းတိုက်မှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၈၅ ပါးနှင့် ဒေသခံပြည်သူ ၆၉ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း၊ သွေးဖောက်၍ ဆီးချိုသွေးချိုစစ်ဆေးခြင်းနှင့် သွေးအုပ်စုများ စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်း ဆုရရှိသူများကို ဆုများ ပေးအပ် ချီးမြှင့်စဉ်။**



**နေပြည်တော် ဩဂုတ် ၃၀**

အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ဇေယျခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားလိုက် ဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသည့်အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်တပ်ရင်း၊တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်းရှစ်သင်းတို့ဖြင့် ဩဂုတ် ၂၅ ရက်မှ ယနေ့ထိ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၃၀**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နေ့လယ်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။


အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် စက်တင်ဘာ ၉ ရက်ထိ ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



**အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။**

# TNLA အဖွဲ့ဝင်များက နမ့်ဖတ်ကာကျေးရွာအတွင်းသို့ ရည်ရွယ်ချက်ရှိရှိ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ၁၆ နှစ်အရွယ် အပြစ်မဲ့အရပ်သားအမျိုးသမီးငယ် တစ်ဦးသေဆုံးပြီး အမျိုးသား သုံးဦးနှင့် အမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

TNLA အဖွဲ့ဝင်များက နမ့်ဖတ်ကာကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်သည့် ဖြစ်စဉ်နေရာပြပုံ




**နေပြည်တော် ဩဂုတ် ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာကျေးရွာအတွင်းသို့ TNLA အဖွဲ့ဝင်များက ရည်ရွယ်ချက်ရှိရှိ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ၁၆ နှစ်အရွယ် အပြစ်မဲ့အရပ်သား အမျိုးသမီးငယ် တစ်ဦး သေဆုံးပြီး အမျိုးသား သုံးဦးနှင့် အမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၁၀ နာရီခွဲခန့်တွင် TNLA အဖွဲ့ဝင်များက နမ့်ဖတ်ကာကျေးရွာ၏ တောင်ဘက်မီတာ ၅၀၀ ခန့်အကွာမှ လက်နက်ကြီးများဖြင့် ကျေးရွာအတွင်းသို့ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ၁၆ နှစ်အရွယ် အပြစ်မဲ့အရပ်သား အမျိုးသမီးငယ် တစ်ဦးသေဆုံး၍ အမျိုးသား သုံးဦးနှင့် အမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး TNLA အဖွဲ့ဝင်များသည် အဆိုပါကျေးရွာ၏ အနောက်တောင်ဘက်သို့ ဆုတ်ခွာသွားကြောင်း သိရသည်။

အဆိုပါ ဒဏ်ရာရရှိသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကွတ်ခိုင်ပြည်သူ့ဆေးရုံနှင့်နယ်မြေခံဆေးတပ်ရင်းများသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နမ့်ဖတ်ကာကျေးရွာနှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်ကို လိုအပ်သည့် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

0w Mw M @

# မေတ္တာဒေါသံ

အမေ့သား(နတ်မောက်)




(၁)

မပိုလျှံသော်လည်း အမေနှင့်သူ၏ စားဝတ်နေရေးကို ပြေလည်အောင် ဖြေရှင်းပေးနိုင်သည်ကိုပဲ သူကျေနပ်နေမိသည်။ အခြားအလုပ်များကို ပြောင်းရွှေ့၍ လုပ်ကိုင်ရန် အခွင့်အရေးရှိသော်လည်း သူပြောင်းလဲလုပ်ကိုင်ခြင်းမပြုသည်ထိ သည်အလုပ်ကလေးအပေါ် မြတ်နိုးတွယ်တာလျက်ရှိသည်။ အထူးသဖြင့် ကိုယ်ပိုင်လုပ်ငန်းဟုပင် ဆိုနိုင်သည်ထိ လွတ်လပ်မှုရှိသည့်အတွက် သည်အလုပ်ကလေးကို သူသံယောဇဉ်ရှိနေခြင်းဖြစ်သည်။

(၂)

"ဩကာသ. . . ဩကာသ. . . ဩကာသ. . ."

သူသည် နေ့စဉ်နီးပါး ဘုရားဝတ်ပြုခြင်းအလုပ်ကို မလုပ်ဆောင်နိုင်သော်လည်း အမေတစ်ယောက်အေးချမ်းစွာဘုရားဝတ်ပြုနိုင်သည်ကိုပင် ဝမ်းသာလှပါပြီ။ အမေသည် တစ်မျိုးပြီးတစ်မျိုး ရောက်လာတတ်သောရောဂါများကို တွန်းလှန်ကာ ရှင်သန်နေရသည့်တတိယအရွယ်သို့ ရောက်ရှိနေပြီဖြစ်သည်။ တစ်ခါတလေ အကောင်းကြီးမှ ချောင်းတဟွပ်ဟွပ်ဆိုးကာ အိပ်ရာထဲ ဗုန်းဗုန်းလဲသွားရသည့်အခါမျိုးလည်း ရှိသည်။ သူသည်ပျက်ကွက်မှုမရှိရလေအောင် အမေ့ကို အရိပ်တကြည့်ကြည့်နှင့် ပြုစုစောင့်ရှောက်နေရသည်။ အပင်ပန်းခံပြုစုရသည်ကို ညည်းညူမှုမရှိဘဲ ကုသိုလ်ထူးသည်ဟု သူကိုသူ ယူဆထားနိုင်သည်ကို အမေသည် အမြဲချီးကျူးလျက်ရှိသည်။

"အဟွပ်. . . အဟွပ်. . . အဟွပ်"

"မနေ့ကရေမချိုးပါနဲ့လို့ ပြောတာကို အမေကနားမထောင်တာ အခုတော့ ချောင်းဆိုးပြီမလား"

သူပြောပြောဆိုဆိုနှင့် ရေနွေးကြမ်းလေးကို အေးသွားအောင်ပါးစပ်ဖြင့်မှုတ်လိုက်ပြီး အမေ့အတွက် ဆေးကိုစပ်လိုက်သည်။ သူကမ်းပေးသောဆေးကို အမေက ပါးစပ်ထဲပစ်ထည့်ပြီး ရေနွေးလေးနှင့် မျှောချလိုက်သည်။

"တူ. . . တူ. . . တူ"

နံပါတ်စိမ်းနှင့်ဖုန်းတစ်လုံးဝင်လာသည်ကို သူချက်ချင်းပင် ကိုင်လိုက်သည်။

"ဘယ်အချိန် လာပို့မှာလဲ၊ ဘယ်ရောက်နေပြီလဲ"

"ဟယ်လို"ဟုပင် နှုတ်မဆက်ရသေးခင် တစ်ဖက်လူ၏မကျေမနပ်နှင့် ဒေါသထွက်နေသည့်အသံကို ကြားလိုက်ရသည်။

"အခုပဲ လာတော့မှာခင်ဗျ။ နောက်နာရီဝက်၊ ၄၅ မိနစ်လောက်ဆို ရောက်ပါပြီ"

တစ်ဖက်လူနှင့်ပြိုင်၍ ဒေါသထွက်နေနိုင်ခွင့်မရှိသောကြောင့် သူအချိုသာဆုံးသောလေသံနှင့် ပြောလိုက်သည်။ တစ်နေ့ထက်တစ်နေ့ သည်းခံမှုစွမ်းအားများ ပိုတိုးတက်လာလျက်ရှိသည်ကတော့ သူ့အတွက် အမြတ်ပင်။

"မင်းတို့ကောင်တွေက ပြောလိုက်ရင်အဲဒီလိုပဲ။ နောက်ထပ်နာရီဝက်အတွင်း ရောက်ရင်ရောက်၊ မရောက်ရင် အဲဒီပစ္စည်းငါမယူတော့ဘူး။ အရေးကြီးပါတယ်ဆို တောက်"

ဖုန်းကိုဂွပ်ခနဲချသွားသည့်အခါ သူ့အသက်ကို ဖြည်းဖြည်းချင်းပြန်ရှူနေရသည်။ မြတ်နိုးလွန်း၍ သာသည်အလုပ်ကို လုပ်နေရခြင်းဖြစ်သည်။ တစ်ခါတလေကျပြန်တော့ လူတွေကကိုယ်ချင်းစာတရား ခေါင်းပါးလှသည်။ ဝန်ဆောင်ခ များနေမည်စိုးသောကြောင့် လမ်းကြောင်းတူရာပစ္စည်းတစ်ခုကို စောင့်နေရခြင်းဖြစ်ကြောင်း ရှင်းပြလျှင်လည်း သူ၏စေတနာကိုနားလည်လိမ့်မည်မဟုတ်ပေ။

(၃)

"ဟောဗျာ၊ သွားခါလာခါနီးဆို မိုးကရွာလာပြန်ပြီ"

ညည်းညူခြင်းမှတစ်ပါး ရပ်ဆိုင်းခြင်းကိုမပြုနိုင်။ မိုးရွာလည်းသွားရမည်။ နေပူလည်းသွားရမည်။ အချိန်မီရောက်ရန်က အရေးကြီးသည်။

"မိုးတိတ်မှ သွားပါလား သားလေး၊ အဟွပ်"

"မိုးတိတ်မှသွားလို့ မရဘူးအမေရဲ့၊ ဟိုက အရေးကြီးနေပြီ။ အမေလဲ နွေးနွေးထွေးထွေးနေနော်။ ချက်တာ၊ ပြုတ်တာလဲ မလုပ်နဲ့နော်။ သားပြန်လာမှချက်မယ်"

"အေးပါအေးပါ ဂရုစိုက်လဲ အဟွပ် သွားအုံး။ မိုးကာလေးခြုံသွား"

ပစ္စည်းများကိုမိုးလုံအောင် အိတ်ဖြင့်ပတ်လိုက်သည်။ လူကတော့မိုးကာခြုံသော်လည်း မိုးလုံမှာတော့ မဟုတ်ပေ။

မိုးက သဲကြီးမဲကြီးရွာနေသောကြောင့် ဆိုင်ကယ်ကို ဂရုစိုက်မောင်းနေရသည်။ အန္တရာယ်ကိုကြည့်ရှောင်နေရသည့်တိုင် လျင်မြန်မှုကိုလည်း လျှော့ချ၍မဖြစ်။ တစ်ဖက်မှအရေးကြီးနေသည့်လူအတွက် အချိန်မီရောက်ရန် လိုအပ်သည်။

ခဏနေတော့ မိုးက စဲစပြုသည်။ တော်ပါသေးရဲ့။ ဖုန်းသံမြည်လာသောကြောင့် နားစွင့်ကြည့်လိုက်သည်။ အမေ့ဆီမှဖုန်းဖြစ်ကြောင်းကို သီးသန့်ပေးထားသည့် ဖုန်းမြည်သံလေးက သက်သေပြသည်။ ဆိုင်ကယ်အရှိန်ကိုလျှော့လိုက်ပြီး ဖုန်းကို နားတွင်ကပ်လိုက်သည်။

"သားလေး ဘယ်ရောက်နေပြီလဲ၊ ဂရုစိုက်သွားနော်"

"အမေကလဲ အခုမှ ထွက်လာတာလေ ဘယ်ရောက်အုံးမှာလဲ။ ဒါပဲနော်"

တစ်ခါက သူဆိုင်ကယ်မတော်တဆ တိမ်းမှောက်ပြီးသည့်နောက် ကြီးကြီးမားမားဒဏ်ရာဟူ၍ မရခဲ့သည့်တိုင် အမေသည် အိမ်မှ သူထွက်သွားပြီဆိုသည်နှင့် မကြာခဏ ဖုန်းခေါ်တတ်လာသည်။ မကိုင်လျှင် နေမထိ၊ ထိုင်မသာ စိတ်ပူနေတတ်သောကြောင့် သူအမြဲကိုင်ဖြစ်အောင် ကိုင်ရသည်။

မိုးကတိတ်သွားသော်လည်း သည်းထန်စွာရွာသွားသည့်အတွက် လမ်းက အနည်းငယ်ချော်ချင်နေသည်။ လမ်းသွားလမ်းလာ ကားများ၊ ဆိုင်ကယ်များရှုပ်ထွေးနေသောကြောင့်လည်း မနည်းဂရုစိုက်နေရသည်။ သည်ကြားထဲ လမ်းကြောင်းများက သူ့စိတ်ထဲ ဇဝေဇဝါဖြစ်နေသည်။ ရောက်ဖူးသော်လည်း တိတိကျကျ မမှတ်မိ။ ထင်ရာလမ်းကို ချိုးကွေ့လိုက်သည်။ တော်တော်ကြီး သွားပြီးခါမှ စိတ်ထဲထင့်နေသောကြောင့် လူတစ်ယောက်ကို မေးမြန်းရသည်။ မှားသွားမှန်းသိ၍ နောက်ပြန်ကွေ့သော်လည်း ပြောထားသည့်အချိန်က သိပ်မကျန်တော့။

(၄)

"တူ. . . တူ. . . တူ"

မတုံ့ဆိုင်းဘဲ ဖုန်းကိုချက်ချင်းကိုင်လိုက်သည်နှင့်-

"ဟေ့ကောင်မင်းပြောတော့ နာရီဝက်၊ ၄၅ မိနစ်ဆို အခုထိ ရောက်မလာသေးဘူး"

"ရောက်တော့မှာပါဗျ။ လမ်းနည်းနည်းမှားသွားလို့ အခု ပြန်ကွေ့လာနေပါပြီ"

"ဟ. . . မင်းတို့ကောင်တွေက ဒီအလုပ် လုပ်စားနေတာတောင် လမ်းက မှားရသေးတယ်။ ချေးတဲ့မှပဲ မြန်မြန်လာ။ ဒါပဲ"

သည်အလုပ်လုပ်စားနေသည်နှင့်ပဲ လမ်းကမှားလို့မရဘူးတဲ့လား။ လမ်းကြောင်းတွေ အလွတ်ရနေရမှာတဲ့လား။ စိတ်ထဲမှာတွေးမိသော်လည်း ပါးစပ်ကနေတော့ ထုတ်မပြောဝံ့။ ခပ်ချဉ်ချဉ်ပြုံးလိုက်ပြီး ဆိုင်ကယ်အရှိန်ကိုတင်လိုက်သည်။ ပြောထားသည့်နေရာကိုရောက်ရန် သိပ်မလိုတော့သောကြောင့် နောက်ထပ်ဖုန်းဝင်မလာမီ လီဘာကို အမြင့်ဆုံးတင်လိုက်သည်။

"တီ. . . တီ. . . တီ"

နောက်မှ ကားတစ်စီးကကျော်တက်ရန် ဟွန်းအဆက်မပြတ် တီးလာသောကြောင့် သူဆိုင်ကယ်ကို လမ်းဘေးကပ်မောင်းလိုက်သော်လည်း ပါလာသည့်အရှိန်နှင့် လမ်းချော်နေသည်ကို သတိမထားမိ။

"ဒုန်း"

"အား"

ဆိုင်ကယ်သည် ချော်၍ လမ်းလယ်ဘက်ဆီသို့ ကွေ့ဝင်သွားသည်ကို သူမထိန်းလိုက်နိုင်။ ဆိုင်ကယ်နှင့်အတူ သူသည်လည်း လမ်းမပေါ်တွင် ရှပ်ပျက်ဆင်းပျက် လဲကျသွားရာ နောက်မှ ကပ်ပါလာသောကားက သူ့အား။

အနီးအနားမှလူအများ ဝိုင်းအုံလာကြသည်။ သူသည် သွေးအိုင်ထဲတွင် နစ်မျောကာ သတိက မရတစ်ချက်၊ ရတစ်ချက်။

ဘေးနားဆီမှ ဖုန်းမြည်သံလေးကြောင့် သူ့လက်များ လှုပ်ရှားလာသည်။ သို့သော် စိတ်ကသာလက်များကိုလှုပ်ရှားခိုင်းနေခြင်းဖြစ်ပြီး တကယ့်လက်များက လှုပ်ရှားနိုင်ခြင်း မရှိတော့ပေ။

ဖုန်းသံက အဆက်မပြတ် မြည်နေဆဲ။

❖ တစ်ခါက သူဆိုင်ကယ်မတော်တဆ တိမ်းမှောက်ပြီးသည့်နောက် ကြီးကြီးမားမားဒဏ်ရာဟူ၍ မရခဲ့သည့်တိုင် အမေသည် အိမ်မှ သူထွက်သွားပြီဆိုသည်နှင့် မကြာခဏ ဖုန်းခေါ်တတ်လာသည်။ မကိုင်လျှင် နေမထိ၊ ထိုင်မသာ စိတ်ပူနေတတ်သောကြောင့် သူအမြဲကိုင်ဖြစ်အောင် ကိုင်ရသည်။ မိုးကတိတ်သွားသော်လည်း သည်းထန်စွာရွာသွားသည့်အတွက် လမ်းကအနည်းငယ်ချော်ချင်နေသည်။ လမ်းသွားလမ်းလာ ကားများ၊ ဆိုင်ကယ်များရှုပ်ထွေးနေသောကြောင့်လည်း မနည်းဂရုစိုက်နေရသည်။ သည်ကြားထဲ လမ်းကြောင်းများက သူ့စိတ်ထဲ ဇဝေဇဝါဖြစ်နေသည်။ ရောက်ဖူးသော်လည်း တိတိကျကျ မမှတ်မိ။ ❖

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၆၂၃၅၃ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**ခင်ဦး ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၆၂၃၅၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၁၀၀၀၀၀ စိုက်ပျိုးရန်လျာထားပြီး ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးစပါး ၆၂၃၅၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ခင်ဦးမြို့နယ်မှာ မိုးစပါးဧက ၁၀၀၀၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ အခု မိုးစပါး ၆၂၃၅၃ ဧက စိုက်ပျိုးပြီးပါပြီ။ မိုးစပါးဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ ခင်ဦးမြို့နယ်မှာ မိုးစပါးစိုက်ပျိုးမှု တိုးလာပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့၊ စိုက်နည်းစနစ်တွေ မှန်ကန်ဖို့၊ အချိန်မီ စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါးဧက ၁၀၀၀၀၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် ဇွန်လမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ မိုးစပါး ၉၉၇၁၇ ဧကသာ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ်စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများကို မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးစေခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# စလင်းမြို့နယ် တောင်ဘိုရွာသစ်ကျေးရွာ၌ ကျေးရွာတွင်းမြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**စလင်း ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ဘိုရွာသစ်ကျေးရွာ၌ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက တောင်ဘိုရွာသစ်ကျေးရွာ လမ်းကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်းလမ်း အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ လုပ်ငန်းများအချိန်မီပြီးစီးရေး ဝိုင်းဝန်းဆောင်ရွက်ကြရန်ဆွေးနွေးမှာကြားသည်။

စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ပံ့ပိုးရန်ပုံငွေကျပ် ၆ ဒသမ ၈ သန်းဖြင့် တောင်ဘိုရွာသစ်ကျေးရွာ၌ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဩဂုတ် ၁၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၇၂ အိမ်၊ လူဦးရေ ၄၁၀ နှင့် လယ်ယာမြေ ၃၇၂ ဧကကို အကျိုးပြုမည်ဖြစ်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အထွေး**



# ဘားအံမြို့နယ် ဆင်ကျုံးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ ဩဂုတ် ၃၀**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဆင်ကျုံးကျေးရွာ၌ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဆင်ကျုံးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း စတုတ္ထအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ၊ ရေလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၂ ဦးကို စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၇၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဘိုဘို**

## စာရေးတံမဲ လှူဒါန်းပွဲ

\- စာရေးတံ အလှူပွဲ
ကျင်းပန္ဒဲ တို့ပြည်ရွာ
အလှဝေဆာ၊
မြတ်ဗုဒ္ဓ သာသနာ
ချီးမြှောက်ကာ ကပ်လှူဒါန်း၊
လဝါခေါင် တစ်မူထူးလို့
ကြည်နူးရွှင်လန်း။

\- ခတ္တာရယ် အလှဆန်း
မာလာပန်း အစီအရီ
ပွင့်ကြလေပြီ၊
ဝါခေါင်လ သူ့ရာသီ
အချိန်မီ ပွင့်ကာလန်း၊
သုံးလှူရှင် မြတ်ဘုရားသို့
လှူထားရည်မှန်း။

\- ခန္ဓာကိုယ် အမြဲဆင်မြန်း
ကုသိုလ်ပန်း အမှန်ပါ
ကြိုင်သင်းလျက်သာ၊
ဝသန္တ မိုးဥတုအခါ
ရောက်ရှိလာ ဝါခေါင်လ၊
စာရေးတံမဲ လှူဒါန်းပွဲတို့
(အိုကွယ်. . . )
ဆင်နွှဲလှပ။ ။

**ဇေဂျမ်းရွာကျောင်းအိုသား**

# မိတ္ထီလာမြို့နယ် ငွေးကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိတ္ထီလာ ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၄၀ ဒသမ ၆၃ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ငွေးကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်း၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ငွေးကုန်းကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန်မှာကြားသည်။

ငွေးကုန်းကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း အရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေကိုးလက်မ ခင်းခြင်းလုပ်ငန်းနှင့် ကုန်ထုတ်တံတား Slab Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၄၀ ဒသမ ၆၃ သန်းဖြင့် ဩဂုတ်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာယခုအခါ လုပ်ငန်းများ ၂၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ငွေးကုန်းကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာလေးရွာရှိ အိမ်ခြေ ၆၅၉ အိမ်၊ လူ ၃၄၄၅ ဦးတို့၏ စိုက်ပျိုးမြေဧက ၁၂၀၀၀ ကျော်မှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်း ကုန်ကျစရိတ်သက်သာစွာသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# F-15EX တိုက်လေယာဉ်များဝယ်ယူခဲ့သော အင်ဒိုနီးရှားနိုင်ငံ




အင်ဒိုနီးရှားနိုင်ငံသည် အမေရိကန်ထံမှ ဘိုးအင်းကုမ္ပဏီထုတ် F-15 EX တိုက်လေယာဉ်များ ဝယ်ယူရန် စီစဉ်ထားရှိကြောင်း၊ တောင်တရုတ်ပင်လယ်ရှိ နာတူနာကျွန်းစုတွင် တရုတ်နိုင်ငံကို ဟန့်ချက်ထိန်းညှိနိုင်ရန် ၎င်း၏ သက်တမ်းရင့်လေတပ်နှင့် ကာကွယ်ရေးစွမ်းဆောင်ရည်များ ခေတ်မီတိုးတက်အောင် အင်ဒိုနီးရှားနိုင်ငံ၏ နောက်ဆုံးကြိုးပမ်းမှုဖြစ်ကြောင်း ဖော်ပြထားသည်။

ဘိုးအင်းတာဝန်ရှိသူများသည် အင်ဒိုနီးရှားနိုင်ငံအတွက် F-15 EX တိုက်လေယာဉ် ၂၄ စင်း ရောင်းချပေးရန် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့သည်။ အင်ဒိုနီးရှားတာဝန်ရှိသူများသည် စိန့်လူဝစ်ရှိ ဘိုးအင်းကုမ္ပဏီ၏ လေယာဉ်တည်ဆောက်ထုတ်လုပ်မှုနေရာသို့ သွားရောက်ပြီးနောက် ထိုသဘောတူညီချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက သဘောတူညီချက်ကိုအတည်ပြုပေးရန်လိုအပ်နေဆဲဖြစ်သော်လည်း နားလည်မှုစာချွန်လွှာသည် အင်ဒိုနီးရှားစစ်ဘက်အပြင် အမေရိကန်လေတပ်(USAF)အတွက်လည်း အရေးပါသောခြေလှမ်းတစ်ရပ်ပင်ဖြစ်သည်။ USAF အနေဖြင့်လည်း ၎င်း၏သက်တမ်းရင့်တိုက်လေယာဉ်အုပ်များကို ခေတ်မီအဆင့်မြှင့်တင်ရန် ဂျက်တိုက်လေယာဉ်များ ဝယ်ယူဖြည့်တင်းရလျက်ရှိသည်။

F-15EX သည် USAF အတွက် ဘိုးအင်းကုမ္ပဏီက သုတေသနပြု တည်ဆောက်ထားသည့် အဆင့်မြင့်တိုက်လေယာဉ်ဖြစ်သည်။ ၎င်းလေယာဉ်သည် အဆင့်မြင့်လေယာဉ်ပုံစံပြု အီလက်ထရွန်နစ်နည်းပညာ၊ ကိုယ်ထည်ဖွဲ့စည်းမှုပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှုနှင့်ဝန်စည်စလယ်သယ်ဆောင်နိုင်မှု စသည့် စွမ်းဆောင်ရည်များမြင့်မားလျက်ရှိသည်။ F-15EX သည် လေကြောင်းအရေးသာမှု၊ တိုက်ခိုက်ရေးမစ်ရှင်များနှင့် ဘက်စုံစစ်ဆင်ရေးအပါအဝင် အခန်းကဏ္ဍအမျိုးမျိုးတွင် တာဝန်ထမ်းဆောင်နိုင်ရန် ဒီဇိုင်းရေးဆွဲထုတ်လုပ်ထားခြင်းဖြစ်သည်။

F-15EX သည် အလျား ၁၉ ဒသမ ၄၅ မီတာ၊ အနံ ၁၃ ဒသမ ၀၅ မီတာနှင့် အမြင့် ၅ ဒသမ ၆၄ မီတာရှိသည်။ လေယာဉ်ကိုယ်ထည်အလေးချိန်သည် ကီလိုဂရမ် ၁၄၅၀၀ နှင့် အများဆုံးဝန်ပြည့်တန်ချိန် ကီလိုဂရမ် ၃၇၀၀၀ ရှိသည်။ F-15EX သည် အသံလွန်လက်နက်များပစ်ခတ်နိုင်မည့်အပြင် လေယာဉ်မှူးတစ်ဦးတည်းဖြင့် ကိုင်တွယ်မောင်းနှင်နိုင်စွမ်းရှိစေမည်ဖြစ်သည်။ လေယာဉ်သည် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များ၊ အဆင့်မြင့်လေယာဉ်မှူးအခန်း၊ ခေတ်မီအာရုံခံနှင့် ရေဒါများ၊ အဆင့်မြင့်မစ်ရှင်စနစ်နှင့် ဆော့ဖ်ဝဲစွမ်းဆောင်ရည်များပါရှိသည်။ သို့သော် F-15 EX အစီအစဉ်အတွက် ကုန်ကျစရိတ်၊ ထုတ်လုပ်မှုတို့နှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုများဖြစ်ပေါ်စေ လျက်ရှိသည်။ လေယာဉ်တစ်စင်း၏ ကုန်ကျစရိတ်သည် ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၆ သန်းထိ မြင့်တက်လာနိုင်ပေသည်။

အမေရိကန်အစိုးရတာဝန်ခံမှုရုံး (GAO) က F-15EX ထုတ်လုပ်ရာတွင် ပြဿနာများရှိနေကြောင်းနှင့် USAF ၏ ကနဦးတာဝန်ထမ်းဆောင်နိုင်မှု (IOC) နေ့ရက်အပေါ် သက်ရောက်မှုရှိနိုင်ကြောင်း ကောက်ချက်ချဖော်ပြခဲ့သည်။ ဘိုးအင်းကုမ္ပဏီအနေဖြင့် ၂၀၂၃ ခုနှစ် ဇွန်လမတိုင်မီ F-15EX လေယာဉ်ခြောက်စင်း ထပ်မံလွှဲပြောင်းပေးအပ်သွားရန် လိုအပ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် ၎င်း၏ လေတပ်အဆင့်မြှင့်တင်ရေးအတွက် ရှုန်းကန်လှုပ်ရှားရလျက်ရှိပြီး အင်ဒိုနီးရှားလေတပ် (IDAF) တာဝန်ရှိသူများက လက်ရှိလေယာဉ်အုပ်သည် ကျွန်းစုများပေါ်များသည့် တိုင်းပြည်၏ ကျယ်ပြောသောဝေဟင်ကိုကာကွယ်ရန်နှင့် ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော လုံခြုံရေးဆိုင်ရာ လိုအပ်ချက်များဖြေရှင်းရန် အထူးသဖြင့် နာတူနာကျွန်းစုများအနီးတွင် တရုတ်နိုင်ငံ၏ တည်ရှိနေမှုနှင့်စပ်လျဉ်း၍ လုံလောက်မှုမရှိကြောင်း ပြောဆိုကာ လေတပ်အဆင့်မြှင့်တင်ရေးအတွက် ၎င်းတို့၏ ကာလရှည်ကြာမျှော်မှန်းချက်ကို ထုတ်ဖော်ပြောဆိုလျက်ရှိသည်။

၂၀၂၃ ခုနှစ် ဧပြီလထိ IDAF သည် အမေရိကန်နှင့် ရုရှားနိုင်ငံထုတ် တိုက်လေယာဉ် ၄၉ စင်းသာ ပိုင်ဆိုင်ထားရှိသည်။ ၎င်းလေယာဉ်များတွင် F-16 ၃၃စင်း၊ Su-30 ၁၁ စင်းနှင့် Su-27 ငါးစင်းတို့ပါဝင်ပြီး ရုရှားလုပ် Su-30 များသည် IDAF ၏ အဓိကတိုက်လေယာဉ်များဖြစ်သည်။ အနောက်အုပ်စုက ရုရှားနိုင်ငံအပေါ် ပိတ်ဆို့မှုသည် အင်ဒိုနီးရှားနိုင်ငံကို အဆင့်မြင့် Su-35 တိုက်လေယာဉ်ဝယ်ယူရရှိရေးအတွက် အဟန့်အတားဖြစ်စေလျက်ရှိသည်။ တစ်ချိန်တည်းမှာပင် အင်ဒိုနီးရှား၏ F-16 တိုက်လေယာဉ်အဟောင်းများသည် စွမ်းဆောင်ရည်နိမ့်ပြီး အဆင့်မြင့်စွမ်းဆောင်ရည်ကန့်သတ်ချက်များရှိနေသည့်အပြင် ကျယ်ပြန့်သောလေကြောင်းရန်ကာကွယ်ရေး မဟာဗျူဟာအတွင်းသို့ ပေါင်းစပ်ဆောင်ရွက်သွားမှုသာလျှင် ထိရောက်မှုရှိမည်ဖြစ်သည်။

ဘဏ္ဍာရေးနှင့်နိုင်ငံရေးဆိုင်ရာ ကန့်သတ်ချက်များကြောင့် အင်ဒိုနီးရှားနိုင်ငံသည် ၎င်း၏ လေတပ်အဆင့်မြှင့်တင်ရေးအတွက် တောင်ကိုရီးယားနှင့်ပူးတွဲတိုက်လေယာဉ်ဒီဇိုင်းရေးဆွဲခြင်း၊ အင်ဒိုနီးရှားနိုင်ငံထံမှ အသုံးပြုပြီး တိုက်လေယာဉ်များဝယ်ယူခြင်း၊ ဂျပန်နိုင်ငံကိုအသုံးပြုပြီး ဂျက်အင်ဂျင်များရရှိနိုင်မည့် အရင်းအမြစ်အဖြစ် စဉ်းစားခြင်းနှင့် ပြင်သစ်ထံမှ အသစ်တည်ဆောက်ထားသောတိုက်လေယာဉ်များ ဝယ်ယူခြင်းကဲ့သို့သော နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံသည် ငွေပေးချေရန်နောက်ကျသော်လည်း တောင်ကိုရီးယား၏ KF-21 Boramae အဆင့်မြင့်ဂျက်တိုက်လေယာဉ်အစီအစဉ်ကို ပူးပေါင်းဆောင်ရွက်သွားရန် အခိုင်အမာဆုံးဖြတ်ထားရှိသည်။ အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၃ ခုနှစ် ဇွန်လထိ ကုန်ကျစရိတ် ၂၀ ရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်သော်လည်း ၂၀၂၄-၂၀၂၆ ကာလအတွင်း ပေးဆောင်သွားမည့်အစီအစဉ်ကိုပင် ထုတ်ပြန်နိုင်ခြင်း မရှိသေးပေ။

တောင်ကိုရီးယားကာကွယ်ရေးပစ္စည်းဝယ်ယူရေးအုပ်ချုပ်မှုအဖွဲ့ (DAPA)သည် ငွေပေးချေရေးနှင့်စပ်လျဉ်း၍ အင်ဒိုနီးရှားနိုင်ငံနှင့် ဆွေးနွေးလျက်ရှိပြီး အင်ဒိုနီးရှားနိုင်ငံသည် IDAF ခေတ်မီအဆင့်မြှင့်တင်ရေး ကြိုးပမ်းမှုတစ်စိတ်တစ်ဒေသအနေဖြင့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၂ ဘီလီယံကုန်ကျမည့်စီမံကိန်းတွင် ၂၀ရာခိုင်နှုန်းပေးချေသွားရန် သဘောတူညီထားရှိသည်။

အင်ဒိုနီးရှားနိုင်ငံသည် ဘက်စုံသုံးတိုက်လေယာဉ်များ မဝယ်ယူနိုင်သေးသည့်အချိန်ထိ လေကြောင်းရန်ကာကွယ်ရေးလိုအပ်ချက်များ ဖြည့်ဆည်းရန် သက်တမ်းရင့် Qatari Mirage 2000-5 ဂျက်တိုက်လေယာဉ်အုပ်ကိုဝယ်ယူထားရှိသည်။ Mirage လေယာဉ်များကို Northrop F5s လေယာဉ်များနေရာတွင် အစားထိုးအသုံးပြုသွားမည်ဖြစ်ပြီး ပြင်သစ်မှ Dassault Rafale ဂျက်တိုက်လေယာဉ်အသစ်များ မရောက်ရှိသေးမီကာလအတွင်း လေ့ကျင့်ရေးလေယာဉ်များအဖြစ် အသုံးပြုသွားမည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် F-16 တိုက်လေယာဉ်များကို စွမ်းအားဖြည့်နိုင်ရေးအတွက် ဂျပန်နိုင်ငံမှ F-15 အင်ဂျင်များ ထပ်မံဝယ်ယူသွားရန် စဉ်းစားသုံးသပ်လျက်ရှိသည်။ နှစ်နိုင်ငံအစိုးရများသည် ကာကွယ်ရေးပစ္စည်းများနှင့်နည်းပညာများလွှဲပြောင်းပေးအပ်သွားရန် သဘောတူညီထားသဖြင့် F-15 အင်ဂျင်ဝယ်ယူရေးအတွက် အဆင်ပြေချောမွေ့စေခဲ့သည်။ ဂျပန်နိုင်ငံသည်၎င်း၏ F-15 တိုက်လေယာဉ်အဟောင်းအစင်း ၁၀၀ မှ Pratt & Whitney တာဘိုအင်ဂျင်အလုံး ၂၀၀ ကို ရောင်းချပေးသွားနိုင်မည်ဖြစ်သည်။ ၎င်းအင်ဂျင်များသည် F-15 နှင့် F-16 တိုက်လေယာဉ်များအသုံးပြုနေသည့် နိုင်ငံများအတွက် တန်ဖိုးရှိသောအရင်းအမြစ်များပင်ဖြစ်သည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံသည် တိုက်လေယာဉ်အသစ်များဝယ်ယူရရှိရေးအတွက် ပြင်သစ်နိုင်ငံကို ချဉ်းကပ်ဆောင်ရွက်လျက်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံသည် ပြင်သစ်ထုတ် Rafale တိုက်လေယာဉ် ၄၂ စင်း ဝယ်ယူရရှိရေးအတွက် သဘောတူညီချက်တစ်စောင် လက်မှတ်ရေးထိုးထားရှိသဖြင့် ၎င်းတိုက်လေယာဉ် ဝယ်ယူရရှိသည့် ပထမဆုံးနိုင်ငံအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။ ကနဦး ခြောက်စင်းမှာယူထားရှိပြီး ၃၆ စင်းကို ထပ်မံလွှဲပြောင်းပေးအပ်သွားမည်ဖြစ်သည့်အပြင် ခဲယမ်းနှင့်ဆင်မြူလေတာများလည်း ပါဝင်မည်ဖြစ်သည်။ အင်ဒိုနီးရှား၏ Rafale တိုက်လေယာဉ်များဝယ်ယူမှုကို တုံ့ပြန်သောအားဖြင့် အမေရိကန်သည် F-15EX တိုက်လေယာဉ် ၃၆ စင်း ရောင်းချပေးရန် အတည်ပြုပေးခဲ့သည်။ ထို့ကြောင့် အင်ဒိုနီးရှားနိုင်ငံသည် ရှိရင်းစွဲ F-16 တိုက်လေယာဉ်များ၏ စွမ်းဆောင်ရည်ကို အားဖြည့်ပေးနိုင်မည်ဖြစ်သည်။

ကမ္ဘာ့အင်အားကြီးနိုင်ငံများထံမှ မဟာဗျူဟာမြောက် ဝယ်ယူမှုပါဝင်သော အင်ဒိုနီးရှားနိုင်ငံ၏ ဘက်စုံတိုက်လေယာဉ်များ ဝယ်ယူသည့်အစီအစဉ်သည် ၎င်း၏ လွတ်လပ်ပြီးတက်ကြွသောနိုင်ငံခြားရေးမူဝါဒကို ထိန်းသိမ်းသည့် ခိုင်မာသောဆုံးဖြတ်ချက်နှင့် မဟာဗျူဟာမြောက်မိတ်ဖက်နိုင်ငံတစ်နိုင်ငံအပေါ် အလွန်အမင်းမှီခိုမှုကိုလည်း ရှောင်ရှားလျက်ရှိကြောင်း သက်သေပြသလျက်ရှိသည်။ မည်သို့ပင်ဆိုစေ တိုက်လေယာဉ်များ၏ အပြန်အလှန်ချိတ်ဆက်နေသော စွမ်းဆောင်ရည်များအပေါ် စိုးရိမ်ပူပန်မှုများနှင့်ဘဏ္ဍာရေးဆိုင်ရာအခက်အခဲများသည် အင်ဒိုနီးရှားနိုင်ငံ၏ ကာလရှည်ကြာရပ်တည်နိုင်စွမ်းနှင့်စပ်လျဉ်း၍ မေးခွန်းများထွက်ပေါ်လျက်ရှိသည်။

❖ အင်ဒိုနီးရှား၏ Rafale တိုက်လေယာဉ်များဝယ်ယူမှုကို တုံ့ပြန်သောအားဖြင့် အမေရိကန်သည် F-15EX တိုက်လေယာဉ် ၃၆ စင်းရောင်းချပေးရန် အတည်ပြုပေးခဲ့သည်။ ထို့ကြောင့် အင်ဒိုနီးရှားနိုင်ငံသည် ရှိရင်းစွဲ F-16 တိုက်လေယာဉ်များ၏ စွမ်းဆောင်ရည်ကို အားဖြည့်ပေးနိုင်မည်ဖြစ်သည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံများထံမှ မဟာဗျူဟာမြောက် ဝယ်ယူမှုပါဝင်သော အင်ဒိုနီးရှားနိုင်ငံ၏ ဘက်စုံတိုက်လေယာဉ်များ ဝယ်ယူသည့်အစီအစဉ်သည် ၎င်း၏ လွတ်လပ်ပြီးတက်ကြွသောနိုင်ငံခြားရေးမူဝါဒကို ထိန်းသိမ်းသည့် ခိုင်မာသောဆုံးဖြတ်ချက်နှင့် မဟာဗျူဟာမြောက်မိတ်ဖက်နိုင်ငံတစ်နိုင်ငံအပေါ် အလွန်အမင်းမှီခိုမှုကိုလည်း ရှောင်ရှားလျက်ရှိကြောင်း သက်သေပြသလျက်ရှိသည်။ ❖

**ကိုးကား**

- **Indonesia picks the F-15EX to push back on Chinaby Asia times.**

**မောင်စိန်အိ (နဘဲမြေ)**

# ပန်းတနော်မြို့နယ်တွင် ငါးခေါင်းပွ ၁၀ ပိဿာလျှင် ငွေကျပ် ၉၅၀၀၀ ထိ ဈေးကောင်းရရှိလာ



**ပန်းတနော် ဩဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်တွင် ငါးခေါင်းပွ ၁၀ ပိဿာလျှင်ငွေကျပ် ၉၅၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ခင်ခင်အေးက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်တွင် ပြီးခဲ့သည့် ဇွန်လနှင့် ဇူလိုင်လက ငါးခေါင်းပွ ၁၀ ပိဿာလျှင် ငွေကျပ် ၇၀၀၀၀ သာ ဈေးရှိခဲ့ပြီး ဩဂုတ် ၁ ရက်မှ ယနေ့ထိ ငါးခေါင်းပွ ၁၀ ပိဿာလျှင် ငွေကျပ် ၉၅၀၀၀ ထိ ဈေးကောင်း ရရှိလာကြောင်း၊ ပန်းတနော်မြို့နယ် ဒေသထွက် ငါးခေါင်းပွများကို ရန်ကုန်မြို့က ဝယ်ယူမှု များပြားသဖြင့် ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဘက်ကနေ ငါးခေါင်းပွတွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေတာပါ။ အခုလ ပထမပတ်လောက်ကနေစပြီး ငါးခေါင်းပွ ဈေးထပ်ကောင်းလာတာပါ။ ပြည်တွင်းမှာကို ငါးခေါင်းပွက ဝယ်လိုအား များနေလို့ ဈေးကောင်းရရှိနေတာပါ။ ပြီးခဲ့တဲ့လတွေကထက် ဒီလမှာ ငါးခေါင်းပွ ၁၀ ပိဿာကို ငွေကျပ် ၂၅၀၀၀ ထိ ဈေးပိုရနေပါတယ်။ ဈေးကောင်းလဲရ၊ ဝယ်လိုအားလဲများနေတော့ ငါးလုပ်ငန်းရဲ့ နယ်ပယ်အသီးသီးက လူတွေ အဆင်ပြေနေပါတယ်"ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး လုပ်ငန်းရှင် ဒေါ်ခင်ခင်အေးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ထွက်ရှိသည့် ငါးခေါင်းပွများကို ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်နှင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ထိုသို့ ငါးများ နေ့စဉ်တင်ပို့ရောင်းချနေရသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ကုန်သည်များ၊ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သံတောင်ကြီးမြို့နယ်၌ VDP စီမံကိန်း ရေးဆွဲနည်းနှင့် AVIP သင်တန်းဖွင့်လှစ်

**သံတောင်ကြီး ဩဂုတ် ၃၀**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီမံကိန်းကော်မတီဝင်များ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရေးဆွဲနည်းနှင့် ရန်ပုံငွေသုံးစွဲရေးအစီအစဉ် (AVIP) သင်တန်းကို ယနေ့တွင် အဆိုပါဦးစီးဌာနရုံးခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဗိုလ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနိုင်မင်းဆွေက စီမံကိန်းရေးဆွဲနည်းနှင့် ရန်ပုံငွေသုံးစွဲရေးအစီအစဉ် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများနှင့် စီမံကိန်း ကော်မတီဝင်များ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးက သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များ၊ လူထုဗဟိုပြုလူမှုစီးပွားဘဝ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်များ၊ ကျေးရွာ၏လူမှုဖွံ့ဖြိုးရေးအချက်အလက်များ စသည့် သင်ခန်းစာများကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါသင်တန်းသို့ သံတောင်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာ ခုနစ်ရွာမှ ကော်မတီဝင် ၂၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို ယနေ့မှ စက်တင်ဘာ ၃ ရက်ထိ ငါးရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ကိုသက်**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပဲပုပ် ၁၁၈၁ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၁၈၁ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၂၅၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင် စိုက်ပျိုးခဲ့ရာ ယခုအခါ လေရှီးမြို့နယ်တွင် ၁၅၄ ဧက၊ လဟယ်မြို့နယ်တွင် ၄၆၅ ဧက၊ ထန်ပါခွေမြို့တွင် ၁၀၅ ဧက၊ နန်းယွန်းမြို့နယ်တွင် ၁၅၅ ဧက၊ဒုံဟီးမြို့တွင် ၂၃၁ ဧက၊ ပန်ဆောင်မြို့တွင် ၇၁ ဧက စုစုပေါင်း ၁၁၈၁ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ပဲပုပ်ဧက ၁၂၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လက်ရှိအချိန်ထိတော့ ပဲပုပ်ဧက ၁၁၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ဒီလကုန်မှာ လျာထားချက်ကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပိုးမွှားကျရောက်မှု မရှိစေဖို့အတွက် အသိပညာပေးတာတွေလဲ ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။



ယခင်နှစ်က ပဲပုပ်စိုက်ခင်းကို တွေ့ရစဉ်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပဲပုပ်စိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် လေရှီးမြို့နယ်တွင် ၃၂၂ ဧက၊ လဟယ်မြို့နယ်တွင် ၃၄၉ ဧက၊ ထန်ပါခွေမြို့တွင် ၁၂၂ ဧက၊ နန်းယွန်းမြို့နယ်တွင် ၁၄၂ ဧက၊ ဒုံဟီးမြို့တွင် ၂၅၂ ဧက၊ ပန်ဆောင်မြို့တွင် ၇၁ ဧက စုစုပေါင်း ၁၂၅၈ ဧကတို့ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပဲပုပ် ၁၄၁၉ ဧက လျာထား၍ ၂၀၁၂ ခုနှစ် ဇွန်လမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ပဲပုပ် ၁၁၃၈ ဧကသာ စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

(၂၀၆)

# ပြင်ဦးလွင်မြို့နယ် ကျင်ဂနိုင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း စစ်ဆေး

**ပြင်ဦးလွင် ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျင်ဂနိုင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာညိုနှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ကျင်ဂနိုင်ကျေးရွာ၌ အနက်ပေ ၃၀၀၊ အကျယ် လေးလက်မရှိ စက်ရေတွင်း တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများအချိန်မီပြီးစီးရေးပိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကျင်ဂနိုင်ကျေးရွာတွင် စက်ရေတွင်းတူးဖော်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်း လုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၀၄၁ သန်းဖြင့် ဇူလိုင်လနောက်ဆုံးပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျင်ဂနိုင်ကျေးရွာရှိ ပြည်သူများ အပြင် ကျွဲ၊ နွားတိရစ္ဆာန်များအတွက်ပါ သန့်ရှင်းသော သောက်ရေ၊ သုံးရေများ ဖူလုံစွာ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာညိုက ပြောပြ၍ သိရသည်။

**အေးသူ**



# ပုဗ္ဗသီရိမြို့နယ် ညောင်ကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဩဂုတ် ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ညောင်ကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းချေးငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့ရေးဆောင်ရွက်ကြရန်မှာကြားသည်။

ညောင်ကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၂၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စတုတ္ထနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၈၁ ဦးကို ငွေကျပ် သိန်း ၂၂၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**သူသူ**

# ကမာကောင်များ၏သဘာဝနှင့် စားသုံးခြင်း

နှင်းအိ(ရာမညမြေ)

ကမာသည် အခွံနှစ်ခြမ်းရှိသော ရေနေခရုမျိုး ယောက်သွားကြီးတစ်မျိုးဖြစ်ပြီး ထိုအခွံနှစ်ခြမ်းကို ရှုန်းနိုင်၊ ကျုံ့နိုင်သော အကြောတစ်ခုက တစ်နေရာတွင် ပတ္တာသဖွယ် ဆိုင်းထားသည်။ ယေဘုယျအားဖြင့် အပေါ်ဘက်အခွံသည် ပြား၍ အောက်ဘက်အခွံသည် ခွက်ပြီး ထိုအခွက်ထဲ၌ ကမာ၏ ကိုယ်ခန္ဓာတည်ရှိသည်။ ကမာများသည် စားသုံးရန်သာမက ပုလဲရတနာပါ ထုတ်လုပ်ပေးသောကြောင့် တန်ဖိုးကြီးလှသည်။ ကမာများသည် အပူပိုင်းဇုန်နှင့် သမပိုင်းဇုန်ရှိ ပင်လယ်ကမ်းခြေတစ်လျှောက် ရေတိမ်ရာအရပ်များတွင် နေထိုင်ကြသည်။ အေးလွန်းသော ဝင်ရိုးစွန်းဒေသရှိ ပင်လယ်ကမ်းခြေများတွင် ကမာကို မတွေ့ရချေ။ လူသားတို့လှပစွာဝတ်ဆင်လေ့ရှိသော ပုလဲရတနာကို ကမာကောင်လေးများ၏ ခန္ဓာကိုယ်မှ ထုတ်လုပ်ပေးလျက်ရှိသည်။ နှစ်လိုဖွယ်ကောင်းသော ပုလဲကိုပင်လယ်၌ရှိသော ကမာကောင်(Oyster)၏ ကိုယ်တွင်းမှ ရရှိကြသည်။ ကမာအမျိုးအစားပေါင်း ၈၀၀၀ ခန့်ရှိသည့်အနက် အမျိုး ၂၀ ခန့်သာ ပုလဲထွက်ရှိသည်။ ရေချိုတွင်ရှင်သန်ပြီး ပုလဲထုတ်လုပ်နိုင်သည့် ကမာမျိုးကို ခုံးကောင်(Clam)ဟုခေါ်ပြီး ရေငန်တွင် ရှင်သန်ပေါက်ဖွားသော ကမာမျိုးကိုမူ မုတ်ကောင်(Oyster)ဟုခေါ်ကြသည်။ သဘာဝပုလဲနှင့် မွေးပုလဲဟူ၍ရှိရာ သဘာဝပုလဲသည် မုတ်ကောင်၏ခန္ဓာကိုယ်အတွင်း၌ ဖြစ်ပေါ်သည်။

သဘာဝပုလဲဖြစ်ပေါ်လာပုံမှာ ကမာ၊ ခုံးစသည့် အခွံမာရေသတ္တဝါ၏ကိုယ်တွင်းသို့ သဲပွင့်တစ်ပွင့်ဖြစ်စေ၊ ရေပိုးမွှားဖြစ်စေ၊ အခြားသေးငယ်သော အရာဝတ္ထုဖြစ်စေ ဝင်ရောက်လာပါက ကမာကောင်လေးများ၏ နူးညံ့သောအတွင်းသားသည် လူတို့၏ မျက်စိတွင်းသို့ ပိုးမွှားဝင်သကဲ့သို့ ယားယံသလိုဖြစ်ကာ အခံရဆိုးလာသည်။ ထိုအခါ ကမာ၏နူးညံ့သော ကိုယ်တွင်းမှ နွားနို့ရည်ကဲ့သို့ ဖြူဆွတ်ကြည်လင်သော အရည်များကို အကြိမ်ကြိမ်ညှစ်ထုတ်၍ ယားယံစေသော အရာဝတ္ထုများကို ဖယ်ရှားရန် ကြိုးစားကြသည်။ ဖယ်ရှား၍ မရနိုင်သောအခါ ထိုအရာဝတ္ထုငယ်ကို အရည်ကြည်များဖြင့် အထပ်ထပ်ဖုံးအုပ်လေသည်။ ထိုသို့ဖုံးအုပ်ထားရာမှ ကာလကြာမြင့်သောအခါ အရည်ကြည်များသည် ပင်လယ်ရေဓာတ်ဖြင့် မာ၍ခဲလာကာ နောက်ဆုံး၌'ပုလဲ'အဖြစ်သို့ရောက်ရှိလာသည်။ မွေးပုလဲဆိုသည်မှာ သဘာဝပုလဲဖြစ်ပေါ်မှုဖြစ်စဉ်ကို လူတို့က ပြုပြင်ဖန်တီးထားခြင်းဖြစ်သည်။ မွေးပုလဲသည် ကမာများကိုဖမ်း၍ ပုလဲရစေရန်ပြုလုပ်ပြီး ပင်လယ်ထဲ၌ပြန်၍ချကာ မွေးမြူထားကြသည်။ ထိုကမာကောင်မှရသောပုလဲကို မွေးပုလဲဟုခေါ်သည်။

ကမာကို လိင်အားဖြင့် နှစ်မျိုးနှစ်စား ခွဲခြားနိုင်သည်။ ပထမတစ်မျိုးမှာ အဖိုနှင့်အမ တစ်လှည့်စီဖြစ်သွားသောအမျိုးအစားဖြစ်ပြီး ထိုအမျိုးတွင် ဥရောပ၊ ပစိဖိတ်၊ ဂျပန်နှင့် ဩစတြေးလျ ကမာမျိုးတို့ပါဝင်၏။ ၎င်းကမာမျိုးတို့သည် ယေဘုယျအားဖြင့် ရှေးဦးစွာအဖိုဖြစ်တတ်ရာမှ နောင်သော် တစ်နှစ်ပြီးတစ်နှစ် အဖိုနှင့်အမ တစ်လှည့်စီဖြစ်သွားတတ်သည်။ အချို့မှာ တစ်နှစ်အတွင်း သုံးကြိမ်မျှ လိင်ပြောင်းလဲတတ်သည်လည်းရှိ၏။ နောက်တစ်မျိုးမှာ ပထမပေါက်ဖွားချိန်တွင် အများအားဖြင့် အဖိုများဖြစ်ကြရာမှ နောက်ပေါက်ဖွားချိန် လွန်မြောက်သောအခါ အဖိုဘဝမှ အချို့လိင်ပြောင်းကာ အမဘဝသို့ ကူးပြောင်းသွားတတ်သည့်အမျိုးအစားဖြစ်လေသည်။ ဤအမျိုးအစားတွင် အမေရိကန် ကမာတစ်မျိုး၊ ဩစတြေးလျ ကမာတစ်မျိုးနှင့် ဂျပန်မှ ကမာကြီးမျိုးတို့ပါဝင်ကြ၏။

ပေါက်ဖွားကြီးပြင်းပုံကိုလိုက်၍လည်း ကမာကို နှစ်မျိုးနှစ်စားခွဲခြားနိုင်ပြန်သည်။ တစ်မျိုးတွင် ဥနှင့်တကွ ဥမှပေါက်ခါစ သားငယ်များကို မိခင်ကမာ၏ အခွံအတွင်း၌ အတန်ကြာအောင် ထိန်းထားပြီးမှ သားငယ်များကို ရေ၌လွှတ်၍ ကြီးပြင်းစေသည်။ အခြားတစ်မျိုးမှာမူ ဥများကို ရေထဲ၌ တိုက်ရိုက်အုချသောအမျိုးဖြစ်သည်။



ဥမှပေါက်ခါစ သားငယ်များတွင် အခွံမာပါမလာချေ။ သားငယ်တို့သည် ဥမှပေါက်ပြီးနောက် နာရီအနည်းငယ်အတွင်း၌ ဟိုဟိုသည်သည် ကူးခပ်ပြီးသော် ထိုနေ့မှာပင် ကိုယ်ပေါ်၌ နှစ်ခြမ်းစပ်အခွံမာဖြစ်ပေါ်လာသည်။ ထိုအချိန်တွင် ဒီရေကြောင့်ဖြစ်စေ၊ ပင်လယ်ရေကြောင်းကြောင့်ဖြစ်စေ ကမာပေါက်ကလေးတို့သည် တစ်ခါတစ်ရံ ခရီးဝေးသို့ ပါသွားတတ်ကြသည်။ သို့သော် အများအားဖြင့် ရေအောက်ရှိ အခြားသတ္တဝါများ အစားခံရ၍သော်လည်းကောင်း၊ နှံ့နှစ်၍ သေဆုံးခြင်းကြောင့်သော်လည်းကောင်း အနည်းငယ်သာ အသက်ရှင်ကျန်ရစ်လေ့ရှိသည်။ အသက်ရှင်ကျန်နေခဲ့သော ကမာတချို့သည် ရက်သတ္တပတ်အနည်းငယ်ကြာသောအခါ ရေအောက်ရှိ ကျောက်ဆောင်ကျောက်တုံး စသည်တို့၌ ထာဝစဉ်တွယ်ကပ်ကြတော့၏။ ထိုသို့ တွယ်ကပ်ပြီးနောက် မကြာမီ ပင်လယ်ထဲ၌ ကူးခပ်သွားလာနိုင်သော အင်္ဂါအစိတ်အပိုင်းများနှင့် ခြေထောက်များလည်း ပျောက်ကွယ်သွားလေသည်။ ကမာတစ်ကောင်သည် ပေါက်ဖွားချိန်တစ်ချိန်အတွင်း၌ အကောင်ကလေးများကို သိန်း၊ သန်းချီ၍ပေါက်ဖွားနိုင်သည်။ အရွယ်ကြီးသောအမျိုးဖြစ်က ပိုမိုများပြားစွာပေါက်ဖွားနိုင်ပြီး ကမာကောင်ငယ်တို့သည် နွေးသောဒေသများ၌ ပို၍လျင်မြန်စွာ ကြီးပြင်းလွယ်လေသည်။

ကမာတို့၏အစာမှာ ရေအောက်ရှိ မျက်စိဖြင့် မမြင်နိုင်လောက်အောင် သေးငယ်သည့်အပင်နှင့် ရေပိုးရေမွှားများဖြစ်ကြ၍ ပတ်ဝန်းကျင် ရေနွေးလျက်ရှိချိန်တွင် အစာကိုအများဆုံးစားနိုင်ကြသည်။ ဆောင်းရာသီ၌ ရေ၏အပူချိန်အလွန်လျော့သွားသောအခါ အချို့မှာ အစာအစားရပ်၍ မလှုပ်မယှက် ဆောင်းအောင်းသွားတတ်ကြသည်။ ကမာတို့၏အစာတွင် အာဟာရဖြစ်စေတတ်သော သံဓာတ်နှင့် ကြေးနီဓာတ် မြောက်မြားစွာပါဝင်၏။ ထို့ကြောင့်လည်း သွေးအားနည်းသူများအား ကမာကောင်များကို ကျွေးခြင်းဖြစ်သည်။ ကမာတို့၏ ကြီးထွားမှုသည် အဓိကအားဖြင့် မိမိတို့နေထိုင်ရာ ရေ၏အပူချိန်၊ အစာအနည်းအများနှင့် ရာသီဥတုတို့အပေါ်တွင် မူတည်သည်။ အများအားဖြင့် နွေးသောဒေသများတွင် ကြီးလွယ်ကြ၏။ ကမာကောင်တို့၏အရွယ်မှာ အမျိုးကိုလိုက်၍ နှစ်နှစ်၊ သုံးနှစ်အတွင်း တစ်လက်မခွဲမှ ငါးလက်မအရွယ်ခန့်ထိရှိသည်။ ဖမ်းဆီးစားသောက်ခြင်းမပြုဘဲထားလျှင် ထိုထက်ကြီးထွားနိုင်၍ အမေရိကန်ကမာမျိုးထဲ၌ ၁၄ လက်မထိ ကြီးထွားသည်။ ကမာတို့၏သက်တမ်းကိုလည်း အတိအကျမပြောနိုင်ပေ။ သို့သော် အမေရိကန်ကမာမျိုးထဲ၌ ၂၅ နှစ်ကျော်အသက်ရှင်ဆဲဖြစ်သော ကမာများကို တွေ့ရသည်။ ကမာတို့တွင် အသက်ရှင်နေသမျှကာလပတ်လုံး ရန်သူပေါင်းများစွာနှင့် အမြဲတွေ့ကြုံနေကြရသည်။ အခွံမာမဖုံးမီ ရေထဲ၌ ကူးခပ်သွားလာနေဆဲ သားငယ်ဘဝတွင်သာ ရန်သူရှိသည်မဟုတ်၊ အခွံမာဖုံးပြီးနောက် ကြီးပြင်းသည့်အရွယ်တွင်လည်း ရန်သူများရှိသည်။ သားငယ်ဘဝတွင် ငါးနှင့်တကွ အခြားရေသတ္တဝါများအပြင် ကမာကြီးတို့၏ စားခြင်းကို ခံရ၏။ ကြီးပြင်းသည့်အရွယ်တွင်မူ အချို့ငါးမျိုးက ကမာခွံကိုသော်လည်းကောင်း၊ အချို့က အခွံကို ကိုက်ဖောက်၍ အသားကိုသော်လည်းကောင်း ကမာ၏အသားကို စားသောက်တတ်ကြ၏။ ထိုသို့အစားခံရသဖြင့် တစ်နှစ်ထက်တစ်နှစ် ရောင်းဝယ်ဖောက်ကားနိုင်သည့် ကမာပေါင်းများစွာဆုံးရှုံးသည်။

ကမ္ဘာအရပ်ရပ်၌ ငွေအား၊ လူအားဖြင့် ကမာလုပ်ငန်းကို အကြီးအကျယ်ပြုလုပ်နေကြရာတွင် ပုလဲရရှိရေးထက် လူတို့စားသုံးရန် ဟင်းလျာအတွက် ပြုလုပ်ခြင်းကပို၍များပြားသည်။ ကမာလုပ်ငန်းကို နိုင်ငံပေါင်း ၃၀ ကျော်တွင် လုပ်ကိုင်လျက်ရှိသည့်အနက် အမေရိကန်နိုင်ငံ၊ ပြင်သစ်၊ ဟော်လန်၊ ဗြိတိသျှကျွန်းစု၊ ဩစတြေးလျ၊ ဒိန်းမတ်၊ ဂျပန်၊ နယူးဇီလန်၊ ကနေဒါနှင့် မက္ကဆီကိုတို့မှာ အကြီးကျယ်ဆုံးဖြစ်၍ အများဆုံးထွက်သောနိုင်ငံမှာ အမေရိကန်နိုင်ငံဖြစ်သည်။ တစ်နှစ်တွင် ကမ္ဘာ့တစ်ဝန်းမှာ ကမာပေါင်ချိန် ၁၂ ကုဋေမျှထွက်၍ အမေရိကန်နိုင်ငံ တစ်နိုင်ငံတည်းမှထွက်သည့် ပေါင်ချိန်မှာ ၁၀ ကုဋေကျော်သည်။ ကမာလုပ်ငန်းကို အကြီးအကျယ်လုပ်ကိုင်သည့်နိုင်ငံများမှာပင် ကမာကောင်များကို စနစ်တကျမွေးမြူကြသည်။ ဤသို့ မွေးမြူရာတွင် အဓိကအားဖြင့် လေးဆင့်ရှိ၍ ထိုအဆင့် လေးဆင့်မှာ ကမာများပေါက်ဖွားနေထိုင်ရန် အောက်ခံမြေကို မာကျောစေရန်အပြင် အမှိုက်သရိုက်နှင့် ရန်သူများကင်းရှင်းစေရန် ပြုပြင်စီမံပေးရခြင်း၊ ကမာကောင်များစွဲကပ်ရန် သန့်ရှင်းသောကမာခွံများ ကျောက်တုံးများ သစ်ခက်များကိုချပေးရခြင်း၊ ကြီးပြင်းလွယ်အောင် ပြုပြင်ထားသော နေရာသစ်သို့ပြောင်းရွှေ့ပေးရခြင်းနှင့် ဖွံ့ဖြိုး၍ရောင်းပန်းလှအောင် ပြုစုပေးရခြင်းတို့ဖြစ်သည်။ ကမာမွေးမြူသည့်လုပ်ငန်းကို ယခုမှ မဟုတ်၊ ရှေးပဝေသဏီကပင် စတင်ခဲ့ကြသည်။ တရုတ်နိုင်ငံ၌ အလွန်ရှေးကျသောအချိန်ကတည်းက ကမာမွေးမြူရေးလုပ်ငန်းထွန်းကားခဲ့၏။ အီတလီနိုင်ငံ၌ ဘီစီ ၁၀၀ ခန့်တွင်စတင်ခဲ့ကြသည်ဟု လေ့လာသိရှိရသည်။ ကမာကို ဟင်းအဖြစ်သာမက ကျန်းမာရေးအတွက်ပါ စားသုံးကြသည်။

ယနေ့ခေတ်တွင် ကမာစားသုံးမှုသည် သိသိသာသာမြင့်တက်လာခဲ့သည်။ ပင်လယ်စာများတွင် ကမာသည် မွေးမြူ၍ရသော ရေနေသတ္တဝါဖြစ်ပြီး အခွံပါခြင်းကြောင့် သူ့အရသာမှာ အံ့ဩဖွယ်ဖြစ်နေသည်။ ကမာတွင် ဇင့်ဓာတ်ပါဝင်မှုမြင့်မားပြီး သံဓာတ်၊ ကြေးနီဓာတ်နှင့် ဗီတာမင် B-12 အဓိကပါဝင်သည်။ ထို့ပြင် ကျန်းမာရေးအကျိုးပြုဓာတ်များဖြစ်သော အိုင်အိုဒင်း၊ ပရိုတင်း၊ ကာဗိုဟိုက်ဒရိတ်၊ ဖော့စဖရတ်နှင့် ကယ်လ်စီယမ်များအပြင် အရေးကြီးသောဗီတာမင်များလည်းပါဝင်သည်။ အသားနူးညံ့လှသော ကမာကောင်ကို ကင်စား၊ ပေါင်းစား၊ ကြော်စားကြသည်သာမက ဟင်းအနေဖြင့် ပြင်ဆင်ချက်ပြုတ်စားသုံးနိုင်သည့်အပြင် စားမြိန်စာအနေဖြင့်ဖြစ်စေ၊ သရေစာအနေဖြင့်ဖြစ်စေ စားသုံးနိုင်သည်။ ကမာကောင် ၁၀၀ ဂရမ်တွင် Omega-3 ၄၃၅ မီလီဂရမ်ပါဝင်သည်။

ကျန်းမာရေးအကျိုးပြုဓာတ်များ များပြားစွာပါဝင်သော ကမာကောင်များကို စားသုံးခြင်းဖြင့်-

၁။ ကြွက်သားကြီးထွားမှုကိုအထောက်အကူပြုခြင်း၊
၂။ သံဓာတ်အရင်းအမြစ် ကြွယ်ဝခြင်း၊
၃။ ကိုယ်ခံစွမ်းအားကို တိုးမြှင့်ပေးနိုင်ခြင်း၊
၄။ အမြင်အာရုံကိုတိုးမြှင့်ပေးနိုင်ခြင်း၊
၅။ အဆီပါဝင်မှုနည်းပါးခြင်းကြောင့် ကိုယ်အလေးချိန် လျော့ကျစေနိုင်ခြင်း၊
၆။ အနာရောဂါများကို သက်သာစေနိုင်ခြင်း၊
၇။ အရိုးများကို သန်မာစေနိုင်ခြင်း၊
၈။ အမျိုးသားကျန်းမာရေးအတွက် အထောက်အကူပြုခြင်းတို့ ရရှိနိုင်မည်ဖြစ်သည်။

ကမာတို့သည် ရေအောက်၌နေစဉ် ၎င်းတို့၏ အတွင်းသား၌ လူတို့အား ရောဂါဖြစ်စေနိုင်သည့် ဗက်တီးရီးယားများစွဲကပ်ပါလာတတ်ရာ ထိုကမာမျိုးကို စားသုံးမိသူများ ရောဂါရတတ်သည်။ ထို့ပြင် အစိမ်းမစားသင့်သော အစားအစာများတွင် ကမာလည်း ပါဝင်သည်။ အဘယ်ကြောင့်ဆိုသော် ကမာကောင်အစိမ်းမှ အသည်းရောင်အေပိုးကိုကူးစက်ပြန့်ပွားနိုင်သည်။ ထို့ကြောင့် ကမာကို ရောင်းကုန်ဟင်းလျာအဖြစ်နှင့် မွေးမြူရောင်းချသောနိုင်ငံတို့တွင် ကမာကောင်များနေထိုင်ရာရေမှ အစပြု၍ ကမာကောင်များကို အခွံမှခွာယူသည်ထိ ကျန်းမာရေးဌာနက အမြဲတစေ စမ်းသပ်စစ်ဆေးလျက်ရှိသည်။

ကမာကောင်တို့၏ ခန္ဓာကိုယ်မှ အဖိုးတန်ပုလဲရတနာကိုရရှိကြပြီး ကမာကောင်တို့၏ အသားမှာလည်း ကျန်းမာရေးအတွက် အကျိုးကျေးဇူးများပြားလှသည့်အပြင် အခွံကိုလည်း အလှဆင်ပစ္စည်းအဖြစ် အသုံးပြု၍ ရသောကြောင့် ကမာတစ်ကောင်လုံးသည် အသုံးဝင်လှသည်။ ထို့ကြောင့် အခွံနှစ်ခြမ်းရှိသော ကမာကောင်လေးများသည်လည်း လူ့အကျိုးပြုရေသတ္တဝါများတွင်ပါဝင်ပြီး ဈေးကွက်တွင်လည်း ရောင်းအားကောင်းသော ရေထွက်ကုန်များဖြစ်ကြကြောင်း ကမာကောင်တို့၏ သဘာဝနှင့်စားသုံးခြင်းဖြင့် ရရှိသည့်အကျိုးကျေးဇူးများကို ရေးသားဖော်ပြလိုက်ရပါသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်(၂၀၂၃)**
- **ပုံပြဆေးအဘိဓာန်**
- **ငါးလုပ်ငန်းစာစဉ်အတွဲ(၁)၊ အမှတ်(၃)**
- **Fish Base of Myanmar**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၃၀)နေ ဦးအေးကို (၁၂/စခန(နိုင်)၀၂၇၂၅၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် သမီးအရင်းဖြစ်သူ ဒေါ်အိနှင်းအေး(၁၂/စခန(နိုင်)၀၁၉၀၀၅) ကျွန်ုပ်မိတ်ဆွေနှင့် လိပ်စာတူတွင် နေထိုင်သူအား (၃-၅-၂၀၂၂)ရက်နေ့တွင် စာချုပ်အမှတ် (၇၀၀၀)ဖြင့် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာပေးအပ်ထားပါကြောင်းနှင့် ယခင်လွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာများအား အပြီးအပိုင်ရုပ်သိမ်းပြီးပါကြောင်း မြွက်ဟပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ၏ သမီးအရင်းဖြစ်သူ ဒေါ်အိနှင်းအေး မှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မျှ ကျွန်ုပ်မိတ်ဆွေကိုယ်စား ဆောင်ရွက်ခွင့်မရှိပါကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေနှင့် ဒေါ်အိနှင်းအေး မသိဘဲ ထိုသို့ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

ဦးတင်မောင်စိန် (LL.B)

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၈၂၆/၂၀၀၇)

အမှတ်(၂၃)၊ သီရိဈေးလမ်း၊ ဇဝနရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉၅၀၇၉၅၅၃


စာပေမြင့်မှ လူမျိုးတင့်မည်



လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။


၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇–၈၁၀၃၃၄၇၊
၀၆၇–၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm။
Website Address – http://www.accm.gov.mm

# ကျောင်းကုန်းမြို့နယ်တွင် ငရုတ်သီးစိမ်း ၁၀ ပိဿာလျှင် ငွေကျပ် ၇၅၀၀၀ ထိ ဈေးကောင်းရရှိနေ



**ကျောင်းကုန်း ဩဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ငရုတ်သီးစိမ်း ၁၀ ပိဿာလျှင် ငွေကျပ် ၇၅၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဦးက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ပြီးခဲ့သည့် ဇွန်လနှင့် ဇူလိုင်လက ငရုတ်သီးစိမ်း ၁၀ ပိဿာလျှင် ငွေကျပ် ၄၅၀၀၀ သာဈေးရှိခဲ့ပြီး ဩဂုတ် ၁ ရက်မှ ယနေ့ထိ ငရုတ်သီးစိမ်း ၁၀ ပိဿာလျှင် ငွေကျပ် ၇၅၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ အဆိုပါ ငရုတ်သီးစိမ်းဈေးကောင်းရရှိနေခြင်းသည် ဒေသထွက်ငရုတ်သီးစိမ်းများကို ရန်ကုန်မြို့က ဝယ်ယူမှု များပြားနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇွန်လနဲ့ဇူလိုင်လကထက် ဩဂုတ်လအတွင်း ငရုတ်သီးစိမ်းဈေးက တော်တော်ကောင်းလာတယ်၊ လက်ရှိ ဒေသထွက်ငရုတ်သီးစိမ်းတွေကို ရန်ကုန်ဘက်က ဝယ်ယူမှုများပြားနေလို့ အရောင်းအဝယ်ကောင်းပြီး ဈေးကောင်းနေတာပါ။ ဒီနှစ် ငရုတ်သီးစိမ်းဈေးကလဲ ကောင်းသလို အထွက်နှုန်းကလဲ ကောင်းပါတယ်။ ဒီနှစ်တော့ ငရုတ်စိုက်တောင်သူတွေ အဆင်ပြေကြပါတယ်။ လက်ရှိ ငရုတ်သီးစိမ်း ၁၀ ပိဿာကို ငွေကျပ် ၇၅၀၀၀ ထိ ဈေးကောင်းရနေတာပါ"ဟု ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဦးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲ၍ ငရုတ်ကိုစိုက်ပျိုးလုပ်ကိုင်လျက်ရှိပြီး တောင်သူတစ်ဦးလျှင် ငရုတ်တစ်ကေမှ ငါးကေထိ စိုက်ပျိုးကြကြောင်း၊ လက်ရှိ ငရုတ်သီးစိမ်းဈေးကောင်းရရှိနေခြင်းကြောင့် ငရုတ်စိုက်တောင်သူများ၊ လုပ်သားများ၊ ကုန်သည်များနှင့် ပွဲရုံလုပ်ငန်းရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း


ရန်သူမီးဘေး တားဆီးရေး မနေးဆောင်ရွက်ကြ


# တောင်တွင်းကြီးမြို့နယ် ညောင်နီပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကူစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ညောင်နီပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က ညောင်နီပင်ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ညောင်နီပင်ကျေးရွာ၌ ပထမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားအသေးစား၊ အလတ်စား၊ အငယ်စား စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နွဲ့ယဉ်

- ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များဆောင်ရွက်ပေးရန်မှာ အစိုးရ၏ တာဝန်ဖြစ်ပြီး လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်သည် တစ်ဦးချင်း၏ကြိုးစားအားထုတ်မှုဖြင့်သာ သက်ဆိုင်သည်ဖြစ်သဖြင့် အခြေခံလိုအပ်ချက်ဖြစ်သည့် ပညာရေးကို အားပေးဆောင်ရွက်ကြစေလို...
- ပညာရေးကို အားပေးမှသာလျှင် ဒေသနှင့် နိုင်ငံ၏ လူသားအရင်းအမြစ်များသည်လည်း ပေါ်ကြွယ်ဝလာမည်ဖြစ်...
- ထို့ကြောင့် တစ်ယောက်ချင်းမှစ၍ ပညာရေးကို အလေးထားအားပေးဆောင်ရွက်ကြစေလို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် မတ် ၇ ရက်တွင် ပြုလုပ်သော ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များကို တွေ့ဆုံဆွေးနွေးမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့ (ALP၊ DKBA၊ KNU/KNLA-PC၊ LDU၊ PNLO)တို့၏ ကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး



**နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့ (ALP၊ DKBA၊ KNU/KNLA-PC၊ LDU၊ PNLO)တို့၏ ကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးစဉ်။**

**နေပြည်တော် ဩဂုတ် ၃၀**

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCAလက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့ (ALP၊ DKBA၊ KNU / KNLA-PC၊ LDU၊ PNLO)တို့၏ ကိုယ်စားလှယ်အဖွဲ့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပပြုလုပ်သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မိဘပြည်သူများအား လေးစားစွာကြိုတင်အသိပေး

မြဝတီရုပ်မြင်သံကြားနှင့် သဇင် FMတို့အနေဖြင့် နည်းပညာပိုင်းဆိုင်ရာ၊ စက်မှုပိုင်းဆိုင်ရာ စစ်ဆေးပြုပြင်မှုများကို ၃၁-၈-၂၀၂၃ ရက်မှ ၃-၉-၂၀၂၃ ရက်ထိ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အဆိုပါစစ်ဆေးပြုပြင်နေစဉ်ကာလအတွင်း မြဝတီရုပ်မြင်သံကြားလိုင်းများနှင့် သဇင်FMအစီအစဉ်များဖမ်းယူကြည့်ရှုရာတွင် လိုင်းများထစ်ခြင်းနှင့် ခေတ္တပြတ်တောက်ခြင်းများဖြစ်ပေါ်လာနိုင်ကြောင်း မိဘပြည်သူများကို လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။


ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း



ငါး/ပုစွန် မြူပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)





ငါးမွေးမြူရေးလုပ်ငန်း(မအူပင်)



ငွေပင်လယ်ကြိုးတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း

ISO 9001:2015



နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com